# မြန်မာ့ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု လက်စွဲစာအုပ်




EUROPEAN COMMISSION
Humanitarian Aid

DFID Department for International Development

adpc

UNDP
Myanmar

## ဤလက်စွဲစာအုပ်သည်

ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက်
လေ့ကျင့်ထားသော ရပ်ရွာမှစေတနာ့ဝန်ထမ်းများ၊
ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးကို
လက်တွေ့ကျင့်သုံးဆောင်ရွက်သူများ၊
ကျွမ်းကျင်ပညာရှင်များအတွက် ရည်ရွယ်ပါသည်။

# ဥပဒေသာဒဥ်

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသဘာဝဘေးဆိုး ဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်သည် သဘာဝအန္တရာယ်တို့မှ လူတို့အားဒုက္ခ အကြီးမားဆုံးပေးနိုင်ကြောင်းကို ဖော်ပြနေပေသည်။ ထို့အပြင် ၎င်းအဖြစ်အပျက်သည် ဘေးအန္တရာယ်တို့အားကြိုတင် ကာကွယ်ရန်နှင့်ဘေးအန္တရာယ် ဖြစ်နိုင်သည့် အကြောင်းတရားတို့ကို လျှော့ချရန်အတွက် ကျေးရွာအဆင့်မှ စတင်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုမီးမောင်းထိုးပြနေပေသည်။

သမိုင်းအစဉ်အလာအရ မြန်မာနိုင်ငံတွင် မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှု၊ မိုးခေါင်မှု၊ ဆူနာမီ နှင့် မီးဘေးအန္တရာယ် တို့ကျရောက်နိုင်ချေရှိပေသည်။ နာဂစ်မုန်တိုင်း၏ သင်ခန်းစာကြောင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများလုပ်ဆောင်ရန် အခွင့်အလမ်းများပွင့်လာသည်။

မည်သည့်သဘာဝဘေးအန္တရာယ်တွင်မဆို ပထမဆုံးတုန့်ပြန်ဆောင်ရွက်သူများမှာပြည်သူ လူထုပင်ဖြစ်သည်။ ပြည်သူလူထုသည် သူတို့တတ်နိုင်သရွေ့နည်းလမ်းများဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပထမနာရီပိုင်း အတွင်းတုန့်ပြန်နိုင်ကြသည်။ ထို့ကြောင့် ပြည်သူလူထု အခြေပြု သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် မည်သည့်သဘာဝ ဘေးအန္တရာယ်လျှော့ချရေးစီမံကိန်းတွင်မဆို အဓိကအခန်းကဏ္ဍမှ ပါဝင်ပေသည်။ ပြည်သူလူထု သည် သူတို့နေထိုင်ရာဒေသ၏ ပထဝီအနေအထား၊ ဘေးကင်းရာရှောင်တိမ်းသည့်လမ်းကြောင်း၊ မိမိ၏ အားသာချက်၊ အားနည်းချက်တို့ကို သိရှိနားလည်ရန်လိုပေသည်။ သို့မှသာ ပြည်သူလူထု အနေဖြင့် သဘာဝဘေးအန္တရာယ်တို့ကို ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ပေမည်။ ထိုသို့ဖြစ်ပေါ် လာစေရန် ပြည်သူလူထုသည် သဘာဝဘေးအန္တရာယ်လျှော့ချ ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်၍ ဆုံးဖြတ်ချက်များချမှတ်ရန်လိုအပ်ပေသည်။

ဤသို့ဖြင့် ပြည်သူလူထု၏ သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့အား ရင်ဆိုင်နိုင်စွမ်းရည်ကို မြှင့်တင်ပေးရန် နှင့် ထိရောက်စွာဖြေရှင်းသည့် နည်းစနစ်များကိုသင်ကြားပေးရန် အလွန်လိုအပ်လှသည်။ ထိုလုပ်ငန်းစဉ်ကို လုပ်ဆောင်ရန်အတွက် ပြည်သူလူထု အခြေပြုဘေးအန္တရာယ် အကဲဖြတ်မှုများ၊ အရင်းအမြစ်ပြမြေပုံများ၊ ဆွေးနွေး တိုင်ပင်မှုဖြင့်ရလာသည့် ဘေးအန္တရာယ် ကာကွယ်ရေးစီမံကိန်းများနှင့် ပြည်သူလူထုအတွင်းရှိ အရင်းအမြစ်နှင့် အားသာချက်များကို ပြင်ဆင်ထားမှ သာအောင်မြင်မှုရနိုင်ပေသည်။

ကျွန်တော်အားရစွာဖြင့် ဖော်ပြလိုသည်မှာ ဤလက်စွဲစာအုပ်သည် လက်တွေ့လုပ်ငန်းစဉ်များပေါ် အခြေပြု၍ ပြည်သူလူထု၏ အကြံပြုချက်များဖြင့် ပြုစုထားခြင်းဖြစ်ပေသည်။ ကျွန်တော့်အနေဖြင့် ဤကဲ့သို့ပြည်သူလူထုအတွက် သဘာဝဘေး အန္တရာယ်တို့ကိုစနစ်တကျ ထိရောက်စွာတုန့်ပြန်နိုင်စေမည့် လက်စွဲစာအုပ်ဖြစ်ပေါ်လာစေရန် ပါဝင်ကူညီခဲ့ကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း အင်န်ဂျီအို၊ ပြည်ပအင်န်ဂျီအိုများနှင့် ဘေးအန္တရာယ် လျှော့ချရေးအလုပ်အမှုဆောင်အဖွဲ့တို့အား ကျေးဇူးတင်ရှိပါသည်။ ဤလက်စွဲစာအုပ်သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များအားထိရောက်စွာကာကွယ်နိုင်ရေးအတွက် ပြည်သူလူထု၏ အားနည်းချက်များကို လျှော့ပါးစေပြီး၊ အားသာချက်များကို မြှင့်တင်ပေးရန် အထောက်အပံ့ပြုပေသည်။

ဤလက်စွဲစာအုပ်သည် နယ်ပယ်အမျိုးမျိုးရှိ သဘာဝဘေးအန္တရာယ် လျှော့ချရေး တာဝန် ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ ပြည်သူလူထုများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအမျိုးမျိုး တို့အတွက် သဘာဝဘေးအန္တရာယ်ဒဏ်တို့ကို အောင်မြင်စွာ ရင်ဆိုင်နိုင်လာစေရန်နှင့် ဘေးအန္တရာယ်ကင်းလွတ်သည့် အနာဂတ်ကို တည်ဆောက်လာနိုင်စေရန် လမ်းညွှန်ပေးနိုင်လိမ့် မည်ဟုယုံကြည်မျှော်လင့်ပါသည်။


ဘီရှိုးဘီ၊ ပါရာဂျူလီ

Bishow B. Parajuli

ဌာနကိုယ်စားလှယ်

ယူအန်ဒီပီ (မြန်မာ)

# မာတိကာ

**အခန်း ၁**

## ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲရေး – မိတ်ဆက်နိဒါန်း


| | | |
|---|---|---|
| ၁–၁ | ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုသည်မှာ | ၁ |
| ၁–၂ | ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်ရန်အဘယ်ကြောင့်လိုအပ်သနည်း | ၁ |
| ၁–၃ | ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးကို မည်သို့ဆောင်ရွက်မည်နည်း | ၂ |
| ၁–၄ | CBDRM သည် မည်သူတို့နှင့် သက်ဆိုင်ပါသနည်း | ၃ |
| ၁–၅ | CBDRM လုပ်ငန်းစဉ်မှ ပေါ်ထွက်လာမည့်ရလဒ်များ | ၄ |
| ၁–၆ | လက်စွဲစာအုပ်၏ ရည်ရွယ်ချက် | ၅ |
| ၁–၇ | 'မြန်မာ့ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုလက်စွဲစာအုပ်' မိတ်ဆက် | ၅ |


**အခန်း ၂**

## လုပ်ငန်းအဆင့်(၁) – ရပ်ရွာရွေးချယ်ခြင်း


| | | |
|---|---|---|
| ၂–၁ | ရပ်ရွာရွေးချယ်ရန် ဘာကြောင့်လိုအပ်သလဲ | ၇ |
| ၂–၂ | ရပ်ရွာကို မည်သို့ ရွေးချယ်ရမည်နည်း | ၇ |


**အခန်း ၃**

## လုပ်ငန်းအဆင့်(၂) – ခင်မင်မှုတည်ဆောက်ခြင်းနှင့် ရပ်ရွာကိုနားလည် သဘောပေါက်ခြင်း


| | | |
|---|---|---|
| ၃–၁ | ခင်မင်မှုတည်ဆောက်ခြင်း အဘယ်ကြောင့် လိုအပ်ပါသနည်း | ၉ |
| ၃–၂ | ရပ်ရွာနှင့်ခင်မင်မှုကို မည်သို့ တည်ဆောက်မည်နည်း | ၉ |
| ၃–၃ | ရပ်ရွာအပေါ် နားလည်အောင် မည်သို့ ဆောင်ရွက်မည်နည်း | ၁၀ |


**အခန်း ၄**

## လုပ်ငန်းအဆင့်(၃) – ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ခြင်း (PDRA)


| | | |
|---|---|---|
| ၄–၁ | PDRA ၏အယူအဆ၊ သဘောတရား မူဘောင် | ၁၃ |
| ၄–၂ | PDRA ပုံစံ | ၁၅ |
| ၄–၃ | PDRA ကိုမည်သို့ဆောင်ရွက်မည်နည်း…အဆင့်ခွဲ၁မှ၃အထိနည်းလမ်းများ | ၂၂ |
| ၄–၄ | PDRA ကိုမည်သို့ဆောင်ရွက်မည်နည်း…အဆင့်ခွဲ၄မှ၅အထိနည်းလမ်းများ | ၃၄ |
| ၄–၅ | PDRA ကိုမည်သို့ဆောင်ရွက်မည်နည်း…အဆင့်ခွဲ၆နည်းလမ်းများ | ၃၆ |

၄–၆ CVA မှတဆင့်ကိုအသုံးပြု၍ အချက်အလက်စုစည်းခြင်း ၃၇
၄–၇ PDRA အတွက်ကြိုတင်ပြင်ဆင်ခြင်း ၃၉
၄–၈ ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ချက် အုပ်စုများ ၄၂

**အခန်း ၅**

**လုပ်ငန်းအဆင့်(၄) – ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲခြင်း**

၅–၁ ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းဆိုသည်မှာ ၄၇
၅–၂ ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းကို
မည်သို့ ဆောင်ရွက်မည်နည်း ၄၇
၅–၃ ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်းတွင် ပါဝင်သော
အကြောင်းအရာများ ၅၀

**အခန်း ၆**

**လုပ်ငန်းအဆင့်(၅) – ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအစုအဖွဲ့တည်ထောင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း**

၆–၁ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအစုအဖွဲ့တည်ထောင်ခြင်းနှင့်
လေ့ကျင့်သင်တန်းပေးခြင်းဆိုသည်မှာ ၅၂
၆–၂ DMC ဖွဲ့စည်းတည်ထောင်ခြင်း လုပ်ငန်းအဆင့်များ ၅၂
၆–၃ DMC ၏လုပ်ငန်းတာဝန်များ ၅၃
၆–၄ DMC ၏မူများ ၅၅
၆–၅ DMC နှင့် အဖွဲ့များ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း ၅၆

**အခန်း ၇**

**လုပ်ငန်းအဆင့်(၆) – ရပ်ရွာလူထုကိုယ်တိုင် စီမံခန့်ခွဲ၍အကောင်အထည်ဖော်ခြင်း**

၇–၁ အကောင်အထည်ဖော်ရေး လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစဉ်များ ၅၉
၇–၂ အရင်းအမြစ်နှီးဆော်ရာတွင် မည်သို့ ကူညီပံ့ပိုးမည်နည်း ... ၆၂
၇–၃ ပါဝင်ဆောင်ရွက်သောပြန်လည်သုံးသပ်ခြင်း လုပ်ဆောင်ပုံ ၆၄
၇–၄ လျာထားချက်များ သို့မဟုတ် စီမံချက်များကို ပြင်ဆင်ပုံ ၆၄

**အခန်း ၈**


**ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး၏ အဓိကအစိတ်အပိုင်းများ**

အဓိကအရေးပါသော CBDRM အစိတ်အပိုင်းများနှင့် သက်ဆိုင်ရာ ညွှန်ပြချက်များ ၆၇


**နောက်ဆက်တွဲများ**


၁ ပါဝင်ဆောင်ရွက်သောကျေးလက်ဒေသ၏အကဲဖြတ်ချက်(Participatory Rural Appraisal-PRA) ကို အကျဉ်းအားဖြင့် ခြုံငုံဖော်ပြခြင်း ၇၂

၂ ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးစီမံကိန်းတွင် ပါဝင်သည့် အကြောင်းအရာများ ၇၄

၃ ပါဝင်ဆောင်ရွက်သောစောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း Participatory Monitoring and Evaluation - PME ၇၆

၄ မြန်မာနိုင်ငံအတွက်ဘေးရန်များဖော်ပြချက် ၈၅

၅ အဓိပ္ပါယ်ဖော်ပြချက်များနှင့် အသုံးအနှုန်းများ ၉၁




# အခန်း (၁)

## ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး – မိတ်ဆက်နိဒါန်း

# အခန်း ၁

# ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး – မိတ်ဆက်နိဒါန်း



## ၁-၁ ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုသည်မှာ . . . .

*ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး (Community Based Disaster Risk Management - CBDRM) သည် ဘေးအန္တရာယ်ကြုံတွေ့ရနိုင်သော ရပ်ရွာလူထုအနေဖြင့် ဘေးအန္တရာယ်များကိုဖော်ထုတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းတို့တွင် တက်ကြွစွာပါဝင်ပြီး အန္တရာယ်ကျရောက်လွယ်မှု လျော့ပါးစေ၍ စွမ်းဆောင်ရည် မြှင့်တင်ပေးသော စီမံခန့်ခွဲသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။*

**ပုံ ၁ CBDRM သင်တန်းပေးနေစဉ်**




ဆိုလိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့တွင်လူထုသည်ဗဟိုအချက်အခြာနေရာမှပါဝင်ရန် ဖြစ်ပါသည်။ဘေးအန္တရာယ် ကျရောက်ခံရနိုင်သည့် အလားအလာအများဆုံးပုဂ္ဂိုလ်များမှ ပါဝင်ဆောင်ရွက်ရန်မှာ အလွန်အရေးပါသကဲ့သို့ ဘေးအန္တရာယ်ကျရောက်ခံရဖွယ် အနည်းဆုံးပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုကိုလည်း လိုအပ်ပါသည်။ နယ်မြေခံအာဏာပိုင်များနှင့် နိုင်ငံတော်မှလည်း CBDRM ကိုပံ့ပိုးမှုပေးရန် လိုအပ်ပါသည်။ (ADPC-CBDRM-11, 2003)



## ၁-၂ ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆောင်ရွက်ရန် အဘယ်ကြောင့် လိုအပ်နည်း. . . .

ရပ်ရွာလူထုသည် CBDRM လုပ်ငန်းစဉ်၏အချက်အချာအကျဆုံးဖြစ်ရာ ဒေသခံ ပြည်သူလူထုသည် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစပြုလုပ်ဆောင်ရန်နှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်စွမ်းဆောင်နိုင်မည့်သူများ ဖြစ်ပါသည်။

ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို ဆောင်ရွက်ရခြင်းမှာ-

- နယ်မြေဒေသဆိုင်ရာ အခြေအနေအရပ်ရပ်ကို ဒေသနေရပ်ရွာလူထုကသာ အနားလည်အကျွမ်းကျင်ဆုံးဖြစ်ပါသည်။
- ရပ်ရွာလူထုသည် ဘေးအန္တရာယ်ကို ဦးစွာ တုံ့ပြန်ဆောင်ရွက်သူများ ဖြစ်ပါသည်။

- CBDRM သည် ဒေသခံရပ်ရွာလူထုများသာမက ရပ်ရွာပြင်ပမှပုဂ္ဂိုလ် (အဖွဲ့အစည်း) များကိုပင်စွမ်းအားစုများချဲ့ထွင်ရန် စုစည်းစေနိုင်ပါသည်။
- ရပ်ရွာလူထုသည် ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်အတွက် အဓိကအရေးပါသူများဖြစ်သကဲ့သို့ ၎င်းလုပ်ငန်းစဉ်၏ အကျိုးကျေးဇူးကို ရယူခံစားရမည့်သူများဖြစ်သောကြောင့် CBDRMကို ဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့ရန် လိုအပ်ပါသည်။
- ပြည်သူလူထု၏ စွမ်းဆောင်ရည်နှင့် စွမ်းအားစုများကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ အန္တရာယ်ကျရောက်လွယ်မှုကို လျှော့ပါးစေရန် အလေးထား လုပ်ဆောင်သင့်ပါသည်။
- ရပ်ရွာအတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီ၊ အဖွဲ့တစ်ဖွဲ့စီတိုင်းတွင် မတူညီသော ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်တို့ရှိပါသည်။



## ၁-၃ ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးကိုမည်သို့ဆောင်ရွက်မည်နည်း ·

CBDRM လုပ်ငန်းစဉ်တွင် ရပ်ရွာ၏ ဘေးအန္တရာယ်ကြုံတွေ့နိုင်မှုကို ပြည့်စုံစွာ အကဲဖြတ် ခြင်း၊ ၎င်းတို့၏ အန္တရာယ်ကျရောက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာခြင်းတို့သည် ဘေးအန္တရာယ်များလျှော့ပါးစေရေးလုပ်ငန်းဆောင်ရွက်မှုများ၏ အခြေခံ ဖြစ်ပါသည်။

ပုံ ၂ CBDRM စီမံကိန်းရေးဆွဲရေးဆောင်ရွက်နေစဉ်



ရပ်ရွာသည် အကဲဖြတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သင့်ပါသည်။ ဤချဉ်းကပ်ပုံအတိုင်းဆောင်ရွက်ခြင်းဖြင့် ရပ်ရွာ၏ စစ်မှန်သော လိုအပ်ချက်များနှင့်အရင်းအမြစ်များကို ထည့်သွင်းစဉ်းစားနိုင်ပါမည်။ ဤလုပ်ငန်းစဉ်ကို ကျင့်သုံးခြင်းဖြင့် ပြဿနာများကို သင့်လျော်သော ကြားဝင်ဆောင်ရွက်မှုများပြုလုပ်၍ ဖြေရှင်းပေးနိုင်မည့် အလားအလာ ပိုမို များပြားပါသည်။

CBDRMလုပ်ငန်းစဉ်တွင် အဆင့်ဆင့် လုပ်ဆောင်ရမည့် လုပ်ငန်း (၆)ရပ် ပါဝင်ပါသည်။ ဘေးအန္တရာယ်မဖြစ်မီ ဆောင်ရွက်နိုင်သကဲ့သို့ ဘေးအန္တရာယ် ဖြစ်ပွားပြီးချိန်တွင်လည်း နောင်အခါဘေးအန္တရာယ်ကျရောက်မှုလျော့နည်းစေရန်ဆောင်ရွက်နိုင်ပါသည်။ လုပ်ငန်းအဆင့်တစ်ဆင့်စီမှာ ယခင်လုပ်ငန်းအဆင့်အပေါ်တွင် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပြီး နောက်ထပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သို့ ဦးတည်သွားပါသည်။ ယင်းလုပ်ငန်းစဉ်များအားလုံးကို

ပေါင်းစည်းလိုက်သောအခါ အစီအစဉ်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးစနစ်တစ်ရပ်ကို ရရှိပြီး အားကောင်းသော ဘေးအန္တရာယ်စီမံခန့်ခွဲရေး နည်းလမ်းကိရိယာတစ်ရပ် ဖြစ်လာနိုင်ပါမည်။

ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့်လုပ်ငန်းအဆင့် (၆)ရပ်ကို အောက်တွင် ဖော်ပြထားပါသည်-

- လုပ်ငန်းအဆင့်(၁) ရပ်ရွာရွေးချယ်ခြင်း
- လုပ်ငန်းအဆင့်(၂) ခင်မင်မှုတည်ဆောက်ခြင်းနှင့်ရပ်ရွာကိုနားလည်သဘောပေါက်ခြင်း
- လုပ်ငန်းအဆင့်(၃) ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ချက် (Participatory Disaster Risk Assessment - PDRA)
- လုပ်ငန်းအဆင့်(၄) ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်း။
- လုပ်ငန်းအဆင့်(၅) ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee-DMC) ဖွဲ့စည်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း
- လုပ်ငန်းအဆင့်(၆) ရပ်ရွာလူထုကိုယ်တိုင် စီမံခန့်ခွဲအကောင်အထည်ဖော်ခြင်း



## ၁-၄ CBDRM သည် မည်သူတို့နှင့်သက်ဆိုင်ပါသနည်း . . . .

ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းစဉ်တွင် အကျိုးစီးပွားပါဝင်ပတ်သက်သူအများအပြားရှိပါသည်။၎င်းတို့ကိုအကြမ်းအားဖြင့် အုပ်စု(၂)စုခွဲခြား နိုင်ပါသည်။ဒေသခံများနှင့် ပြင်ပမှပုဂ္ဂိုလ်များဖြစ်ပါသည်။ ဒေသခံများဟူသောဝေါဟာရမှာ ရပ်ရွာအတွင်းရှိလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်အကျိုးစီးပွား ပါဝင်ပတ်သက်သူများကိုဆိုလိုပါသည်။ပြင်ပမှပုဂ္ဂိုလ်များဆိုသည်မှာရပ်ရွာပြင်ပမှဖြစ်ပြီးရပ်ရွာ၏ အန္တရာယ်ကျရောက်လွယ်မှုကို လျော့နည်းကျဆင်းစေပြီး ဘေးအန္တရာယ်စီမံခန့်ခွဲရေး စွမ်းဆောင်ရည်မြင့်မားစေလိုသော အပိုင်းကဏ္ဍများ၊အဖွဲ့အစည်းများ ကို ဆိုလိုပါသည်။ ဒေသခံများအကြားတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (DMC) သည် ဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်ရန် ဆက်သွယ်ညှိနှိုင်းပေးသောအဖွဲ့ ဖြစ်ပါသည်။

**ပုံ၃ ရပ်ရွာမှ CBDRM တွင်ပါဝင်ပတ်သက်သူ (ပြင်ပမှ ပုဂ္ဂိုလ်များနှင့်ဒေသခံများ)**



DMCသည်အဖွဲ့ဝင်များ၊ကော်မတီများ၏အကူအညီဖြင့် ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံများ အကောင်အထည်ဖော်ရန် ကူညီပံ့ပိုးပေးပါသည်။ DMC မှတစ်ပါး ရပ်ရွာတွင်းရှိ လူပုဂ္ဂိုလ်၊ မိသားစု၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှုအားလုံးတို့သည် ဘေးအန္တရာယ်ကြောင့်ထိခိုက်သူများသာလျှင်ဖြစ်ခြင်းကြောင့်ဘေးအန္တရာယ်များလျော့ပါးစေရေးတွင် အခန်းကဏ္ဍတစ်ခုခုမှ ပါဝင်နိုင်သည်ချည်းသာ ဖြစ်ပါသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုထိရောက်စေရန်အတွက် လုပ်ငန်းအများအပြားကို အကောင်အထည်ဖော်ရပါမည်။ DMC သည် လုပ်ငန်းအများအပြားကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားများ၊ အမျိုးသမီးများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ၊ တောင်သူလယ်သမားများ၊ ငါးဖမ်းလုပ်သားများ၊ အလုပ်ကြမ်းလုပ်သူများ၊ လူငယ်လူရွယ်များနှင့် သီးခြားလိုအပ်ချက်များရှိကြသည့် အခြားသူများကို နှီးနှောသင့်ပါသည်။ ပြင်ပမှပုဂ္ဂိုလ်များတွင် အစိုးရဌာန/အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အင်ဂျီအိုများ၊ ကုလသမဂ္ဂ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားပြင်ပအဖွဲ့အစည်းများ ပါဝင်ပါသည်။ ၎င်းတို့၏ အခန်းကဏ္ဍမှာ အန္တရာယ်ကျရောက်လွယ်မှုလျော့ပါးစေရေး၊ စွမ်းဆောင်ရည်မြင့်မားစေရေးတို့တွင် ရပ်ရွာ၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးမှုပေးရန် ဖြစ်ပါသည်။ နည်းပညာ၊ ရုပ်ဝတ္ထုပစ္စည်းနှင့် ငွေကြေးပံ့ပိုးမှုပေးခြင်းဖြင့် ဆောင်ရွက်နိုင်ပါမည်။ ပြင်ပမှအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းစဉ်တစ်စိတ်တစ်ဒေသအနေဖြင့် လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နိုင်ပါသည်။ သို့မဟုတ် ရပ်ရွာက ပံ့ပိုးမှုရယူလိုကြောင်း ပြင်ပမှ အဖွဲ့အစည်းများထံ ဆက်သွယ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ **သတိပြုရန်မှာ** ရပ်ရွာနှင့်နှီးစာလျှင် ပြင်ပအဖွဲ့အစည်းများမှာ ငွေကြေးအရင်းအမြစ်၊ နည်းပညာကျွမ်းကျင်မှု၊ နိုင်ငံရေးဩဇာသက်ရောက်မှု များပြားခြင်းကြောင့် ရပ်ရွာကို လွှမ်းမိုးနိုင်သည့် အနေအထားသို့ ရောက်ရှိလာနိုင်ပါသည်။ သို့ဖြင့် ရပ်ရွာလူထု၏ ဦးစားပေး များကို မစဉ်းစားဘဲ ၎င်းတို့၏ လုပ်ငန်းအစီအစဉ်ကိုသာ တွန်းအားပေး ဆောင်ရွက်လိုခြင်းကြောင့် ရပ်ရွာ၏စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ပြင်ပမှအဖွဲ့အစည်းများသည် ရပ်ရွာ၏စွမ်းဆောင်ရည်တည်ဆောက်ရေးကို အထူးဂရုပြု၍ စာနာနားလည်ရန် လိုအပ်ပါသည်။

## ၁-၅ CBDRM လုပ်ငန်းစဉ်မှပေါ်ထွက်လာမည့်ရလဒ်များ

CBDRMလုပ်ငန်းစဉ်ကိုဆောင်ရွက်ခြင်းဖြင့် အများပြည်သူအန္တရာယ်ကင်းရှင်းရေးနှင့် ရပ်ရွာ၏ ဘေးအန္တရာယ်ခံနိုင်ရည်ရှိမှုတို့ ဆင့်ကဲတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ မျှတပြီးရေရှည်တည်တံ့သောကာလရှည် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန်လည်း အထောက်အကူပြုပါမည်။ CBDRM ဆောင်ရွက်ရန်အတွက် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုကို အဓိပ္ပာယ်သတ်မှတ်ရာတွင် လူသိအများဆုံး အဓိပ္ပာယ်ဖော်ပြချက်ဖြစ်သည့် Brutland ကော်မရှင်က ပြုစုသောအောက်ဖော်ပြပါ အဓိပ္ပာယ်ဖော်ပြချက်ကို အသုံးပြုပါသည်။

ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ-
*"အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်မည့်စွမ်းရည်ကို မထိခိုက်စေဘဲ မျက်မှောက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသောဖွံ့ဖြိုးတိုးတက်မှု"*ဖြစ်ပါသည်။

## ၁-၆ လက်စွဲစာအုပ်၏ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ၂၀၀၈ခုနှစ်အတွင်းနာဂစ်မုန်တိုင်းဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရပြီးနောက်ပိုင်းတွင် CBDRM ကို ကျင့်သုံးဆောင်ရွက်မှု ပိုမို အရှိန်ရလာပါသည်။ မြန်မာနိုင်ငံတွင် CBDRM ကျင့်သုံးဆောင်ရွက်သူများအနေဖြင့် CBDRM လုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တင်ရန်ဆန္ဒရှိကြပါသည်။ ထို့ပြင် CBDRMလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ပြေးညီ ဖြစ်စေရန်လည်းလိုအပ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်လျော့ပါးရေးတွင် အကျိုးစီးပွားပါဝင်ပတ်သက်သူများအားလုံး CBDRMနှင့်ပတ်သက်၍တူညီသော သဘောပေါက်နားလည်မှုရှိနိုင်မည်ဖြစ်ပါသည်။

"မြန်မာ့ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုလက်စွဲစာအုပ်" ပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ-

- CBDRM ကျင့်သုံးဆောင်ရွက်သူများကို စာတွေ့လက်တွေ့ဆိုင်ရာ နည်းလမ်းများ ပံ့ပိုးပေးခြင်းဖြင့် ရပ်ရွာအဆင့်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းနှင့် ဘေးလျော့ပါးစေရေးတို့တွင် အသုံးချနိုင်ရန်၊
- မြန်မာနိုင်ငံအတွင်း CBDRMနှင့်ပတ်သက်၍ တစ်ပြေးညီစံနှုန်း သတ်မှတ်ဆောင်ရွက်နိုင်စေရန်၊
- CBDRM သင်တန်းများတွင် ကိုးကားစာအုပ်အဖြစ် အသုံးပြုနိုင်ရန်၊

## ၁-၇ 'မြန်မာ့ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုလက်စွဲစာအုပ်' မိတ်ဆက်

"မြန်မာ့ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုလက်စွဲစာအုပ်" တွင် အခန်း(၈)ခန်းနှင့် နောက်ဆက်တွဲများ ပါဝင်ပါသည်။

***အခန်း ၁ "ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး-မိတ်ဆက်နိဒါန်း"***တွင် CBDRM ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကြောင့်လိုအပ်သနည်း။ မည်သူတို့ပါဝင်ရမည်နည်း။ မည်သို့ ဆောင်ရွက်ရမည်နည်း စသည်တို့ကိုဖော်ပြထားပါသည်။

***အခန်း ၂ "အဆင့်(၁) - ရပ်ရွာရွေးချယ်ခြင်း"*** တွင် ရပ်ရွာရွေးချယ်ခြင်းဆိုင်ရာ စာတွေ့လက်တွေ့ နည်းလမ်းများကိုဖော်ပြထားပါသည်။

***အခန်း ၃ "အဆင့်(၂)-ခင်မင်မှုတည်ဆောက်ခြင်းနှင့် ရပ်ရွာကိုနားလည်သဘောပေါက်ခြင်း"*** တွင် ခင်မင်မှုတည်ဆောက်ခြင်း၏ အရေးပါပုံနှင့် လက်တွေ့အသုံးချနိုင်မည့် နည်းလမ်း

များကို ဖော်ပြထားပါသည်။ ထို့ပြင် ရပ်ရွာကိုနားလည်ခြင်းဆိုင်ရာ အခြေခံယူဆချက်များကို ဖော်ပြထားပါသည်။

***အခန်း ၄ "အဆင့်(၃) - ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်အကဲဖြတ်ခြင်း [PDRA]"*** တွင် ဤလုပ်ငန်းစဉ်တွင် ပါဝင်သောအဆင့်ခွဲ(၇)ရပ်ကို တင်ပြထားပါသည်။ အဆိုပါ အဆင့်ခွဲ(၇)ရပ်ကို ဆောင်ရွက်ရန် နည်းလမ်းများကိုလည်း ဥပမာများနှင့်တကွ တင်ပြထားပါသည်။

***အခန်း ၅ "အဆင့် (၄) - ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲခြင်း"*** တွင် ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲခြင်း ဆိုင်ရာ အယူအဆ နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြထားပါသည်။

***အခန်း ၆ "အဆင့်(၅) - ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတည်ထောင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း"***တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတစ်ရပ် တည်ထောင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၊ စွမ်းရည်တည်ဆောက်မှုများ ပါဝင်ပါသည်။

***အခန်း ၇ "အဆင့် (၆) - ရပ်ရွာလူထုကိုယ်တိုင် စီမံခန့်ခွဲသော အကောင်အထည်ဖော်ခြင်း"*** တွင် ရပ်ရွာ*လူထုကိုယ်တိုင်*စီမံခန့်ခွဲသော အကောင်အထည်ဖော်ခြင်းဆိုင်ရာတာဝန်များနှင့် လုပ်ငန်းစဉ်တွင် အသုံးချမည့် အယူအဆနှင့် နည်းလမ်းများ ပါဝင်ပါသည်။

***အခန်း ၈ "ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး၏ အခြေခံအကြောင်းအချက်များ"*** တွင် ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး၏ရလဒ်များကို လေ့လာအကဲဖြတ်နိုင်မည့် အချက်များ စုစည်းဖော်ပြထားပါသည်။

***နောက်ဆက်တွဲများ*** တွင် PRA အကြောင်းနှင့် CBDRM စီမံချက်နမူနာ၊ ပါဝင်ဆောင်ရွက်သောစောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း၊ မြန်မာနိုင်ငံတွင် ကျရောက်နိုင်သော ဘေးအန္တရာယ်များနှင့် CBDRM ဆိုင်ရာဝေါဟာရများ ပါဝင်ပါသည်။



**နောက်မကျခင်**
**ကြိုပြင်ဆင်**

**အခန်း(၁)**

**လေ့လာခဲ့သမျှ . . .**

- CBDRMဆိုသည်မှာအဘယ်နည်း။
အဘယ်ကြောင့်လိုအပ်သနည်း။
မည်သူတို့ပါဝင်ရမည်နည်း။
မည်သို့ဆောင်ရွက်ရမည်နည်း။
-CBDRM လုပ်ငန်းစဉ်မှ
ပေါ်ထွက်လာမည့် ရလဒ်များ
- လက်စွဲစာအုပ်၏ရည်ရွယ်ချက်
နှင့် ဖွဲ့စည်းထားပုံ



# အခန်း (၂)

## လုပ်ငန်းအဆင့် ၁ – ရပ်ရွာရွေးချယ်ခြင်း



# အခန်း ၂
# လုပ်ငန်းအဆင့်(၁) – ရပ်ရွာရွေးချယ်ခြင်း



## ၂-၁ ရပ်ရွာရွေးချယ်ရန် ဘာကြောင့်လိုအပ်ပါသလဲ. . . .

မြန်မာနိုင်ငံအတွင်းဒေသအသီးသီးတွင် မီးဘေး၊ မုန်တိုင်း၊ မြေငလျင်စသောသဘာဝဘေး (သို့မဟုတ်) တစ်ခုထက်ပို၍ ကြုံတွေ့ရနိုင်ပါသည်။ သို့ပါ၍ နိုင်ငံ၏ ဒေသအနှံ့အပြားတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့သော်လည်းလူသားအရင်းအမြစ်၊ ငွေကြေး၊ အချိန်လိုအပ်ချက်စသော ကန့်သတ်ချက်များကြောင့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် CBDRM အစီအစဉ်ကို အကောင်အထည်ဖေါ်ရန်အတွက် ရပ်ရွာအချို့ကို ရွေးချယ်ရပါသည်။ ထို့ကြောင့် လုပ်ငန်းအစီအစဉ်ကိုဆောင်ရွက်မည့်ရပ်ရွာကိုရွေးချယ်ရန်အခြေခံရမည့်စံချိန်စံညွှန်းများ လိုအပ်ပါသည်။




## ၂-၂ ရပ်ရွာကို မည်သို့ ရွေးချယ်ရမည်နည်း. . . .

လုပ်ငန်းဆောင်ရွက်မည့်နေရာဒေသ သို့မဟုတ် ရပ်ရွာကိုရွေးချယ်ရာတွင်မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်တွင်အသုံးပြုရမည့်စံချိန်စံနှုန်းများကို ဖော်ထုတ်ထားရှိရပါမည်။ အကြံပြုထားသော စံချိန်စံနှုန်းအချို့မှာ-

- ရပ်ရွာ၏အန္တရာယ်ထိတွေ့နိုင်မှုပြင်းထန်ခြင်း (အန္တရာယ်ကျရောက်လွယ်ဆုံးရပ်ရွာဖြစ်ခြင်း)
- လုပ်ငန်းအစီအစဉ်မှ အကျိုးကျေးဇူးခံစားရမည့်သူ အရေအတွက်
- ရပ်ရွာက လုပ်ငန်းအစီအစဉ် ဆောင်ရွက်ရန် အသင့်ရှိမှု
- ရပ်ရွာသို့ အလွယ်တကူသွားရောက်နိုင်ခြင်း
- အဆိုပါအစီအစဉ်ကို ဆောင်ရွက်မည့်အဖွဲ့အတွက် ဘေးကင်းလုံခြုံမှုရှိခြင်း
- ဘေးအန္တရာယ်ကျရောက်ပါက ဘေးကင်းသောခိုလှုံရန်နေရာ မရှိခြင်း

ပုံ ၄ ရပ်ရွာရွေးချယ်ရာတွင်အသုံးပြုနိုင်သော စံချိန်စံနှုန်းများ




ဇယားဖြင့်ရွေ့နောက်စီစဉ်ခြင်းနည်းလမ်းကိုအသုံးပြု၍ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် လုပ်ငန်းအစီအစဉ်ဝန်ထမ်းများသည် ရပ်ရွာရွေးချယ်ရေးကိစ္စကို ဆင်ခြင်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါသည်။

## ဇယားဖြင့်ရှေ့နောက်စီစဉ်ခြင်းနည်းလမ်းကို အသုံးပြု၍ရပ်ရွာများကို ရွေးချယ်ခြင်း

(၁) ရပ်ရွာများကို စာရင်း ပြုစုပါ။ စံချိန်စံနှုန်းများကို စာရင်းပြုစုပါ။

(၂) ရပ်ရွာအားလုံးအတွက် စံချိန်စံနှုန်းတစ်ခုစီအပေါ် အဆင့် သတ်မှတ်ပေးပါ။ (အနိမ့်ဆုံးကို ၁၊ အမြင့်ဆုံးကို ၄ သတ်မှတ်ပါ။)

(၃) စံချိန်စံနှုန်းတစ်ခုစီအပေါ် ရရှိသောရမှတ်များကိုပေါင်းပြီး၊ ရပ်ရွာများကို အဆင့်အလိုက်စီပါ။ ရမှတ်အမြင့်ဆုံးရပ်ရွာကို ရွေးချယ်သင့်ပါသည်။

(၄) ရပ်ရွာတစ်ခုစီအတွက်အကဲဖြတ်သုံးသပ်ချက်အား ထည့်သွင်းစဉ်းစားနိုင်ပါသည်။

(၅) ရမှတ်အများဆုံးရရှိသောရပ်ရွာသည် အသုံးပြုသောစံချိန်စံနှုန်းများနှင့်အများဆုံး ကိုက်ညီသောရပ်ရွာဖြစ်ပါသည်။ ဖြစ်နိုင်ပါက ရမှတ်အများဆုံးရရှိသော ရပ်ရွာ တစ်ခုသာလျှင် ရှိသင့်ပါသည်။

ဇယား ၁ ဇယားဖြင့်ရှေ့နောက်စီစဉ်ခြင်းနည်းလမ်းကို အသုံးပြု၍ရပ်ရွာ ရွေးချယ်ပုံ ဥပမာ

| မြို့နယ် အမည် | ကျရောက်နိုင်သော ဘေးအန္တရာယ် | ထိခိုက်ခံရနိုင်သော လူဦးရေ | ရပ်ရွာသို့ သွားရောက်နိုင်မှု | ရပ်ရွာမှ ပါဝင်ဆောင်ရွက်ခြင်း | စုစုပေါင်း ရမှတ် |
|---|---|---|---|---|---|
| ကွမ်းခြံကုန်း | ●● | ●● | ●●● | ●●●● | ၁၁ (II) |
| ဘိုကလေး | ●●●● | ●●●● | ●● | ●●●● | ၁၄ (I) |
| တွံတေး | ● | ● | ●●● | ●●● | ၈ (III) |



မနက်ဖြန်မှာ ဘေးကင်းဖို့၊ ယနေ့ ရင်းနှီးမြှုပ်နှံစို့။

**အခန်း(၂)**

**လေ့လာခဲ့သမျှ . . .**

- ရပ်ရွာရွေးချယ်ရန် အဘယ်ကြောင့်လိုအပ်ပါသလဲ။
- ရပ်ရွာကို မည်သို့ ရွေးချယ်မည်နည်း။
- ရပ်ရွာရွေးချယ်ရေး ထည့်သွင်း စဉ်းစားရန် အချက်များ



# အခန်း (၃)

## လုပ်ငန်းအဆင့် ၂ – ခင်မင်မှုတည်ဆောက်ခြင်း နှင့်ရပ်ရွာကို နားလည်သဘောပေါက်ခြင်း



## အခန်း ၃

## လုပ်ငန်းအဆင့်(၂)-ခင်မင်မှုတည်ဆောက်ခြင်းနှင့်ရပ်ရွာကိုနားလည်သဘောပေါက်ခြင်း



### ၃-၁ ခင်မင်မှုတည်ဆောက်ခြင်း အဘယ်ကြောင့် လိုအပ်ပါသနည်း. . .

ခင်မင်မှုတည်ဆောက်ခြင်းနှင့် ရပ်ရွာကို နားလည်သဘောပေါက်ခြင်းသည် CBDRM ၏ အခြေခံအုတ်မြစ်ဖြစ်သော သင့်တင့်လျောက်ပတ်သောပါဝင်ဆောင်ရွက်မှုရရှိရေးအတွက်အဓိက သော့ချက်ဖြစ်သောကြောင့် အရေးကြီးပါသည်။ ရပ်ရွာတွင် နေထိုင်သူများသည် ၎င်းတို့နှင့် အတူ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြင်ပမှ ပုဂ္ဂိုလ်များအား ယုံကြည်စိတ်ချပါက အောက်ပါတို့ကို အထောက်အကူပြုမည်ဖြစ်ပါသည်-

(၁) ကိစ္စရပ်များ၊ ပြဿနာများ၊ စိုးရိမ်ပူပန်မှုများ၊ ဖြေရှင်းချက်များကို ပွင့်လင်းစွာ ပြောကြားလာပါမည်။

(၂) လုပ်ငန်းစဉ်၏ အနှစ်သာရ အစိတ်အပိုင်းဖြစ်သော နယ်မြေခံယဉ်ကျေးမှုကို ပိုမိုနားလည်သဘောပေါက်လာနိုင်ပါသည်။



### ၃-၂ ရပ်ရွာနှင့်ခင်မင်မှုကို မည်သို့ တည်ဆောက်မည်နည်း . . . .

ပြင်ပမှပုဂ္ဂိုလ်များသည် ရပ်ရွာတွင် နေထိုင်သူများနှင့် ယုံကြည်စိတ်ချမှုတည်ဆောက်ရန်အတွက် ဆောင်ရွက်နိုင်သော လုပ်ငန်းအချို့ရှိပါသည်။ ၎င်းတို့အနက် အချို့မှာ-

- ရပ်ရွာအတွင်းတွင် နေထိုင်ပြီး ရပ်သူရွာသားတစ်ဦးအဖြစ် မိမိကိုယ်ကို ခံယူခြင်း၊
- ရွာလူကြီး၊လူငယ်အဖွဲ့၊အမျိုးသမီးအသင်းတို့နှင့်အလွတ်သဘောတွေ့ဆုံဆွေးနွေးခြင်း၊
- ရပ်ရွာလူထုနှင့်အိမ်တိုင်ရာရောက် အလွတ်သဘော တွေ့ဆုံဆွေးနွေးခြင်း၊
- မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည်တို့ကို လုပ်ဆောင်နေကြောင်း ထင်သာမြင်သာရှိစေခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊
- ရပ်ရွာ၏နေ့စဉ်ဘဝနေထိုင်မှုတွင် ပါဝင်ခြင်း၊ ရပ်ရွာ၏လုပ်ငန်းများနှင့် ရပ်ရွာတွင် ပြုလုပ်သော ပွဲလမ်းအခမ်းအနားများတွင် ပါဝင်ခြင်း၊
- နယ်မြေခံပုဂ္ဂိုလ်များက၎င်းတို့၏ဘဝနေထိုင်မှုကိစ္စရပ်များ၊ပြဿနာများကို ပြောကြားသည့်အခါ နားထောင်ခြင်း၊
- နယ်မြေခံပြည်သူလူထုထံမှ ကျွမ်းကျင်မှုအသစ်များ သင်ယူခြင်း၊

ယုံကြည်စိတ်ချမှုနှင့် ပွင့်လင်းမှုရှိသော ကောင်းမွန်သည့် ဆက်ဆံရေး တည်ဆောက်နိုင်ရန် အတွက် ပြင်ပမှပုဂ္ဂိုလ်များ၏ပြုမူနေထိုင်ပုံသည် အလွန်အရေးကြီးပါသည်။ ပြင်ပမှ ပုဂ္ဂိုလ်များ ပြုမူနေထိုင်သင့်သည့် နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်ပါသည်-

ပုံ ၅ အင်ဂျီအိုဝန်ထမ်းတစ်ဦးသည်ခင်မင်မှုတည်ဆောက်ရန်ရပ်ရွာလူထုနှင့်အတူပါဝင်ဆောင်ရွက်နေပုံ




- မိမိကိုယ်ကို နှိမ့်ချမှု နိဝါတ တရားရှိခြင်း၊
- နယ်မြေခံယဉ်ကျေးမှု၊ ပြဿနာများနှင့် ဘဝနေထိုင်မှုနည်းလမ်းတို့ကို အလေးထားခြင်း၊
- စိတ်ရှည်ခြင်း၊
- လူအများက ပြောကြားသည်ကို စိတ်ပါဝင်စားခြင်း၊
- အကဲဖြတ်ဆုံးဖြတ်ခြင်းမပြုဘဲ ကြည့်ရှုလေ့လာခြင်း၊
- နယ်မြေခံလူအများသည်၎င်းတို့၏လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း စိတ်ချယုံကြည်ပြီး ယင်းသို့စိတ်ချယုံကြည်ကြောင်းထုတ်ဖော်ပြောကြားခြင်း၊

## ၃-၃ ရပ်ရွာအပေါ် နားလည်အောင် မည်သို့ ဆောင်ရွက်မည်နည်း



CBDRM နှင့် ပတ်သက်နေသူများ၊ အထူးသဖြင့် ပြင်ပပုဂ္ဂိုလ်များသည် ရပ်ရွာ၏ သဘောသဘာဝ၊ လိုအပ်ချက်များနှင့် အရင်းအမြစ်များကို ယေဘုယျ နားလည်သဘောပေါက်မှု ရှိသင့်ပါသည်။ အောက်ဖော်ပြပါ ဘေးအန္တရာယ်များဆိုင်ရာ ရပ်ရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကိစ္စများကို နားလည်နိုင်ရပါမည်-

(၁) လူမှုရေးအဖွဲ့များ

- ရပ်ရွာအတွင်းတွင်တိုင်းရင်းသားလူမျိုး၊ လူတန်းစား၊ ယုံကြည်ကိုးကွယ်မှုနှင့် အဓိက အဖွဲ့များမှာ မည်သည် တို့နည်း။
- မည်သူတို့မှာ လူများစုဖြစ်၍မည်သူတို့မှာလူနည်းစုဖြစ်ပြီး ၎င်းတို့၏ဆက်ဆံရေး များမှာ မည်သည့် သဘောသဘာဝ ရှိပါသနည်း။
- အမျိုးသမီးများ၏အဆင့်အတန်း ဘယ်လိုရှိသလဲ။

(၂) ယဉ်ကျေးမှုအစီအစဉ်များ

- မိသားစုနှင့်ရပ်ရွာအဆင့်များတွင် မည်သို့ စုဖွဲ့နေထိုင်ကြပါသနည်း။
- မည်သို့သော အဆင့်ဆင့် နာခံရမှုများ ရှိပါသနည်း။
- ပြုမူနေထိုင်ခြင်း၊ ပွဲလမ်းအခမ်းအနားကျင်းပခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းများ ပြုလုပ်သည့် နည်းလမ်းများအနက် အတွေ့ရများသော နည်းလမ်းများမှာ မည်သည်တို့နည်း။

(၃) စီးပွားရေးလုပ်ငန်းများ

- အဓိက စားဝတ်နေရေး အရင်းအမြစ်များမှာ မည်သည်တို့နည်း။ (ဥပမာ-ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည်) ၎င်းတို့နှင့် ဆက်စပ်၍ အခြားမည်သည်တို့ကိုလုပ်ဆောင်ကြပါသနည်း။
- အလုပ်တာဝန်ခွဲဝေမှု မည်သို့ ရှိပါသနည်း။
- ရာသီအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မည်သို့ အပြောင်းအလဲ ရှိပါသနည်း။

(၄) နေရာဒေသသွင်ပြင်လက္ခဏာများ

- လူအများနေထိုင်ရာ နယ်မြေဒေသများ၊ အများပြည်သူ ဝန်ဆောင်မှု အဆောက်အအုံဌာနများ (ဥပမာ-စာသင်ကျောင်းများ၊ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သွားရောက်နိုင်သည့်ဗဟိုဌာနများ) နှင့် စိုက်ပျိုးမြေများ စသည်တို့သည် မည်သည့်နေရာတွင် တည်ရှိပါသနည်း။

(၅) အန္တရာယ်ကျရောက်လွယ်သော အိမ်ထောင်စုများနှင့် အုပ်စုများ

- မည်သူတို့သည် နေအိမ်များ၊ တည်နေရာ၊ စားဝတ်နေရေး အရင်းအမြစ်များ၊ တိုင်းရင်းသားလူမျိုးနှင့်ယဉ်ကျေးမှုအနေအထားစသည်တို့ကြောင့်ဘေးအန္တရာယ် ကျရောက်ရန်အလွယ်ဆုံးအုပ်စုများ သို့မဟုတ် အိမ်ထောင်စုများ ဖြစ်ပါသနည်း။

ပုံ ၆ ရပ်ရွာ၏အခြေအနေကိုနားလည်ခြင်း






အခန်း(၃)

လေ့လာခဲ့သမျှ . . .

- ခင်မင်မှုတည် ဆောက်ခြင်း အဘယ်ကြောင့်လိုအပ်ပါသလဲ။
- ရပ်ရွာနှင့်ခင်မင်မှု မည်သို့တည်ဆောက်မည်နည်း။
- ရပ်ရွာဆိုင်ရာအရေးပါသော အချက်များ

အန္တရာယ်မှဘေးကင်းဖို့ ဝိုင်းဝန်းဆောင်ရွက်စို့။



# အခန်း (၄)

## လုပ်ငန်းအဆင့် ၃ – ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်အကဲဖြတ်ခြင်း (PDRA)



# အခန်း ၄

# လုပ်ငန်းအဆင့်(၃) – ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ခြင်း[PDRA]


## ၄-၁ PDRA ၏အယူအဆ သဘောတရား နောက်ခံ

ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ခြင်း(Participatory Disaster Risk Assessment-PDRA)သည်သက်ဆိုင်သူများအားလုံးမှ၎င်းတို့၏ဘဝအပေါ် ထိခိုက်လာမည့်ဘေးအန္တရာယ်များ လျော့ပါးစေရန် သို့မဟုတ် ပပျောက်စေရန် ခိုင်မာသည့် လုပ်ငန်းဆောင်ရွက်ချက်များကို သင့်တင့်လျောက်ပတ်သည့် အစီအစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် အလို့ငှာဘေးအန္တရာယ်အချက်အလက်များကို စုဆောင်း၍ ဆန်းစစ်လေ့လာသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်တွင် ဒေသခံများနှင့်ပြင်ပပုဂ္ဂိုလ်များလည်း ပါဝင်ပါသည်။

အန္တရာယ်ကျရောက်နိုင်သော ရပ်ရွာများသည် PDRA ၏ ဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းစဉ် တစ်ခုလုံး၏ ဗဟိုအချက်အခြာနေရာ၌ ရှိပါသည်။ PDRA သည် လူအများ၏ စွမ်းဆောင်ရည်များကို သတ်မှတ်ဆုံးဖြတ်ရန်နှင့် လူအများ၏ ဘဝနေထိုင်မှုကို ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များကို လျော့ပါးစေရန် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ရပ်ရွာ၏အရင်းအမြစ်များကို အသုံးပြုရန် အားပေးပါသည်။ PDRA သည် ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲရေး အစီအစဉ်ရေးဆွဲရေး၏ အခြေခံ ဖြစ်ပါသည်။ နယ်မြေခံလူအများသည် ဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန် သို့မဟုတ် လျော့ပါးစေရန်အတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်သည်၊ ဆောင်ရွက်လိမ့်မည်ဟူသော ယုံကြည်ချက်အပေါ်တွင် အခြေခံပါသည်။

PDRA၏ အဆင့်ခွဲများ၊ ရည်ရွယ်ချက်များနှင့် ထွက်ပေါ်ရလဒ်များကို ဇယား-၂ တွင် ဖော်ပြထားပါသည်။

**ဇယား ၂ ဘေးအန္တရာယ်အကဲဖြတ်ချက်ကို ပုံစံထုတ်စီစဉ်ခြင်း**

| **အဆင့်ခွဲများ** | **ရည်ရွယ်ချက်များ** | **ထွက်ပေါ်ရလဒ်များ** |
|---|---|---|
| အဆင့်ခွဲ ၁ | ရပ်ရွာတွင်းရှိ ဘေးရန်များကို ဖော်ပြခြင်း | ဘေးရန်များကို စာရင်းပြုလုပ်ပြီး ၎င်းတို့၏ သဘောသဘာဝကို ဖော်ထုတ်ခြင်း |
| အဆင့်ခွဲ ၂ | ဘေးအန္တရာယ်ပြမြေပုံရေးဆွဲခြင်း | ရပ်ရွာဘေးအန္တရာယ်ပြမြေပုံ၊ ရပ်ရွာအရင်းမြစ်မြေပုံ   |
| အဆင့်ခွဲ ၃ | ရပ်ရွာ၏အန္တရာယ်ကျရောက်လွယ်မှုများနှင့်စွမ်းဆောင်ရည်များကိုဖော်ပြခြင်း (အမျိုးသမီး၊အမျိုးသားများ၊သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ စသည်) | စွမ်းဆောင်ရည်များနှင့် အန္တရာယ်ကျရောက်လွယ်မှုများကိုဆန်းစစ်လေ့လာခြင်း ( CVA) |
| အဆင့်ခွဲ ၄ | ဘေးအန္တရာယ်များကို သတ်မှတ်ဆုံးဖြတ်ခြင်း | ရပ်ရွာများ ရင်ဆိုင်နေရသော အန္တရာယ် စာရင်းအပြည့်အစုံ |
| အဆင့်ခွဲ ၅ | ဘေးအန္တရာယ်များကို အဆင့်သတ်မှတ်ခြင်း | ဘေးအန္တရာယ်များကို ဦးစားပေး သတ်မှတ်ထားသော စာရင်း |
| အဆင့်ခွဲ ၆ | လက်ခံနိုင်သော အန္တရာယ်အဆင့်ကို ဆုံးဖြတ်ခြင်း | မိသားစုနှင့် ရပ်ရွာလုံခြုံမှုအတွက် သဘောတူညီထားသော အန္တရာယ်အဆင့်များ |
| အဆင့်ခွဲ ၇ | ဘေးအန္တရာယ်(များ)ကိုတားဆီးကာကွယ်ခြင်း၊ လျှော့ချခြင်း၊ ရွှေ့ပြောင်းခြင်း၊ သို့မဟုတ် လက်ခံရင်ဆိုင်ခြင်း တို့တွင် မည်သည်ကိုပြုလုပ်မည်ကိုဆုံးဖြတ်ခြင်း | သဘောတူညီထားသောလုပ်ငန်းများ |

အချက်အလက်များကိုစုစည်းပြီးသောအခါရပ်ရွာမှပြန်လည်သုံးသပ်ရေးနှင့်အကဲဖြတ်ရေးအဖွဲ့၏ အဖွဲ့ဝင်များက ၎င်းတို့၏ တွေ့ရှိချက်များကို အတည်ပြုရန် ရပ်ရွာသို့ ပြန်လည်တင်ပြပါသည်။ ဆွေးနွေးတင်ပြရာတွင် ဘေးအန္တရာယ်များနှင့် ဘဝနေထိုင်မှု၊ ပိုင်ဆိုင်ပစ္စည်း၊ အသက်မွေး

ဝမ်းကျောင်း၊ ရပ်ရွာအခြေခံအဆောက်အဦများကို ၎င်းအန္တရာယ်များက ခြိမ်းခြောက်မှုတို့ကို ဖော်ထုတ်ပြီး ဆွေးနွေးပါသည်။ ရပ်ရွာမှ ပြန်လည်အသိပေးပြောကြားချက်များအပေါ် အခြေပြု၍ လိုအပ်သလို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ရန် ဖြစ်ပါသည်။

## ၄-၂ PDRA ပုံစံ

ပါဝင်ဆောင်ရွက်သည့်ကျေးလက်ဒေသ၏အကဲဖြတ်ချက် (Participatory Rural Assessment-PRA) ကို PDRA လုပ်ငန်းစဉ်၏ ရပ်ရွာအခြေပြုဘေးအန္တရာယ်သုံးသပ်အကဲဖြတ်ချက်နှင့် အစီအစဉ်ရေးဆွဲရေးတွင် အသုံးပြုပါသည်။ PRA နှင့် ပတ်သက်၍ လေ့လာနိုင်ရန် နောက်ဆက်တွဲ-၁တွင် ဖော်ပြထားပါသည်။ PRAကို အသုံးပြုသော PDRA ဆောင်ရွက်ရာတွင် ရပ်ရွာမှကိုယ်စားလှယ်များနှင့်အခြားအကျိုးစီးပွားပါဝင်ပတ်သက်သူများကို ထည့်သွင်းခြင်းသည် ပိုမိုကောင်းမွန်သော လုပ်နည်းလုပ်ဟန် ဖြစ်ပါသည်။

PDRA အဖွဲ့သည် အောက်ပါတို့ကို သတိပြုသင့်ပါသည်-

- *စုံစမ်းမေးမြန်းသည့်အကြောင်းအရာ*မှာ လေ့လာစူးစမ်းမှုပြုလုပ်ရာတွင် အဓိက အလေးထားရမည့် အကြောင်းအရာဖြစ်ပါသည်။
- *အဓိကမေးခွန်းများ*သည် PDRAအဖွဲ့က ရယူလိုသော သတင်းအချက်အလက် များကို အသေးစိတ်မေးမြန်းခြင်း ဖြစ်ပါသည်။
- *နည်းလမ်း*ဆိုသည်မှာအဖွဲ့က သတင်းအချက်အလက် ရယူပုံကို ဆိုလိုပါသည်။ ဥပမာ- PRAနည်းလမ်းကိရိယာများ၊တစ်ဆင့်ခံစာအုပ်စာတမ်းပစ္စည်းများ၊ အဓိက သတင်းအချက်အလက် ဖြည့်ဆည်းပေးသူများကို တွေ့ဆုံမေးမြန်းခြင်းဖြစ်ပါသည်။
- *အဓိကတုန့်ပြန်ဖြေကြားသူများ*မှာ ကျေးရွာသူကြီး၊ ဆရာ၊ဆရာမများ၊ သံဃာတော်များ၊ ရပ်ရွာအတွင်း နေထိုင်သူများ၊ အထူးသဖြင့် ကာလကြာမြင့်စွာ နေထိုင်ခဲ့သူများ စသည်တို့ ဖြစ်ပါသည်။

**ဇယား ၃ ပါဝင်ဆောင်ရွက်သည့် ဘေးအန္တရာယ်အကဲဖြတ်ချက်(PDRA) ပုံစံ**

| အဓိက စုံစမ်းမေးမြန်းသည့် အကြောင်းအရာ | အဓိက မေးမြန်းသည့် မေးခွန်းများ | နည်းလမ်း | ဖြေကြားသူများ |
|---|---|---|---|
| က။ ရှုမြင်ပုံ | | | |
| ၁။ အန္တရာယ်များ | သင်၏ မိသားစုအတွင်းနှင့် ရပ်ရွာအတွင်းတွင် လွန်ခဲ့သော ၁၀နှစ် အတွင်း ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်တစ်ခုကို ဖော်ပြပါ။ အဘယ်ကြောင့် ဘေးအန္တရာယ်ဟု ယူဆပါ သနည်း။ | ●ဖြတ်သန်းလမ်းလျှောက်ခြင်း<br>●အဆင့်သတ်မှတ်ခြင်း | ●ရွာသူကြီး၊<br>●ရပ်ရွာ၏ အခြားအရေးပါသောပုဂ္ဂိုလ်များ |

| | | | |
|---|---|---|---|
| ၂။ ဘေးအန္တရာယ် များကြောင့် ဆုံးရှုံးနိုင်ခြေ | ကိုယ်ရေးကိုယ်တာ၊ မိသားစုနှင့် ရပ်ရွာ၏ သာယာဝပြောရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသော အရာများမှာ မည်သည်တို့နည်း။<br>● အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများ၏ ဘဝနေထိုင်မှု<br>● မွေးမြူရေး တိရစ္ဆာန်များ<br>● အိုးအိမ် ပိုင်ဆိုင်ပစ္စည်းများ<br>● ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တံတား၊ ကျောင်း၊ သဘော်ာဆိပ်၊ စာကြည့်တိုက်၊ ဓမ္မာရုံကဲ့သို့သော အခြေခံ အဆောက်အဦများ<br>အကြီးလေးဆုံးဟု ယူဆသော ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ သို့မဟုတ် ဘေးအန္တရာယ်မှာအဘယ်နည်း။ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျှော့ချ ရန် ရပ်ရွာအနေဖြင့် အများဆုံး ရင်ဆိုင်ရ သည့် ပြဿနာများမှာ မည်သည်တို့နည်း။ | ●ဖြတ်သန်းလမ်း လျှောက်ခြင်း<br>●ရာသီအလိုက် ပြက္ခဒိန်<br>●အဆင့် သတ်မှတ် ခြင်း | ●ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>●ရပ်ရွာတွင် နေထိုင်သူများ |
| ၃။ ကျား-မ အခန်းကဏ္ဍ | အမျိုးသမီး/မိန်းကလေး၊ အမျိုးသား/ ယောကျ်ားလေး တို့၏ စရိုက်လက္ခဏာများ မှာ မည်သည်တို့နည်း။ မိသားစု၊ ရပ်ရွာနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွင်း တွင် ၎င်းတို့သည် မည်သည့်အခန်းကဏ္ဍ ရှိသည် ဟု သတ်မှတ်ထားပါသနည်း။ | | ●ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>●ရပ်ရွာတွင် နေထိုင်သူများ<br>●အမျိုးသမီးများ အဖွဲ့ |
| ၄။ ဘဝနေထိုင်မှု အရည်အသွေး | ရပ်ရွာအတွင်း မည်သူတို့မှာ ချမ်းသာ ကြွယ်ဝသနည်း။ မည်သူတို့မှာ ဆင်းရဲ နွမ်းပါးသနည်း။ မည်သူတို့သည် ဘေး အန္တရာယ် ကြောင့် ထိခိုက်မှုမှ မိမိတို့ ကိုယ်ကို မကာကွယ်နိုင်သနည်း။ မည်သူတို့မှာ ဘေးအန္တရာယ်များ မှ နာလန်ထူရန် အခက်အခဲ ရှိသနည်း။ လစဉ်ဝင်ငွေမည်မျှရှိသနည်း။ မည်သည့် | | ●ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>●သံဃာတော် များ |

| | | | |
|---|---|---|---|
| | အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သနည်း။ | | |
| ၁။ ရပ်ပိုင်း/ရပ်ဝတ္ထုပစ္စည်း | | | |
| ၁။ နယ်မြေဒေသ ဖော်ပြချက် | ရပ်ရွာ၏ အရွယ်အစားမှာ မည်မျှရှိပါသနည်း။<br>ရပ်ရွာ၏ နယ်နိမိတ်များမှာ မည်သည်တို့ ဖြစ်ပါသနည်း။<br>ရပ်ရွာအနီးရှိ ဈေးနှင့် စက်ရုံများတွင် မည်သည့် အရင်းအမြစ်များကို တွေ့ရပါသနည်း။ (သီးနှံများ၊ ပင်လယ် ထွက်ပစ္စည်းများ၊ သတ္တုများ၊ သဘာဝ ဓာတ်ငွေ့ စသည်တို့) ရပ်ရွာအတွင်းတွင် အစားအစာနှင့် ဝင်ငွေ အဓိကရရှိသည့် အရင်းအမြစ်များမှာ မည်သည်တို့ ပါနည်း။<br>မြေပုံတွင် အောက်ပါတို့ကို နေရာ သတ်မှတ် ဖော်ပြပါ။<br>• ဘုရားစေတီနှင့် အခြားဝတ်ပြုရာနေရာများ<br>• မူလတန်း၊အလယ်တန်းကျောင်းများ<br>• ကျေးလက်ကျန်းမာရေးဌာနခွဲ၊တိုက်နယ် ဆေးရုံများ<br>• ရေပိုက်များ<br>• လမ်းမတော်များ<br>• သင်္ဘောဆိပ်များ<br>• ဓမ္မာရုံများ၊ ရပ်သူရွာသားများ စုဝေးနိုင်သောနေရာ<br>• ရပ်ရွာအတွင်း တွေ့ရှိရသော အရေးပါသည့် အခြေခံ အဆောက်အအုံများ<br>• ကျေးရွာ/ကျေးရွာအုပ်စု၏ စာကြည့်တိုက်များ<br>• ရပ်ရွာသည် ကျေးလက် စိုက်ပျိုးရေး လုပ်ကိုင်သော ရပ်ရွာ ဖြစ်ပါက မြေဆီလွှာ အမျိုးအစား နှင့် ထွက်ရှိသော | • ဖြတ်သန်း လမ်းလျှောက် ခြင်း | • ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>• ရွာသူကြီး၊ |

| | | | |
|---|---|---|---|
| | သီးနှံများ (စပါး၊ဟင်းသီးဟင်းရွက်၊ပဲ)<br>● ရပ်ရွာသည် ကမ်းရိုးတန်းရပ်ရွာ ဖြစ်ပါက အဏ္ဏဝါ အရင်းအမြစ်များ<br>● ရပ်ရွာသည်တိရစ္ဆာန်ထိန်းကျောင်း မွေးမြူသော ရပ်ရွာဖြစ်ပါက စားကျက်မြေ | | |
| ၂။ လူဦးရေဆိုင်ရာ ဖော်ပြချက် | ရပ်ရွာ၏ လူဦးရေ စုစုပေါင်းမည်မျှရှိပါသနည်း။ အမျိုးသား မည်မျှရှိပါသနည်း။ အမျိုးသမီး မည်မျှရှိပါသနည်း။ ယောကျ်ားလေးများနှင့် မိန်းကလေးများ မည်မျှ ရှိပါသနည်း။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်မည်မျှ ရှိပါသနည်း။ သက်ကြီးရွယ်အို မည်မျှ ရှိပါသနည်း။ တစ်ဦးတည်း နေထိုင်ရသော သက်ကြီးရွယ်အို မည်မျှ ရှိပါသနည်း။ မသန်စွမ်းသူ မည်မျှ ရှိပါသနည်း။ တစ်ဦးတည်း နေထိုင်ရသော မသန်စွမ်းသူ နှင့် သက်ကြီးရွယ်အို မည်မျှ ရှိပါသနည်း။ မြေပုံပေါ်တွင် အထူး လိုအပ်ချက်ရှိသည့် အုပ်စုများ နေထိုင်ရာ နေရာကို ဖော်ပြပါ။ | ● စူးစိုက်အုပ်စု တွေ့ဆုံ မေးမြန်းခြင်း | ● ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>● ရွာသူကြီး |
| ၃။အရင်းအမြစ်များ ကို ရယူ အသုံးပြု နိုင်မှု နှင့် ထိန်းချုပ်ခြင်း | မိသားစုအတွင်းနှင့် ရပ်ရွာအတွင်းတွင် အရင်းအမြစ်များ ကို မည်သူက အသုံးပြုသနည်း၊ ပိုင်ဆိုင်သနည်း၊ ထိန်းချုပ်သနည်း။ သို့မဟုတ် စီမံခန့်ခွဲသနည်း။ (အရင်းအမြစ်များ ဆိုသည်မှာ ဝင်ငွေ၊ ငွေသား စသည်တို့ ဖြစ်ပါသည်။) ယင်း အရင်းအမြစ်များကို အသုံးပြုခြင်း၊ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ် ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းတွင် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ် များ၏ အခန်းကဏ္ဍမှာ မည်သို့ ရှိပါသနည်း။ | ● အဆင့် သတ်မှတ် ခြင်း<br>● စူးစိုက်အုပ်စု ဆွေးနွေးခြင်း | ● အမျိုးသား<br>● အမျိုးသမီး<br>● ကလေးသူငယ် |
| ၄။ သဘာဝ ဘေး အန္တရာယ်များ/ နည်းပညာဆိုင်ရာ ဘေးအန္တရာယ်များ မှ လုံခြုံရေး | လွန်ခဲ့သော ၁၀နှစ်အတွင်းတွင် ရပ်ရွာက တွေ့ကြုံခဲ့ရသော ပျက်စီးမှု အများပြားဆုံး သဘာဝ ဘေးအန္တရာယ် များမှာ မည်သည်တို့ပါနည်း။ (အသက်ဆုံးရှုံးမှု၊ ပိုင်ဆိုင် ပစ္စည်း၊ အသက်မွေးဝမ်းကျောင်း၊ | ● အတိတ်ဖြစ်စဉ် ဖြတ်သန်းဖော် ပြခြင်း<br>● ရာသီအလိုက် ပြက္ခဒိန် | ● ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ |

| | | | |
|---|---|---|---|
| | ရပ်ရွာတွင်းရှိ အရေးပါ သော အဆောက်အအုံ ပစ္စည်းကိရိယာများ စသည်တို့ နှင့် စပ်လျဉ်း၍ ဆုံးရှုံးမှု အများဆုံးကို ဆိုလိုပါသည်။)<br>လူမည်မျှ ထိခိုက်ပါသနည်း။<br>၎င်းတို့မှာ နေထိုင်ရာနေရာမှ စွန့်ခွာသွားကြရပါသလား။ မည်မျှကြာအောင် စွန့်ခွာသွားရပါသနည်း။<br>စွန့်ခွာသွားရခြင်းကြောင့် မိသားစု/ရပ်ရွာအပေါ် မည်သို့သော သက်ရောက်မှုများ၊ ထိခိုက်မှုများ ရှိပါသနည်း။<br><br>လူအများ၏ ဘဝနေထိုင်မှု၊ အိုးအိမ် ပိုင်ဆိုင်ပစ္စည်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ၊ ရပ်ရွာ၏ အရေးပါသော အဆောက်အအုံ၊ ပစ္စည်းကိရိယာ၊ နေရာ ဌာနများအပေါ် ဘေးအန္တရာယ်များ ကြောင့် လက်ငင်းသက်ရောက်မှုများနှင့် ကာလရှည် ထိခိုက်မှုများမှာ မည်သည်တို့ပါနည်း။<br><br>လွန်ခဲ့သော ၁၀နှစ်အတွင်းတွင် ရပ်ရွာ၌ ဘေးအန္တရာယ် မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် ရပ်ရွာသည် မည်သို့ ဆောင်ရွက်ခဲ့ပါသနည်း။ မိသားစုနှင့် ရပ်ရွာအဆင့် တွင် မည်သည့် လုပ်ငန်းများကို ယခင်က ဆောင်ရွက်ခဲ့ပြီး ယခု မဆောင်ရွက်ပါသနည်း။<br><br>လာမည့် ၁၀နှစ်အတွင်းတွင် အခြား မည်သည့် ဘေးအန္တရာယ်၊ ခြိမ်းခြောက်မှုများနှင့် အန္တရာယ်များ ဖြစ်ပွားမည်ဟု ရပ်ရွာက ခန့်မှန်းပါသနည်း။ (ကမ်းရိုးတန်းမြေများ လျော့နည်းသွားခြင်းစသည်)<br>မုတ်သုန်ရာသီတိုတောင်းခြင်း | ရေးဆွဲခြင်း<br>● အဆင့်သတ်မှတ်ခြင်း<br>● အုပ်စုလိုက် ဆွေးနွေးခြင်း | |

| ၇။ လူမှုရေး/အဖွဲ့အစည်း ဆိုင်ရာ | | | |
|---|---|---|---|
| ၁။ အခြေခံ ဝန်ဆောင်မှု များကို ရယူ အသုံးပြုနိုင် ခြင်း<br>အခြားဝန်ဆောင်မှု များ<br>• အင်ဂျီအိုများက ပေးအပ် သော ဝန်ဆောင်မှုများ၊<br>• ခရစ်ယာန် ဘုရား ကျောင်းများက ပေးအပ်သော ဝန်ဆောင်မှုများ<br>• ဘုရားစေတီများ တွင် ရရှိနိုင်သော ဝန်ဆောင်မှုများ<br>• စီးပွားရေး လုပ်ငန်း များ(ဆန်စက်)/ ပုဂ္ဂလိက ကဏ္ဍမှ ပေးအပ်သော ဝန်ဆောင်မှု များ | ရပ်ရွာအတွင်းတွင် အစိုးရက ပေးအပ်သည့် မည်သည့် အခြေခံဝန်ဆောင်မှုများ ရရှိနိုင်ပါသနည်း။ ဥပမာ-ကျန်းမာရေး ပြုစုစောင့်ရှောက်မှု၊ ပညာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကယ်ဆယ်ရေး အကူအညီ၊ အသက်မွေး ဝမ်းကျောင်း အကူအညီ၊ လုံခြုံရေးနှင့် ဥပဒေ အကူအညီ စသည်တို့ဖြစ်ပါသည်။<br>ရပ်ရွာကို အခြေခံဝန်ဆောင်မှုများ ဖြည့်ဆည်းပေးသည့် အခြား အဖွဲ့အစည်းများ ရှိပါသလား။ ဘေးအန္တရာယ် မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ် နှင့် ဖြစ်ပွားပြီးနောက် ရပ်ရွာတွင် မည်သည့်ဝန်ဆောင်မှု များကို ရရှိနိုင်ပါသနည်း။ အစိုးရက ပေးအပ်သည့် မည်သည့် အခြေခံဝန်ဆောင်မှုများကို မည်သူတို့ ရယူအသုံးပြုနိုင်ပါသနည်း။ ရပ်ရွာအတွင်းတွင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ပြည်သူလူထု အဖွဲ့အစည်းများ၊ လက်ရှိ ရှိနေပါသလား။ | • တွေ့ဆုံမေးမြန်း ခြင်း<br>• ဗင် Venn အခြေပြု ပုံ ရေးဆွဲခြင်း | • ကျေးရွာအဖွဲ့<br>• ရပ်ရွာတွင် နေထိုင်သူများ<br>• ရွာသူကြီး<br>• သံဃာတော် များ |
| ၂။ မိသားစု/ရပ်ရွာ စုစည်းညီညွတ်ခြင်း | မိသားစုကို မည်သို့ ယူဆ/အဓိပ္ပါယ် သတ်မှတ်ပါသနည်း။<br>ရပ်ရွာတွင် နေထိုင်သူများမှာ မည်သူတို့ ပါနည်း။ (တိုင်းရင်းသားလူမျိုးများ ပါဝင်မှု) ဇာတိရပ်ရွာမှာ မည်သည့်နေရာ ဒေသဖြစ်ကြပါသနည်း။ ရပ်ရွာအတွင်း မည်သည့် ပွဲလမ်းအခမ်းအနားများတွင် မတူညီသော အုပ်စုများ တွေ့ဆုံပြီး အချင်းချင်း အကူအညီ ပေးကြပါသနည်း။ ဘေးအန္တရာယ် မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီး နောက် | • တွေ့ဆုံမေးမြန်း ခြင်း<br>• စာရွက်စာတမ်း များကို ပြန်လည် သုံးသပ်ခြင်း | • ပြည်သူလူထု အဖွဲ့အစည်း<br>• လူအများ |

| | | | |
|---|---|---|---|
| | မတူညီသောအုပ်စုများသည် မည်သည့်နည်းလမ်း များဖြင့် အချင်းချင်း အကူအညီ ပေးကြပါသနည်း။ ဘေးအန္တရာယ်များသည် ရပ်ရွာတွင် နေထိုင်ကြသူများအကြား ဆက်ဆံရေး များအပေါ် မည်သို့ အပြုသဘောနှင့် ဆိုးကျိုး သက်ရောက်မှုများ ရှိပါသနည်း။ ဘေးအန္တရာယ် ဖြစ်ပွားနေစဉ် နှင့် ဖြစ်ပွားပြီးနောက် ၎င်းတို့သည် အချင်း ချင်း မည်သို့ အကူအညီပေးကြပါသနည်း။ ကျေးရွာ /ရပ်ကွက်ကောင်စီများ၏ လုပ်ငန်း တာဝန်များနှင့် အခန်းကဏ္ဍ များ မှာ မည်သည်တို့ပါနည်း။ ရပ်ရွာအတွင်း တွင် အခြားမည်သည့် အဖွဲ့အစည်း များကို တည်ထောင်ပြီး ဖြစ်ပါသနည်း။ ယင်းအဖွဲ့အစည်းများသည် ဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရန် မည်သို့ အကူအညီ ပေးပါသနည်း။ သို့မဟုတ် ဘေးအန္တရာယ်များကို တုန့်ပြန်ရန်နှင့် ဘေးလျော့ပါးစေရန် ပြင်ဆင်ရေးအတွက် ရပ်ရွာကို မည်သို့အကူအညီပေးပါသနည်း။ | | |
| ဃ။ စေ့ဆော်မှု/သဘောထားဆိုင်ရာ | | | |
| ၁။ အပြောင်းအလဲ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ အစီအစဉ် ရေးဆွဲနိုင် ရန် စွမ်းဆောင်နိုင် သည်ဟု ခံယူခြင်း | လက်ရှိ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ပြည်သူလူထု အဖွဲ့အစည်းများ ရပ်ရွာ အတွင်း ရှိပါသလား။ ရပ်ရွာအတွင်းတွင် ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ပတ်သက်သော လက်ရှိအဖွဲ့အစည်း မည်မျှ ရှိပါသနည်း။ ယင်းအဖွဲ့အစည်းများတွင် ရပ်ရွာအတွင်း၌ စေတနာ့ဝန်ထမ်း ဆောင်ရွက်သည့် အဖွဲ့ခွဲ ရှိပါသလား။ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုတို့ကို လျှော့ချရန်အတွက် ရပ်ရွာသည် မည်သို့ စီစဉ်ထားပါသနည်း။ မည်သည်တို့ကို | • အုပ်စုလိုက်နှင့် တစ်ဦးချင်း တွေ့ဆုံ မေးမြန်းခြင်း | • ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>• ရွာသူကြီး<br>• ရပ်ရွာတွင် နေထိုင်သူများ |

| | | | |
|---|---|---|---|
| | ဆောင်ရွက်ပြီး ဖြစ်ပါသနည်း။ | | |
| ၂။ ပြင်းထန်စွာ ထိခိုက်မှု၊ မသေချာမှု၊ မလုံခြုံမှု တို့ကို ရင်ဆိုင်ဖြေရှင်း နိုင်စွမ်း | ဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက် နေစဉ်နှင့် ကျရောက်ပြီး အချိန်တွင် လူအများ တွေ့ကြုံ ခံစားရသော ပြင်းထန် စွာ ထိခိုက်မှု၊ မသေချာမှု၊ မလုံခြုံမှု များမှာ မည်သည်တို့ပါနည်း။<br>ဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီး အချိန်တွင် ရပ်ရွာအနေဖြင့် မည်သို့ ခံစားရပါသနည်း။ ခံစားမှုများ အားလုံးကို ကိုင်တွယ် ဖြေရှင်းရန် ရပ်ရွာတွင် နေထိုင်သူများသည် မည်သည် တို့ကို ဆောင်ရွက်ကြပါသနည်း။ | • မေးခွန်းလွှာနှင့် တွေ့ဆုံမေးမြန်း ခြင်း | • ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များ<br>• ရပ်ရွာတွင် နေထိုင်သူများ<br>• ဝမ်းဆွဲဆရာမ များ |

ဦးတည်ရည်ရွယ်သော ရပ်ရွာများသည် ခြိမ်းခြောက်နေသောအန္တရာယ်များ (ဥပမာ- ဆူနာမီ၊ ငလျင်လှုပ်ခြင်း)ကြောင့် ထိခိုက်မည့်အနေအထားရှိသော်လည်း ဘေးအန္တရာယ်မကြုံတွေ့ရသေးပါက အောက်ပါ မေးခွန်းများကို မေးမြန်းပါ။

- မည်သည့် ဘေးရန်များသည် ရပ်ရွာကို ခြိမ်းခြောက်လျက်ရှိပါသနည်း။
- ဘေးရန်များသည် မည်သည့် နေရာတွင် မည်ကဲ့သို့ ဖြစ်ပွားမည်နည်း။
- ဘေးရန်များသည် အဘယ်ကြောင့် ဖြစ်ပွားမည်နည်း။
- ယင်းဘေးရန်များဖြစ်ပွားပါက ရပ်ရွာအတွင်းတွင် အသက်ရှင်နေထိုင်မှု၊ အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အဓိကအရေးပါသော ပစ္စည်းကိရိယာနေရာဌာနများ မည်သို့ ဖြစ်မည်နည်း။



## ၄-၃ PDRAကိုမည်သို့ဆောင်ရွက်မည်နည်း . . . အဆင့်ခွဲ၁မှ၃အထိနည်းလမ်းများ

**အဆင့်ခွဲ၁။** *ရပ်ရွာအတွင်းရှိဘေးရန်များကို* သတ်မှတ်ဖော်ထုတ်ပါသည်။ ထွက်ပေါ်ရလဒ်များကို ဖော်ထုတ်ပြီး ဘေးရန်၏ သဘောသဘာဝကို သိနိုင်ရန် ဖြစ်ပွားနိုင်သည့် အကြိမ် အရေအတွက်၊ ရာသီအလိုက်ဖြစ်ပွားခြင်း၊ ဖြစ်ပွားသည့်နေရာဒေသ၊ စောစီးစွာသတိပေးရန် ဖြစ်နိုင်ခြေ၊ ဘေးရန်နှင့် စပ်လျဉ်း၍ လူအများ၏ ဗဟုသုတတို့ကို စာရင်းပြုစု ဖော်ပြခြင်းဖြစ်ပါသည်။

**အဆင့်ခွဲ ၂။** ရပ်ရွာ၏ဘေးအန္တရာယ် ကျရောက်လွယ်မှုများနှင့် စွမ်းဆောင်နိုင်ရည်များ ဆိုရာတွင် ရပ်ရွာ၏ဘေးရန်များ အန္တရာယ်ကျရောက်လွယ်မှုနှင့် သဘာဝ

အရင်းအမြစ်များ၊ ပစ္စည်းကိရိယာနေရာဌာန ဝန်ဆောင်မှုများကို ဖော်ထုတ်ခြင်း သို့မဟုတ် ဒစ်ဂျစ်တယ် နည်းပညာသုံး မြေပုံများ ရေးဆွဲခြင်း ဖြစ်ပါသည်။

**အဆင့်ခွဲ ၃။** ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရပ်ရွာ၏ အထွေထွေအန္တရာယ်ကျရောက်လွယ်မှုများချင့် စွမ်းဆောင်ရည်များကိုအကဲဖြတ် ဖော်ထုတ်ခြင်းဖြစ်ပါသည်။ သို့ရာတွင် အချက်အလက်များကို ကျား-မ အလိုက် ခွဲခြားထားရန်ဆောင်ရွက်ရပါသည်။ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ ကဲ့သို့သော ထူးခြားသည့်လိုအပ်ချက်ရှိသော အဖွဲ့များကို အများဆုံး ထည့်သွင်း စဉ်းစားပေးပါသည်။

သတင်းအချက်အလက်များ ကောက်ယူနိုင်ရန် အဆင့်ခွဲ ၁ မှ ၃ အတွက် အောက်ဖော်ပြပါ PRA နည်းလမ်းများကို အသုံးပြုနိုင်ပါသည်-

## ၄-၃-၁ အချိန်ပြမျဉ်း

အချိန်ပြမျဉ်းသည် ရပ်ရွာအတွင်းတွင် ဖြစ်ပွားခဲ့သော ဘေးရန်၊ ဖြစ်စဉ်နှင့် အရေးပါသော ဖြစ်ရပ်များကိုဖော်ပြသည့် လွန်စွာရိုးရှင်းသော နည်းလမ်းကိရိယာ ဖြစ်ပါသည်။ ကော်လံတစ်ခု တွင် ခုနှစ်ကိုဖော်ပြပြီး အခြားကော်လံတစ်ခုတွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကို ဖော်ပြပါသည်။

### *ရည်ရွယ်ချက်*

ရပ်ရွာအတွင်းတွင် ဖြစ်ပွားသော အရေးပါအရာရောက်သည့် ဘေးအန္တရာယ် ဖြစ်ရပ်များ ကို လေ့လာသိရှိရန်

### *အဓိကမေးခွန်းနမူနာများ*

၁။ ရပ်ရွာအတွင်းတွင် ဖြစ်ပွားခဲ့သော သို့မဟုတ် ဖြစ်ပွားနေသော ဘေးရန်ဖြစ်ရပ် များမှာ မည်သည်တို့နည်း။ မည်သည့်အချိန်တွင် ဖြစ်ပွားခဲ့သနည်း။

၂။ မည်သည့် ထူးထူးခြားခြားဖြစ်ရပ်များသည် ရပ်ရွာကို ထိခိုက်ခဲ့ပါသနည်း။ မည်သည့် အချိန် တွင် ဖြစ်ပွားခဲ့ပါသနည်း။

### *ဦးဆောင်ဆွေးနွေးပုံ*

ဤနည်းလမ်းကိရိယာမှာ ရပ်ရွာတွင် နေထိုင်သူများ စုဝေးရောက်ရှိလာရန် စောင့်ဆိုင်းနေစဉ် အသုံးပြုပါက ထိရောက်မှု ရှိပါသည်။

၁။ PDRA ဦးဆောင်ဆွေးနွေးသူတစ်ဦးသည် ရပ်ရွာတွင်နေထိုင်သူအချို့အား ရပ်ရွာအတွင်း တွင် မည်သည့်ဘေးအန္တရာယ်များ၊ မည်သည့်ခုနှစ်တွင် ဖြစ်ပွားခဲ့ကြောင်း စတင်၍ မေးမြန်း နိုင်ပါသည်။

၂။ PDRAဦးဆောင်ဆွေးနွေးသူသည် အဖြေများကို စာရွက်လှန်ကားချပ်ပေါ်တွင် စတင်၍ ရေးသားနိုင်ပါသည်။

၃။ ရပ်ရွာတွင်နေထိုင်သူများ ဆွေးနွေးနေစဉ် ရပ်ရွာမှ စာရေးကျွမ်းကျင်သူတစ်ဦးအား စာရွက်လှန်ကားချပ်ပေါ်တွင် ရေးသားရန် တာဝန်ကို လွှဲအပ်ပေးနိုင်ပါသည်။

သဘာဝဘေးဖြစ်စဉ်ဇယားနမူနာကို ဇယား ၄တွင် ဖော်ပြထားပါသည်။

**ဇယား ၄ ရန်ကုန်တိုင်း၊ သရက်ချောင်းကျေးရွာ၏ သမိုင်းဖြစ်စဉ် ဖြတ်သန်းလမ်းလျှောက်ခြင်း**

| ခုနှစ် | အဖြစ်အပျက် |
|---|---|
| ၁၉၇၄ | ရေကြီးခြင်း (တစ်မြို့နယ်လုံး) |
| ၁၉၈၈ | ရွာတွင် ရေကြီးခြင်း၊ တံတားပျက်စီးခဲ့သည်။ |
| ၂၀၀၁ | ရေကြီးခြင်း၊ အပျက်အစီး မရှိပါ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ ဖြစ်ပါသည်။ (ရေအမြင့် ၄ပေ-၅ပေ) |
| | ရေကြီးခြင်း၊ အပျက်အစီး မရှိပါ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ရှိပါသည်။ (ရေအမြင့် ၃ပေ-၄ပေ) |
| ၂၀၀၄ | ရေကြီးခြင်း၊ အပျက်အစီး မရှိပါ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ရှိပါသည်။ (ရေအမြင့် ၃ပေ) |
| ၂၀၀၇ | ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ ကျောင်း (၅)ကျောင်းတွင် အမိုးများ လန်ခြင်း၊ သစ်ပင် (၁၆၂)ပင် ထိခိုက်ခံရခြင်း၊ (၁၂)ရက်ကြာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း။ |

## ၄-၃-၂ ဘေးရန်နှင့် အရင်းအမြစ်မြေပုံ

ရပ်ရွာတွင်နေထိုင်သူများသည် ၎င်းတို့ ရပ်ရွာရင်ဆိုင်နေရသော ဘေးရန်များကို သိရှိကြပါသည်။ ထို့ကြောင့် ဘေးရန်မြေပုံကို ၎င်းတို့ကိုယ်တိုင်အတွက်ရေးဆွဲရန်မလိုအပ်ပါ။ ဘေးရန်မြေပုံများမှာ အင်ဂျီအို လုပ်သားများ ကဲ့သို့သော ပြင်ပမှပုဂ္ဂိုလ်များအတွက်ရေးဆွဲခြင်းဖြစ်ပါသည်။ သို့ရာတွင် ဘေးရန်နှင့် အရင်းအမြစ်မြေပုံ ရေးဆွဲခြင်းဖြင့် ရေလွှမ်းမိုးမှု ကဲ့သို့သော ဖြစ်ရပ်များကြောင့်အန္တရာယ်ကျရောက်လွယ်သောရပ်ရွာအတွင်းနေထိုင်သူများ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ရှင်းလင်းသိသာစွာ ဖော်ထုတ်နိုင်စေသည့် နည်းလမ်းကိရိယာဖြစ်ပါသည်။ ဤနည်းလမ်းကိရိယာဖြင့် ရပ်ရွာတွင် နေထိုင်သူများသည် ၎င်းတို့၏ အရင်းအမြစ် အခြေခံကို ကြည့်ရှုလေ့လာ၍

ပုံ ၇ အရင်းအမြစ်ပြမြေပုံ၊ အောင်လှိုင်(၁) ကျေးရွာ



စွမ်းဆောင်ရည်များကို စာရင်းပြုစုနိုင်ပါသည်။ ကလေးသူငယ်များသည်၎င်းတို့ရပ်ရွာ၏မြေပုံကို ကောင်းစွာရေးဆွဲနိုင်ကြပါသည်။

### *ရည်ရွယ်ချက်များ*

၁။ ဘေးရန်တစ်စုံတစ်ရာများကြောင့် အန္တရာယ်ဖြစ်နိုင်ခြေရှိသော နယ်ပယ်များနှင့် အန္တရာယ်ကျရောက်လွယ်သော ရပ်ရွာတွင် နေထိုင်သူများကို ဖော်ထုတ်ရန်

၂။ ဘေးအန္တရာယ်စီမံခန့်ခွဲရာ၌ ရပ်ရွာတွင်နေထိုင်သူများ အသုံးပြုနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်ရန်

### *အဓိကမေးခွန်းများ နမူနာ*

၁။ ရပ်ရွာကို အန္တရာယ်ဖြစ်စေသော ဘေးရန်များမှာ မည်သည်တို့နည်း။

၂။ ရပ်ရွာတွင်းရှိ မည်သည့်နေရာဒေသ/နယ်ပယ်များသည် အန္တရာယ်ကျရောက်လျက်ရှိပါသနည်း။

၃။ ရပ်ရွာ၏အခြေခံအဆောက်အဦများ သို့မဟုတ် အရေးပါသော ပစ္စည်းကိရိယာ နေရာဌာနဝန်ဆောင်မှုများအနက် မည်သည့်တို့သည် အန္တရာယ်ရှိနေပါသနည်း။

၄။ အန္တရာယ်နှင့်အထိတွေ့ရဆုံးသူများအကူအညီလိုအပ်ဖွယ်ရာရှိသူများသည် မည်သူတို့နည်း။

၅။ ရပ်ရွာအတွင်းတွင် မည်သည့် အရင်းအမြစ်များ ရှိပါသနည်း။

၆။ ရပ်ရွာအတွင်းတွင် မည်သူတို့သည် အရင်းအမြစ် အနည်းဆုံး ရှိသူများ ဖြစ်ပါသနည်း။ (မိသားစု သို့မဟုတ် ရပ်ရွာတွင်နေထိုင်သူများ)

၇။ ရရှိနိုင်သောအရင်းအမြစ်များကိုမည်သူတို့ကရယူအသုံးပြုနိုင်ပြီးထိန်းချုပ်ထားနိုင်ပါသနည်း။

၈။ မည်သည့် အရင်းအမြစ်များမှာ အန္တရာယ်ဖြစ်နိုင်ခြေ ရှိနေပါသနည်း။

၉။ အဘယ်ကြောင့် အန္တရာယ် ဖြစ်နိုင်ခြေ ရှိပါသနည်း။

### *ဦးဆောင်ဆွေးနွေးပုံ*

မြေပုံရေးဆွဲခြင်းမှာ ရပ်ရွာတွင် နေထိုင်သူများ စုံညီစွာ ရောက်ရှိလာရန် စောင့်ဆိုင်းနေစဉ် အသုံးပြုနိုင်သော လေ့ကျင့်ခန်းတစ်မျိုး ဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းကို မည်သည့်အချိန်တွင်မဆို ကြားဖြတ်ပြောဆိုဆွေးနွေးနိုင်ပါသည်။ မြေပုံကို စာရွက်လှန်ကားချပ်ပေါ်တွင် ရေးဆွဲပါက နံရံပေါ်တွင်ချိတ်ဆွဲထားနိုင်ပြီး ရပ်ရွာတွင်နေထိုင်သူများအနေဖြင့် ၎င်းတို့ အလိုရှိသည့်အချိန်တွင်ထပ်မံဖြည့်စွက်နိုင်ပါသည်။ ရပ်ရွာတွင်နေထိုင်သူများသည် မြေပြင်တွင်လည်း လက်ချောင်း သို့မဟုတ် တုတ်ချောင်းဖြင့် မြေပုံရေးဆွဲနိုင်ပါသည်။ ၎င်းတို့ မြေပုံရေးဆွဲနေစဉ် ကြားမဖြတ်ပါနှင့်။ မြေပုံရေးဆွဲပြီးမှသာ မှတ်စုရေးသားသူက မှတ်စုစာအုပ်တွင် ကူးယူရေးသားရန် ဖြစ်ပါသည်။

၁။ PDRA ဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင် နေထိုင်သူများအား ရပ်ရွာအတွင်း ထင်ရှားသော နေရာအမှတ်အသားတစ်ခုကို ဖော်ထုတ်ပါစေ။
၂။ ကနဦးတွင် PDRA ဦးဆောင်ဆွေးနွေးသူက ယင်း အထင်ကရ နေရာကို ကိုယ်စားပြုရန် အမှတ်အသားတစ်ခု ပြုလုပ်ပါ။ သို့မဟုတ် ကျောက်ခဲတစ်လုံးဖြင့် မှတ်သားထားပါ။
၃။ ထို့နောက် PDRA ဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင်နေထိုင်သူများအား ရပ်ရွာ၏ နယ်နိမိတ်ကို ရေးဆွဲပါစေ။
၄။ ထို့နောက် နေအိမ်များ၊ အရေးပါသော ပစ္စည်းကိရိယာ အဆောက်အဦများ၊ ရပ်ရွာတွင်းရှိ အရင်းအမြစ်များ တည်ရှိရာနေရာကို ရေးဆွဲဖော်ပြပါစေ။
၅။ အရင်းအမြစ်များကို မည်သူတို့ ရယူသုံးစွဲနိုင်ပြီး ထိန်းချုပ်ထားသနည်း ကဲ့သို့သော မေးခွန်းများကို PDRA ဦးဆောင်ဆွေးနွေးသူက မေးမြန်းရန် ဖြစ်ပါသည်။
၆။ ထို့နောက် မိုးခေါင်ရေရှားခြင်း၊ သို့မဟုတ် ရေလွှမ်းမိုးခြင်းကဲ့သို့သော ဘေးရန်များကြောင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသည့်နေရာဒေသများကိုရပ်ရွာတွင်နေထိုင်သူများအားမှတ်သားစေရန် ဖြစ်ပါသည်။
၇။ ထို့နောက် ရပ်ရွာတွင် နေထိုင်သူများသည် အန္တရာယ်ကျရောက်လွယ်သော နေရာဒေသများတွင် ရှိနေခြင်းကြောင့်လည်းကောင်း၊ ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန် သို့မဟုတ်ဘေးအန္တရာယ်မှပြန်လည်ထူထောင်ရန်အတွက် အရင်းအမြစ်နည်းပါးခြင်းကြောင့်လည်းကောင်းအန္တရာယ်ကျရောက်နိုင်ခြေအများဆုံးဖြစ်သူများကိုရပ်ရွာတွင်နေထိုင်သူများက ဖော်ထုတ်ရန် ဖြစ်ပါသည်။

## ၄-၃-၃ ရာသီအလိုက် ပြက္ခဒိန်

ရာသီအလိုက် ပြက္ခဒိန်တွင် ရာသီအလိုက် အပြောင်းအလဲများ၊ ၎င်းတို့နှင့် ဆက်စပ်နေသော ဘေးရန်များ၊ရောဂါများ၊ ရပ်ရွာတွင်ဖြစ်ပွားသောဖြစ်ရပ်များနှင့် တစ်နှစ်တာအတွင်း လတစ်လစီနှင့် ဆက်စပ်မှုရှိသော အခြား သတင်းအချက်အလက်များ အများအပြား ပါဝင်နိုင်ပါသည်။ ပြောင်းလဲမှု၏အဆင့်၊ ပြင်းထန်မှု (သို့မဟုတ်) အတိုင်းအတာကို သစ်ရွက်များ အသုံးပြု၍ ဖော်ပြပါ။

### *ရည်ရွယ်ချက်*

ရာသီအလိုက် လုပ်ဆောင်ချက်များ၊ ဘေးရန်များ၊ အန္တရာယ်များအကြောင်း လေ့လာရန်

### *အဓိက အရေးပါသော မေးခွန်းနမူနာများ*

၁။ နှစ်တစ်နှစ်တွင် မည်သည့် ရာသီများရှိပါသနည်း။
၂။ ရပ်ရွာအတွင်း ဖြစ်ပွားသော ဘေးရန်များ/အန္တရာယ်များမှာ မည်သည်တို့နည်း။ မည်သည့် အချိန်တွင် ဖြစ်ပွားသနည်း။

၃။ မည်သည့် အချိန်တွင် စားနပ်ရိက္ခာ ရှားပါးသနည်း။
၄။ မိုးရာသီ သို့မဟုတ် ဆောင်းရာသီတွင် အဖြစ်များသော ရောဂါများမှာ မည်သည်တို့နည်း။

### *ဦးဆောင်ဆွေးနွေးပုံ*

၁။ PDRA ဦးဆောင်ဆွေးနွေးသူသည် လေ့ကျင့်ခန်း မစတင်မီ ပြက္ခဒိန်ကို စာရွက်လှန်ကားချပ်ပေါ်တွင် ကြိုတင်ပြင်ဆင်ထားရပါမည်။
၂။ များသောအားဖြင့် ဤလေ့ကျင့်ခန်းကို ရပ်ရွာတွင်နေထိုင်သူများအား မည်သည့်လများသည် မိုးရာသီဖြစ်ကြောင်း၊ နွေရာသီဖြစ်ကြောင်း၊ မည်သည့်ရာသီတွင် ကောက်ပဲသီးနှံများစိုက်ပျိုးကြောင်း၊ ရိတ်သိမ်းကြောင်း မေးမြန်းခြင်းဖြင့် စတင်လေ့ရှိပါသည်။
၃။ ရပ်ရွာတွင်နေထိုင်သူအသီးသီးသည် နည်းလမ်းအမျိုးမျိုးဖြင့် ပြက္ခဒိန်တွင် အမှတ်အသားပြုလုပ်ရန် ဖြစ်ပါသည်။ အချို့က မိုးရာသီနှင့် နွေရာသီလများကို ဖော်ပြရန် မျဉ်းဖြောင့်များရေးဆွဲနိုင်ပါသည်။ အခြားသူများက နွေရာသီကို နေ ပုံဖြင့်လည်းကောင်း၊ ကောက်ပဲသီးနှံရိတ်သိမ်းသောရာသီကို ကောက်လှိုင်းစည်းများဖြင့် လည်းကောင်း ရေးဆွဲဖော်ပြနိုင်ပါသည်။ ၎င်းတို့ဖော်ပြလိုသည်ကို ၎င်းတို့ကိုယ်တိုင်တီထွင်ဖန်တီးသောနည်းလမ်းအမျိုးမျိုးဖြင့်ဖော်ပြနိုင်ပါသည်။ ရာသီအလိုက်ပြက္ခဒိန် ဥပမာတစ်ခုကို ဇယား ၅ တွင် ဖော်ပြထားပါသည်။

**ဇယား ၅ ရာသီအလိုက် ပြက္ခဒိန်ဥပမာ**

| ဘေးရန်များ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တောမီး | | | ● | ●● | ●●● | | | | | | | |
| ရေဘေး | | | | | | ● | ●●●● | ●●● | ●● | ● | | |
| မီးဘေး | | | ● | ●● | ●●● | | | | | | | |
| ဖျားနာ (သက်ကြီးရွယ်အို) | ●● | | | | ● | ● | ●● | | | | ●● | ●●● |
| ဝမ်းလျှော (သက်ကြီးရွယ်အို+ကလေး) | | ● | ●● | ●●● | ●● | ●●● | ● | | | | | |
| သွေးလွန်တုပ်ကွေးရောဂါ (ကလေး) | | | | | | ●● | ●●● | ●●● | ● | | | |

## ၄-၃-၄ အဆင့်သတ်မှတ်ခြင်း

အဆင့်သတ်မှတ်ခြင်းလေ့ကျင့်ခန်းများကို အသုံးပြုခြင်းသည် ပြဿနာများကို ဆန်းစစ်လေ့လာရန် သို့မဟုတ် ဖြေရှင်းချက်များကို ချိန်ဆစဉ်းစားနိုင်ရန် အထောက်အကူပြုပါသည်။ အလွန်အသုံးဝင်သော နည်းလမ်းကိရိယာတစ်ရပ်မှာ အရွယ်မတူညီသော သစ်ရွက်များ၊ သို့မဟုတ် ကျောက်ခဲများကို အသုံးပြု၍ ပြဿနာများ၊ လိုအပ်ချက်များ၊ ဖြေရှင်းချက်များကို ရှေ့နောက်စီစဉ်ခြင်း ဖြစ်ပါသည်။ သစ်ရွက်များ၊ ကျောက်ခဲများမှာ ငွေကုန်ကြေးကျခံ၍ ဝယ်ယူရန် မလိုအပ်ဘဲ ရပ်ရွာအတွင်း နေရာအနှံ့အပြားတွင် တွေ့ရှိနိုင်ပါသည်။ အဆင့်သတ်မှတ်ခြင်းမှာ သာမန်အားဖြင့် အချိန်ကြာမြင့်စွာ ပြုလုပ်ရတတ်ပါသည်။ အကြောင်းမှာ ရပ်ရွာတွင်နေထိုင်သူများက ပြဿနာများ၊ သို့မဟုတ် လိုအပ်ချက်များကို အဘယ်ကြောင့် ရှေ့တွင် ထားသင့်သည်၊ နောက်တွင်ထားသင့်သည်ဟူသော အကြောင်းများကို ဆွေးနွေးရခြင်းကြောင့်ဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းသည် ဆွေးနွေးညှိနှိုင်းနိုင်ရေးကူညီပံ့ပိုးခြင်းကြောင့်ရပ်ရွာအတွက်တန်ဖိုးရှိပါသည်။

### *ရည်ရွယ်ချက်*

ရပ်ရွာတွင်နေထိုင်သူများ၏ ဦးစားပေးများကိုသိရှိရန်နှင့် ရပ်ရွာက ရင်ဆိုင်နေရသော အရေးပါအရာရောက်ဆုံး ပြဿနာများကို သိရှိရန်

### *အဓိကမေးခွန်း နမူနာများ*

၁။ ရပ်ရွာတွင် ကြုံတွေ့နေရသော အဓိက ကိစ္စရပ်များမှာ မည်သည်တို့နည်း။

၂။ အကြောင်းရင်းများအားလုံးကို ရှေ့နောက်စီစဉ်မည်ဆိုပါက ပထမဆုံး ဖြေရှင်းသင့်သည့် အရေးကြီးဆုံး အကြောင်းအချက်မှာ အဘယ်ပါနည်း။

၃။ ဒုတိယအကြောင်းအချက်၊ တတိယအကြောင်းအချက်များမှာ မည်သည်တို့နည်း။

### *ဦးဆောင်ဆွေးနွေးပုံ*

၁။ PDRA ဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင် နေထိုင်သူများ သို့မဟုတ် လူငယ်များအား ရပ်ရွာတွင် မည်သည့်ပြဿနာများကို အဓိက ကြုံတွေ့နေရကြောင်း မေးမြန်းပါ။

၂။ ဦးဆောင်ဆွေးနွေးသူက ဖြစ်စေ၊ ရပ်ရွာတွင်နေထိုင်သူတစ်ဦးက ဖြစ်စေ၊ ပြဿနာများကို စာရွက်လှန်ကားချပ်ပေါ်တွင် စာရင်းပြုစုရေးသားထားရန် ဖြစ်ပါသည်။

၃။ ပြဿနာများအားလုံးကို ရေးသားပြီးစီးသောအခါ ဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင် နေထိုင်သူများအား ၎င်းပြဿနာများကို အဆင့်သတ်မှတ်စေပါသည်။ ရပ်ရွာတွင် နေထိုင်သူများဆွေးနွေးနေစဉ် ရှေ့နောက်အဆင့် ပြောင်းလဲနိုင်ခြင်းကြောင့် မင်တံဖြင့် မရေးသားပါနှင့်။

၄။ အဆင့်သတ်မှတ်ရာတွင် ကျောက်ခဲ သို့မဟုတ် သစ်ရွက်များကို ကောင်းစွာအသုံးပြုနိုင်ပါသည်။ (အရွယ်အစားမတူညီသောရောင်စုံစက္ကူများကိုပင် အသုံးပြုနိုင်ပါသည်။) ရပ်ရွာတွင်

နေထိုင်သူများ၏ဆွေးနွေးညှိနှိုင်းမှုအပေါ် အခြေခံ၍ အဆင့်သတ်မှတ်မှုများ ပြောင်းလဲသွားသောအခါ ၎င်းကျောက်ခဲသို့မဟုတ်သစ်ရွက်တို့ကို ပြောင်းရွှေ့နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

၅။ မင်တံများကို အသုံးပြု၍ အဆင့်သတ်မှတ်မည်ဆိုပါက ရပ်ရွာတွင် နေထိုင်သူများသည် ၎င်းတို့ သတ်မှတ်ထားသောအဆင့်ကို ဖျက်၍ပြင်ဆင်ရေးသားရန် တစ်ခါတစ်ရံ တွန့်ဆုတ်တတ်ကြပါသည်။

ဇယား-၆ ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ် ၏ အဆင့်သတ်မှတ်ခြင်း နမူနာ

| ဖျာပုံမြို့နယ်ရပ်ရွာတစ်ခု၌ တွေ့ကြုံရသော ပြဿနာများ | အဆင့်သတ်မှတ်ခြင်း |
|---|---|
| သောက်ရေ | ( ၆ ) |
| အခိုအကာ | ( ၈ ) |
| အစားအစာ | ( ၄ ) |
| အိမ်သုံးပစ္စည်း | ( ၉ ) |
| ကျန်းမာရေး | ( ၂ ) |
| အဝတ်အထည် | ( ၁ ) |
| ပြန်လည်ထူထောင်ရေး | ( ၃ ) |
| ဆက်သွယ်ရေး | ( ၇ ) |
| ပို့ဆောင်ရေး | ( ၅ ) |
| စီးပွားရေး | ( ၁၀ ) |

## ၄-၃-၅ ဖြတ်သန်းလမ်းလျှောက်ခြင်း

ဖြတ်သန်းလမ်းလျှောက်ခြင်းမှာ အလွန်ပျော်ရွှင်ဖွယ်ကောင်းသော လေ့ကျင့်ခန်း ဖြစ်ပါသည်။ ရပ်ရွာအတွင်းတွင် လမ်းကြောင်းတစ်ခုအတိုင်း သို့မဟုတ် ဦးတည်ရာ ဘက်တစ်ခုသို့ ဖြတ်သန်းလမ်းလျှောက်ရပါသည်။ အုပ်စုဆွေးနွေးစဉ်တွင် ကြီးစိုးလွှမ်းမိုးသူ တစ်ဦးရှိပါက ဖြတ်သန်းလမ်းလျှောက်ရာတွင် ၎င်းကိုပါဝင်စေသင့်ပါသည်။

### *ရည်ရွယ်ချက်*

ရပ်ရွာ၏အန္တရာယ်ကျရောက်လွယ်မှု၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက် ရရှိနိုင်သော သို့မဟုတ် ရရှိနေသော အရင်းအမြစ်များကို သိရှိရန်

### *အရေးကြီးသော မေးခွန်းနမူနာများ*

၁။ မြေမြင့်ဒေသများတွင် မည်သည့်အရင်းအမြစ်များနှင့် ပစ္စည်းကိရိယာနေရာဌာနများရှိပါသနည်း။

၂။ မြေနိမ့်ဒေသများတွင် မည်သည့်အရင်းအမြစ်များနှင့် ပစ္စည်းကိရိယာနေရာဌာနများ ရှိပါသနည်း။

၃။ ပင်လယ်ကမ်းခြေအနီးတွင် မည်သည့်အရင်းအမြစ်များနှင့် ပစ္စည်းကိရိယာနေရာဌာနများ ရှိပါသနည်း။

၄။ ပင်လယ်တွင် မည်သည့်အရင်းအမြစ်များနှင့် ပစ္စည်းကိရိယာနေရာဌာနများ ရှိပါသနည်း။

## *ဦးဆောင်ဆွေးနွေးပုံ*

၁။ ဤလေ့ကျင့်ခန်းအတွက် မည်သို့သော သတင်းအချက်အလက်များ လိုအပ်ကြောင်း ရပ်ရွာတွင် နေထိုင်သူများနှင့် ဆွေးနွေးပါ။ ဥပမာ- ရေလွှမ်းမိုးခြင်း သို့မဟုတ် မီးလောင်ခြင်း ဖြစ်နိုင်သည့် အန္တရာယ်ရှိသောနေရာများ၊ ရရှိနိုင်သော အရင်းအမြစ်များ (ယင်းအရင်းအမြစ်များမှာလည်း အန္တရာယ်ကျရောက်နိုင်ခြေရှိပါသည်)၊ အရေးပါသော ပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများနှင့် အခြားအရာများ ဖြစ်ပါသည်။

၂။ မည်သည့်ဦးတည်ရာဘက်အတိုင်း ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ မည်သည့်လမ်းကြောင်းဖြင့် သွားလျှင် အကောင်းဆုံးဖြစ်ကြောင်း ရပ်ရွာတွင် နေထိုင်သူများထံမှ အကြံဉာဏ်တောင်းခံပါ။

၃။ ဖြတ်သန်းလမ်းလျှောက်ခြင်း လေ့ကျင့်ခန်းပြုလုပ်နေစဉ် သတင်းအချက်အလက်ပေးနိုင်သော ရပ်ရွာတွင် နေထိုင်သူများကို ခေါ်ဆောင်သွားပါ။

၄။ PDRA ဦးဆောင်ဆွေးနွေးသူနှင့် မှတ်စုရေးသားသူတို့သည် ၎င်းတို့ လေ့လာတွေ့ရှိချက်များ၊ ရပ်ရွာတွင် နေထိုင်သူများက ဖြည့်သွင်းပေးချက် ပြောကြားချက်များကို ရေးသားထားပါ။

၅။ ဖြတ်သန်းလမ်းလျှောက်ခြင်းပြီးဆုံးသောအခါ မြေပုံရေးဆွဲပြီး ၎င်းမြေပုံ မှန်ကန်ကြောင်းကို ရပ်ရွာတွင်နေထိုင်သူများမှ အဓိကအရေးပါသော သတင်းအချက်အလက် ဖြည့်ဆည်းပေးသူများနှင့် အတူ စစ်ဆေးပါ။

## ပုံ ၇ ဖြတ်သန်းလမ်းလျှောက်ခြင်း ဥပမာ (ဖိလစ်ပိုင်နိုင်ငံ Pook Paliparan, Dasmariñas, Cavite )



| မြေမြင့်ဒေသ | မြေနိမ့် | စမ်း ချောင်း | မြေနိမ့် | တူး မြောင်း | ကျေးရွာ | မြေမြင့် | ချောင်း | မြေမြင့် |
|---|---|---|---|---|---|---|---|---|
| ရေအရင်းအမြစ် | | | | | | | | |
| မိုးရေ | မိုးရေ၊ ရေသွင်း | မိုးရေ၊ စီးဆင်း၊ ယိုစိမ့် | မိုးရေ၊ ရေသွင်း | | မိုးရေ၊ ရေတွင်း | မိုးရေ | မိုးရေ | မိုးရေ |
| မြေဆီလွှာ | | | | | | | | |
| သဲမြေ နွံ့မြေ | | ကျောက် | နွံ့ | ကျောက် | သဲ၊ နွံ့၊ နွံ့မြေ | သဲ၊ နွံ့၊ နွံ့မြေ | | နွံ့ |
| သီးနှံများ | | | | | | | | |
| စပါး၊ ကြံ၊ ခရမ်းသီး၊ ပဲ၊ ပြောင်း | စပါး၊ ses-bania၊ ငရုတ် ကောင်း၊ ပဲ၊ ခရမ်း ချဉ်သီး | ဝါး | စပါး၊ ses-bania၊ငရုတ် ကောင်း၊ပဲ၊ ခရမ်းချဉ်သီး | ဝါး | ရုံးပတီ၊ မုန်လာဥ၊ စပျစ်သီး၊ ပဲ | မြေပဲ၊ ပလောပီနံ စပါး၊ ပြောင်း၊ ပဲ | ဝါး | စပါး၊ ပဲ၊ ကြံ |
| စားကျက်များ | | | | | | | | |
| စားကျက် မြက်ခင်း | gliri-cidia | မြက် | azolla | မြက် | | မြေကွက် များတွင် ပေါင်းပင် များ | guines grass | မြက်ခင်း |
| သစ်ပင်များ | | | | | | | | |
| gliricidia၊ သရက်၊ leucaena၊ မာလကာ၊ ငှက်ပျော၊ မန်ကျည်း | Gliricidia | ငှက်ပျော၊ gliricidia၊ leucaena | gliricidia ၊ ငှက်ပျော၊ leucaena၊ acacia ခေါ် ထနောင်းမျိုး၊ တမာ | gliricidia ၊ leucaena | acacia၊ သရက်၊ မာလကာ၊ အုန်း၊ leucaena၊ ပိန္နဲ | သရက် | | သရက်၊ မန်ကျည်း၊ ဇောင်း လျား |
| တိရစ္ဆာန်များ | | | | | | | | |
| နွား၊ carabao၊ ဆိတ် | | ငါးခူ၊ mudfish၊ ငါးသိုင်း၊ ဖား၊ ဂဏန်း | golden snail ခေါ် ခရုမျိုး၊ ဝက်၊ ငါး၊ ဘဲ၊ ဖား | ငါးခူ၊ ဖား၊ ခရု | ခွေး၊ ကြောင်၊ ဝက်၊ ဆိတ်၊ ကျွဲနွား၊ ကြက်ဆင် | ဆိတ်၊ carabao ၊ ကျွဲနွား | ခရု၊ ငါးခူ | ကျွဲနွား၊ carabao ၊ ဆိတ် |
| ပြဿနာများ | | | | | | | | |
| မြေတိုက်စား ခြင်း၊ ရေရှား ခြင်း | ပိုးမွှား နှင့် ရောဂါ | | | | နယ်မြေခံ အရာရှိများ မစည်းလုံး ခြင်း | မြေတိုက် စားခြင်း၊ ရေရှား ခြင်း | | မြေတိုက် စားခြင်း၊ ရေရှား ခြင်း |
| အခွင့်အလမ်းများ | | | | | | | | |
| | | | | | လမ်းသို့ သွားရောက် နိုင်ခြင်း | | | |

## ၄-၃-၆ သမိုင်းဖြစ်စဉ် ပြန်ပြောင်းပုံဖော်ခြင်း

သမိုင်းဖြစ်စဉ် ပြန်ပြောင်းပုံဖော်ခြင်းမှာ ရပ်ရွာအတွင်းတွင် ဘေးရန်များ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် ဖြစ်ပွားမှု တို့ကို ရုပ်ပုံဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ ရပ်ရွာတွင် နေထိုင်သူများသည် ၁၀နှစ် သို့မဟုတ် ၅နှစ်တာကာလကို အခြေခံ၍ ၎င်းတို့၏ အတိတ်ဖြစ်စဉ်ကို ပြန်လည် သုံးသပ်နိုင်ပါသည်။ ဘဝနေထိုင်မှုအပေါ် ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို ဖော်ပြရာတွင် အရေးကြီးဆုံး အချိန်ကာလမှာ လွန်ခဲ့သော ၅နှစ်တာကာလဖြစ်သည်ဟုလည်း ဆုံးဖြတ်နိုင်ပါသည်။

### *ရည်ရွယ်ချက်များ*

၁။ ရပ်ရွာအတွင်းတွင် ဘေးအန္တရာယ်ဖြစ်ပွားသည့် အတိတ်ဖြစ်စဉ်၊ ဘေးအန္တရာယ်များဆီသို့ ဦးတည်သောအကြောင်းအချက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူအများ၏ ဘဝနေထိုင်မှု အပေါ် သက်ရောက်မှုတို့ကို လေ့လာရန်၊

၂။ ဘေးအန္တရာယ်များကြောင့် သဘာဝအရင်းအမြစ် မည်မျှ ထိခိုက်ကြောင်း၊ နောက်ထပ် မည်မျှ ကျန်ရှိနိုင်ကြောင်း ဖော်ပြရန်၊

### *အဓိကမေးခွန်းနမူနာများ*

၁။ သင်၏ဘဝတွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း ဘေးရန်ကြောင့် မည်သို့ ထိခိုက်သနည်း။ (ဥပမာ-ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း)

၂။ အမြဲတစေ ဤသို့ပင် ထိခိုက်ပါသလား။

၃။ ယင်းဘေးရန်များကြောင့်ထိခိုက်မှုသည် ယခင်ကထက်ပိုမိုပြင်းထန်လာသည်ဟု မည်သည့် အချိန်တွင် စတင်၍ သတိပြုမိပါသနည်း။

၄။ ယင်းဘေးရန်များသည် အဘယ်ကြောင့် ယခင်ကထက် ပိုမိုပြင်းထန်လာပါသနည်း။

### *ဦးဆောင်ဆွေးနွေးပုံ*

ဘေးရန်မြေပုံရေးဆွဲပြီးသောအခါ အတိတ်ဖြစ်စဉ်ပြန်ပြောင်းပုံဖော်ခြင်းလေ့ကျင့်ခန်းကိုအသုံးပြု၍ ရပ်ရွာအတွင်းဘေးရန်များ၏အကြောင်းရင်းများနှင့်သက်ရောက်မှုများကို ရှင်းလင်းပြောကြားနိုင်ပါသည်။

၁။ PDRAဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင်နေထိုင်သူများအား ဘဝတွင်ဘေးအန္တရာယ်(များ) ကြောင့် ထိခိုက်မှုအကြောင်း မေးမြန်းရန် ဖြစ်ပါသည်။

၂။ ဦးဆောင်ဆွေးနွေးသူက ဘေးအန္တရာယ်(များ)ဖြစ်ပွားခဲ့သော ခုနှစ်ကို ရေးသားပါ။

၃။ ဘေးအန္တရာယ်(များ) ဖြစ်ပွားရသည့် အကြောင်းရင်းများကို ဦးဆောင်ဆွေးနွေးသူက နောက်ဆက်တွဲမေးခွန်း မေးမြန်းပါ။ ကနဦးတွင် အဖြေများကို ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ပါ။

၄။ လွန်ခဲ့သော နှစ်၅၀ခန့်ကာလက ယင်းသို့သော ဘေးရန်များ ကျရောက်ခဲ့ခြင်း ရှိ/မရှိ ကို ရပ်ရွာတွင် နေထိုင်သူများအား ဦးဆောင်ဆွေးနွေးသူက ဆက်လက် မေးမြန်းပါ။ ဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင် နေထိုင်သူများအား ရပ်ရွာအတွင်း အတိတ်ဖြစ်စဉ်များကို ၁၀နှစ် သို့မဟုတ် ၅နှစ်စီ ပိုင်းခြား၍ လွန်ခဲ့သောနှစ် ၅၀ သို့မဟုတ် နှစ် ၃၀ အထိ ပြန်လည်သုံးသပ်ရန် အကြံပြုပါ။

၅။ ထို့နောက် အဖြေများကို မှတ်တမ်းတင်ရန် အုပ်စုဝင်တစ်ဦးကို တာဝန် ပေးပါ။

**ဇယား-၈ မြန်မာနိုင်ငံ၊ သရက်ချောင်းကျေးရွာ၏ သမိုင်းဖြစ်စဉ် ပြန်ပြောင်းပုံဖော်ခြင်း**

| | |
|---|---|
| ၁၉၅၁-၁၉၆၀ | • မူလတန်းကျောင်းကိုဖွင့်လှစ်ခဲ့ပါသည်။<br>• အိမ်ထောင်စု(၃၀၀)သည် လယ်ယာ စိုက်ပျိုးရေး လုပ်ကိုင်ပါသည်။<br>• ရွာဘုန်းကြီးကျောင်းကို ပြုပြင်ခဲ့ပါသည်။ |
| ၁၉၆၁-၁၉၇၀ | - |
| ၁၉၇၁-၁၉၈၀ | • တာပေါင်ကို ကျော်၍ ရေကြီးခဲ့ပါသည်။<br>• မြို့နယ်ကို ရေလွှမ်းခဲ့ပါသည်။ |
| ၁၉၈၁-၁၉၉၀ | • စိုက်ပျိုးမြေ ဧက(၂၀၀)တွင် ပိုးကျခဲ့ပါသည်။<br>• ရွှေဝါထွန်း စပါးမျိုးသစ်ကို စတင်စိုက်ပျိုးခဲ့ပါသည်။<br>• အစိုးရမှ စက်ရေတွင်းများ တူးပေးခဲ့ပါသည်။<br>• ရေကြီးခြင်းကြောင့် တံတားများ ပျက်စီးခဲ့ပါသည်။ |
| ၁၉၉၁-၂၀၀၀ | • ဇီယာ၊ မနောသုခ အစရှိသည့် စပါးမျိုးသစ်များကို စတင်စိုက်ပျိုးခဲ့ပါသည်။<br>• မူလတန်းကျောင်းကို အဆင့်မြှင့်တင်ခဲ့ပါသည်။ |
| ၂၀၀၁-၂၀၀၉ | • NGO မှ ရေတွင်း(၅၀) လှူဒါန်းပါသည်။<br>• ရွာထဲတွင် ရေတွင်း(၁၅၀) ရှိပါသည်။<br>• ကျေးရွာ စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ပါသည်။<br>• လေပြင်းမုန်တိုင်းကြောင့် စာသင်ကျောင်း ပျက်စီးခဲ့ပါသည်။<br>• ရပ်ရွာတွင် ရေကြီးခဲ့ပါသည်။<br>• ရွာတွင် GSM ဖုန်း (၃)လုံး ရှိပါသည်။<br>• နိုင်ငံတော်အစိုးရနှင့် ကျေးရွာလူထု၏ ပံ့ပိုးမှုဖြင့် စာကြည့်တိုက်ကို အဆင့်မြှင့်တင်ခဲ့ပါသည်။ |

## ၄-၄ PDRAကို မည်သို့ဆောင်ရွက်မည်နည်း . . . အဆင့်ခွဲ ၄ မှ ၅ အထိ နည်းလမ်းများ



### ၄-၄-၁ ဇယားဖြင့် အဆင့်သတ်မှတ်ခြင်း

ဘေးရန်များ သို့မဟုတ် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေများ၊ လိုအပ်ချက်များ သို့မဟုတ် ရွေးချယ် ဆောင်ရွက်နိုင်သော နည်းလမ်းများကို ဦးစားပေးသတ်မှတ်ရန် အဆင့်သတ်မှတ် ခြင်း နည်းလမ်းများကို အသုံးပြုပါသည်။ အဆင့်သတ်မှတ်သည့် လေ့ကျင့်ခန်းပုံစံ အမျိုးမျိုး ရှိပါသည်။ အောက်ဖော်ပြပါ ဥပမာတွင် ဘေးအန္တရာယ်များကြောင့် လူအများ၏ ဘဝနေထိုင်မှု ထိခိုက်ခြင်းကိုစံချိန်စံနှုန်းများအသုံးပြု၍သတ်မှတ်ပါသည်။ ရပ်ရွာတွင်နေထိုင်သူများကသစ်ရွက် များကို အသုံးပြု၍ ဘေးရန်များကို အဆင့်သတ်မှတ်ပါသည်။ အရေးပါဆုံးသော ညွှန်ပြချက် ဖြစ်ပါက သစ်ရွက် ၁၀ရွက်၊ အရေးပါမှု အနည်းဆုံး ညွှန်ပြချက်ဖြစ်ပါက သစ်ရွက် ၁ ရွက် ဖြင့် ညွှန်ပြပါသည်။

#### *ရည်ရွယ်ချက်များ*

၁။ ရပ်ရွာအပေါ်တွင် အကြီးလေးဆုံးသော ထိခိုက်မှုရှိသည့် ဘေးရန်ကို သတ်မှတ်ဆုံးဖြတ်ရန်

#### *အဓိကအရေးပါသောမေးခွန်းနမူနာများ*

၁။ ရပ်ရွာက ရင်ဆိုင်နေရသော ဘေးရန်များမှာ မည်သည်တို့နည်း။

၂။ ဘေးရန်တစ်ခုစီ၏ ထိခိုက်မှုမှာ မည်သို့ ရှိသနည်း။

၃။ ဘေးရန်များအားလုံးအနက် ပျက်စီးမှုအများပြားဆုံး ဖြစ်စေသော ဘေးရန်မှာ မည်သည့် ဘေးရန်ဖြစ်ပါသနည်း။

#### *ဦးဆောင်ဆွေးနွေးပုံ*

ဇယားဖြင့် အဆင့်သတ်မှတ်ရာတွင် ညွှန်ပြချက်များ ဖော်ထုတ်ရန် အခက်အခဲရှိနိုင်သဖြင့် အချို့သော PDRA ဦးဆောင်ဆွေးနွေးသူများက ဇယားဖြင့်အဆင့်သတ်မှတ်ခြင်းကို ခက်ခဲသည် ဟု ထင်မြင်ယူဆကြပါသည်။ ရပ်ရွာတွင် နေထိုင်သူများအား မည်သည့်ညွှန်ပြချက်များကို ၎င်းတို့အသုံးပြုကြောင်းမေးမြန်းပါက PDRA ဦးဆောင်ဆွေးနွေးသူ၏ ဆိုလိုရင်းကို နားမလည် ခြင်းမျိုး ရှိနိုင်ပါသည်။

၁။ PDRA ဦးဆောင်ဆွေးနွေးသူ သို့မဟုတ် ရပ်ရွာတွင် နေထိုင်သူများသည် ဘေးရန်များကို စာရင်းပြုလုပ် ရေးသားရန် ဖြစ်ပါသည်။ ဤစာရင်းကို ရာသီအလိုက်ပြက္ခဒိန်နှင့် မြေပုံ ရေးဆွဲသည့် လုပ်ငန်းများမှ ရယူနိုင်ပါသည်။

၂။ ထို့နောက်ဦးဆောင်ဆွေးနွေးသူသည် ရပ်ရွာတွင်နေထိုင်သူများအားဘေးရန်၏သက်ရောက် မှုကိုမေးမြန်းရန် ဖြစ်ပါသည်။ ကျယ်ပြန့်သောအုပ်စုများသတ်မှတ်ပုံကို ဖော်ပြရမည်ဆိုပါက ဘဝနေထိုင်မှု၊ ပိုင်ဆိုင်ပစ္စည်း၊အရေးပါသောပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများဖြစ်သည့်





ရေသွင်းစိုက်ပျိုးမှု၊ အများပြည်သူအဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင် စသည်တို့အပေါ် သက်ရောက်မှုတို့ဖြစ်ပါသည်။

၃။ ဥပမာ-ဦးဆောင်ဆွေးနွေးသူက လျှပ်တစ်ပြက်ရေလွှမ်းမိုးလျှင် သင်၏အိမ်မှာမည်သို့ဖြစ်ပါသနည်း ဟု မေးမြန်းနိုင်ပါသည်။

၄။ ဘေးရန်တစ်ခုလျှင် ထိခိုက်မှုအနည်းဆုံး တစ်ခုစီ ပြောကြားပါစေ။ ထိခိုက်မှုများကို အခြေခံ၍ ညွှန်ပြချက်များ ဖော်ထုတ်နိုင်ပါသည်။ အောက်ဖော်ပြပါ ဥပမာကို ကြည့်ပါ။

၅။ ရပ်ရွာတွင် နေထိုင်သူများအား ညွှန်ပြချက်များ စာရင်းကို ကြည့်ရှုလေ့လာ ပါစေ။

ပုံ ၉ ဇယားဖြင့် အဆင့်သတ်မှတ်ခြင်း ဥပမာ

| ဘေးအန္တရာယ် | အသက်ဆုံးရှုံးမှု | အိုးအိမ်ပစ္စည်း ပျက်စီးမှု | ပညာရေးတွင် ထိခိုက်မှု | စုစုပေါင်း/ အဆင့် |
|---|---|---|---|---|
| ရေကြီးခြင်း |  |  |  | ၁၅ / (၁) |
| ဆိုင်ကလုန်း |  |  |  | ၁၂ / (၂) |
| မီးဘေး |  |  |  | ၁၀ / (၃) |
| ရောဂါဘယ |  |  |  | ၅ / (၅) |
| မြေပြိုခြင်း |  |  |  | ၇ / (၄) |

## ၄-၄-၂ အချိုးအစားအလိုက် စုပုံခြင်း

အချိုးအစားအလိုက် စုပုံခြင်းမှာ ဦးစားပေးများကို အဆင့်သတ်မှတ်သော နောက်ထပ်နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ရပ်ရွာတွင် နေထိုင်သူများသည် အုပ်စုကဏ္ဍများကို နိမ့်ကျ၊ အလယ်အလတ်၊ မြင့်မားဟူ၍ ဖော်ပြရန် ပဲစေ့များကို မရေတွက်ဘဲ စုပုံ၍ ဖော်ပြခြင်းဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အဆင့်သတ်မှတ်သည့် လေ့ကျင့်ခန်းများမှာ ဆွေးနွေးရန် လိုအပ်ပါသည်။ ထို့ကြောင့် ရပ်ရွာတွင် နေထိုင်သူများအကြား သဘောတူညီမှု မရရှိမီ မင်တံကို အသုံးမပြုသင့်ပါ။ ပဲ သို့မဟုတ် ပြောင်းစေ့များကို စုပုံအသုံးပြုခြင်းဖြင့် မင်တံများအသုံးပြုခြင်းထက် ပိုမို၍ ပြောင်းလွယ်ပြင်လွယ် ရှိပါသည်။ ရပ်ရွာတွင်နေထိုင်သူများသည် ပဲစေ့ အရေအတွက်ကို အတိုးအလျှော့ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

### *ရည်ရွယ်ချက်*

အန္တရာယ်ကျရောက်နေသောအရေးပါအရာရောက်ဆုံးပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများကို သတ်မှတ်ဆုံးဖြတ်ရန်

### *အဓိကမေးခွန်း နမူနာများ*

၁။ ရေလွှမ်းမိုးစဉ်အတောအတွင်း မည်သည့် အရေးပါအရာရောက်သော ပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများမှာ အန္တရာယ်ကြုံတွေ့ရပါသနည်း။

၂။ ယင်းပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများအနက် မည်သည်တို့သည် အများဆုံး အန္တရာယ်ကြုံတွေ့ရပါသနည်း။

### ***ဦးဆောင်ဆွေးနွေးပုံ***

၁။ PDRA ဦးဆောင်ဆွေးနွေးသူက ရပ်ရွာတွင် နေထိုင်သူများအား ရေလွှမ်းမိုးမှုကြောင့် ထိခိုက်နိုင်သည့် ၎င်းတို့ ရပ်ရွာရှိ အရေးပါအရာရောက်ဆုံး ပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများကို ဖော်ထုတ်စေရန်ဖြစ်ပါသည်။

၂။ အရေးပါအရာရောက်သော ပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများကို ဦးဆောင်ဆွေးနွေးသူ သို့မဟုတ် ရပ်ရွာတွင် နေထိုင်သူများက စာရင်းပြုလုပ်ရန်ဖြစ်ပါသည်။

၃။ နိမ့်ကျ၊ အလယ်အလတ်၊ မြင့်မား ဟူ၍ အုပ်စု(၃)စု ခွဲခြားရန် ဦးဆောင်ဆွေးနွေးသူက ရပ်ရွာအား ရှင်းလင်းပြောကြားပါ။ ယင်းအုပ်စုများကို ပဲ သို့မဟုတ် ပြောင်းစေ့များဖြင့် စုပုံ၍ ဖော်ပြရန် ဖြစ်ပါသည်။ ပဲစေ့ အနည်းငယ်သာ စုပုံထားပါက နိမ့်ကျ အုပ်စု ဖြစ်ပါသည်။ ပဲစေ့အများအပြား စုပုံထားပါက မြင့်မား အုပ်စု ဖြစ်ပါသည်။

၄။ ဦးဆောင်ဆွေးနွေးသူက အရေးပါအရာရောက်သော ပစ္စည်းကိရိယာနေရာထိုင်ခင်းဌာနများကို ရပ်ရွာအား အဆင့်သတ်မှတ်ပါစေ။

## ၄-၅ PDRAကို မည်သို့ ဆောင်ရွက်မည်နည်း . . . အဆင့်ခွဲ ၆ နည်းလမ်းများ



ဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ် မပြုလုပ်မီ ရပ်ရွာတွင်နေထိုင်သူများနှင့် အခြား အကျိုးစီးပွားပါဝင်ပတ်သက်သူများသည် ၎င်းတို့ လက်ခံနိုင်မည့်အန္တရာယ်အဆင့်ကို ဆုံးဖြတ်ရပါမည်။ ဘေးအန္တရာယ်အကဲဖြတ်ချက် လက်တွေ့ဆောင်ရွက်ရာတွင် အဆင့် ၆ ကို မပြုလုပ်ဘဲ ချန်လှပ်ထားလေ့ရှိပါသည်။

နမူနာဇယားတစ်ခုကို ဇယား ၁၀ တွင် ဖော်ပြထားပါသည်။ စံချိန်စံနှုန်းများသည် ရပ်ရွာက ဖော်ထုတ်ရရှိသောအကြီးလေးဆုံးဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေအပေါ် တွင်မူတည်ပါမည်။

**ဇယား ၁၀ - စံချိန်စံနှုန်းဇယား ဥပမာ**

| စံချိန်စံနှုန်းများ | အရေးအတွက် (ဘယ်လောက်လဲ) |
|---|---|
| **သီးနှံဆုံးရှုံးမှု (ဧရိယာ သို့မဟုတ် ရာခိုင်နှုန်းဖြင့်)** | |
| **အိမ်ယာဆုံးရှုံးမှု** | |
| **လယ်ယာသုံးတိရစ္ဆာန်များ ဆုံးရှုံးမှု** | |
| **လယ်ယာသုံးတိရစ္ဆာန်များ နာမကျန်း/ဒဏ်ရာရမှု** | |

## ၄-၆ CVA မူဘောင်ကို အသုံးပြု၍ အချက်အလက် စုစည်းခြင်း

အကဲဖြတ်ချက် ပြုလုပ်၍ တစ်နေ့တာကာလ ကုန်ဆုံးချိန်တွင် အချက်အလက်များကို စုစည်းပြီး အပြန်အလှန် တိုက်ဆိုင်စစ်ဆေးရပါမည်။ အဖွဲ့ဝင်တစ်ဦးစီသည် စာရွက်တစ်ရွက်တွင် အချက်အလက်တစ်မျိုးကို ရေးသားရပါမည်။ လိုအပ်ပါက အချက်အလက်များကို ရွှေ့ပြောင်းနိုင်ရန် ဖြစ်ပါသည်။

PDRA ဆောင်ရွက်နေစဉ်အတွင်း အချက်အလက်များစွာ ထွက်ပေါ်လာတတ်သဖြင့် ၎င်းတို့ကို အုပ်စုဖွဲ့ရန်အရေးကြီးပါသည်။အောက်ဖော်ပြပါ အချက်များက အထောက်အကူပြုပါလိမ့်မည် -

(၁) အချို့အချက်အလက်များမှာ နှစ်ကြိမ် ထပ်နေနိုင်ပါသည်။ ယင်း တို့ကို ရှာဖွေ၍ တစ်စုတည်း စုစည်းထားပါ။

(၂) အချို့အချက်အလက်များမှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် ဖြစ်နိုင်ပါသည်။ မှတ်သား၍ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် သင့်တော်သလို စစ်ဆေးအတည်ပြုပါ။

(၃) အချို့အချက်အလက်များမှာ အကြံပြုချက်များ ဖြစ်နိုင်ပါသည်။

အချက်အလက်များကို စွမ်းဆောင်ရည်နှင့် အန္တရာယ်ကျရောက်လွယ်မှု မူဘောင် CVAနှင့် အညီ စုစည်း၍ ဆန်းစစ်လေ့လာရန် ဖြစ်ပါသည်။ အချက်အလက်များကို စုဆောင်းရန် ဆက်စပ်နေသော စိတ်ကူးစိတ်သန်းများကို အုပ်စုဖွဲ့ရန် လိုအပ်ပါသည်။

**ဇယား ၁၁ CVA မူဘောင်ကို အသုံးပြု၍ အချက်အလက်စုစည်းခြင်း နမူနာ**

| | အန္တရာယ်ကျရောက်လွယ်မှုများ | စွမ်းဆောင်နိုင်မှုများ |
|---|---|---|
| **ရုပ်ပိုင်း/ရုပ်ဝတ္ထုပစ္စည်း** | | |
| **မည်သည့်ထုတ်လုပ်မှု အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများနှင့် ဘေးရန်များ ရှိပါသနည်း။** | *ဘေးရန်များ - ရေလွှမ်းမိုးခြင်း* (နှစ်စဉ် ရေလွှမ်းမိုးခြင်း၊ အကြီးအကျယ် ရေလွှမ်းမိုးခြင်း)၊ လွန်ခဲ့သော ၁၀နှစ်အတွင်းတွင် ရေလွှမ်းမိုးခြင်းနှစ်စဉ်ဖြစ်ပွားသည်၊ အကြီးမားဆုံး ရေလွှမ်းမိုးမှုမှာ ၁၉၉၆ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တွင် ဖြစ်ပွားသည်။<br>မြစ်ကမ်းပါးတစ်လျှောက် နေအိမ်များ ရှိသည်။ မြစ်တစ်လျှောက် နေအိမ်များ များပြားလာသည်။<br>စနစ်တကျ အမှိုက်စွန့်ပစ်မှု မရှိ၊ အမှိုက်များကို မြစ်အတွင်းသို့စွန့်ပစ်သည်။ မြစ်တိမ်လာသည်။<br>ဒူးရင်းသီးရာသီတွင် အမှိုက်များပြားသည်။<br>ရေလွှမ်းမိုးသည့် အန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရန် အပြည့်အဝ ဆောင်ရွက်ခြင်းမရှိ၊<br>အကြီးအကျယ်ရေလွှမ်းမိုးခြင်းကြောင့်အိမ်သာ | ရေလွှမ်းမိုးမှုဖြစ်ပွားလျှင် စောစီးစွာ ကြိုတင်သတိပေးသော စနစ်ကို အသုံးပြုနိုင်ခြင်း၊<br>တယ်လီဖုန်းကဲ့သို့သော ဆက်သွယ်ရေး ပစ္စည်းကိရိယာများ ရရှိနိုင်ခြင်း၊<br>လူအများအပြား ရေကူးတတ်ခြင်း၊<br>အန္တရာယ်ရှိလျှင် သွားရောက် စုစည်းနိုင်သည့် ကျောင်းကဲ့သို့သောနေရာဌာနများရှိခြင်း<br>ရပ်ရွာအတွင်းတွင် ကျေးရွာအကြီးအကဲ၏ ရုံး ရှိခြင်း |

| | | |
|---|---|---|
| | ကဲ့သို့သော အများပြည်သူသုံး အဆောက်အအုံများ ပျက်စီးသည်။<br>မိုးကြောင့် ရေလွှမ်းမိုးသည်။ ရေလွှမ်းမိုးမှုမှာ Bogor ဒေသမှ အစပြုသည်။<br><br>*မီးလောင်မှု* ၁၉၆၂ခုနှစ်နှင့် ၁၉၉၂ခုနှစ်တွင် ဖြစ်ပွားသည်။<br>နာမကျန်းမှု/ရောဂါများ - သွေးလွန် တုပ်ကွေး ကပ်ရောဂါ၊ ဝမ်းရောဂါ၊ အရေပြားရောဂါ၊ leptospirosis၊ အသက်ရှူ လမ်းကြောင်း တွင် ဖြစ်ပွားသည့် ပြင်းထန်သော ရောဂါများ။<br>*လူဦးရေ* သိပ်သည်းမှု မြင့်မားသည်၊<br>ပညာ အရည်အချင်း နိမ့်ကျသည်။ မူလတန်းကျောင်းသာတက်ဖူးသည်။<br>တစ်ခါတစ်ရံ အလယ်တန်းကျောင်း တက်သည်။<br>လုပ်ငန်းကျွမ်းကျင်မှု၊ စွမ်းဆောင်နိုင်စွမ်း မရှိ၊ ပညာရေးကုန်ကျစရိတ် မြင့်မားသည်။<br>ဝင်ငွေနည်းပါးသည်။ အလုပ်ရရှိနိုင်မှု အကန့်အသတ် ရှိသည်။<br>အလုပ်လက်မဲ့ဖြစ်ခြင်း၊<br>ရေသွယ်ယူသော စနစ် မကောင်းပါ။ သန့်ရှင်းသောရေ မရရှိပါ။ | အိမ်များတွင် အပေါ်ထပ်ရှိခြင်း<br>အများသုံးအိမ်သာရှိခြင်း<br>PAM မှသန့်ရှင်းသော ရေထောက်ပံ့ပေးခြင်း<br>ရေလွှမ်းမိုးခြင်းတွင် အသုံးပြုနိုင်ရန် ဘောကျွတ်ကဲ့သို့သော ပစ္စည်းများရနိုင်ခြင်း<br>*ဈေးကွက်*ဝင်ငွေရရှိနိုင်သည့် လုပ်ငန်း<br>အမျိုးသမီးများသည် အလုပ်ရရန်ပိုမိုလွယ်ကူသည်- လျှော်ဖွပ်ခြင်း၊ ဈေးရောင်းခြင်း၊ |
| **လူမှုရေး/အဖွဲ့အစည်း** | | |
| **လူအများအကြား မည်သို့သော ဆက်ဆံရေးနှင့် အဖွဲ့အစည်းများ ရှိသနည်း။** | ရပ်ရွာအတွင်း ပြစ်မှုများ ကျူးလွန်သည်။<br><br>လူငယ်များအကြား မူးယစ်ဆေးဝါးစွဲသည်။ | ရပ်ရွာ၏ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှု၊<br>အများပြည်သူ ကျန်းမာရေး လုပ်ငန်း၊ ဆေးခန်းများ၊ ကျောင်းများ ရှိခြင်း<br>အင်ဂျီအိုများထံမှ အကူအညီနှင့် အစိုးရထံမှ ကယ်ဆယ်ရေးပစ္စည်းများ ရရှိနိုင်ခြင်း၊<br>အများပြည်သူ ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ရှိခြင်း<br>အများပြည်သူ ကျန်းမာရေး လုပ်ငန်းတွင် အရေးပေါ် အခြေအနေအတွက် ဆေးဝါးများ ရရှိနိုင်ခြင်း၊<br>ဘာသာရေးအစုအဖွဲ့များက အကူအညီ ပေးခြင်း၊<br>ရပ်ရွာတွင်နေထိုင်သူများက အိမ်နီးချင်း များကို အကူအညီပေးခြင်း၊ |

| | | |
|---|---|---|
| | | ရေလွှမ်းမိုးချိန်တွင် အသုံးပြုရန် ကြိုးများ သွယ်တန်းထားခြင်း |
| **စေ့ဆော်မှု/သဘောထား** | | |
| **ရပ်ရွာသည် အပြောင်းအလဲ ဖန်တီးနိုင်စွမ်း နှင့် စပ်လျဉ်း၍ မည်သို့ ရှုမြင်ပါသနည်း။** | | ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သည်။ အမှိုက်များကို မီးရှို့သည်။ ရပ်ရွာတွင် နေထိုင်သူများသည် မိမိတို့၏ ပစ္စည်းများကို လုံခြုံအောင် ထားရှိသည်။ |

## ၄-၇ PDRA အတွက် ကြိုတင်ပြင်ဆင်ခြင်း

အန္တရာယ်ကျရောက်နေသော ရပ်ရွာများကို ဖော်ထုတ်ပြီးစီးသောအခါ ဦးတည်ရည်ရွယ်သော ရပ်ရွာများ၌ ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ခြင်း (PDRA) လုပ်ငန်းများ လုပ်ဆောင်ရေးအတွက်ကြိုတင်ပြင်ဆင်ရန် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များကို ဆက်လက် လုပ်ဆောင်နိုင်ပါသည်။

မြို့နယ် သို့မဟုတ် ရပ်ရွာအတွင်းရှိ သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုများ ပြုလုပ်ပါ။ အောက်ပါအတိုင်း ဆောင်ရွက် နိုင်ပါသည်။

- သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းများသို့ မိတ်ဆက်စာ ပေးပို့နိုင်ပါသည်။ ဦးတည်ရည်ရွယ်သော ရပ်ရွာများတွင် လုပ်ငန်းဆောင်ရွက်မည့် အကြီးအကဲက လက်မှတ်ရေးထိုးပေးပို့လျှင် ပိုမို ကောင်းမွန်ပါသည်။
- မိတ်ဆက်စာပေးပို့ပြီးနောက်နောက်ဆက်တွဲဆောင်ရွက်သည့်အနေဖြင့်သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ အကြီးအကဲများထံ တယ်လီဖုန်းဆက်သွယ်ပါ။ သင်ကိုယ်တိုင်၊ သင်၏အဖွဲ့အစည်းတို့ကို တရားဝင်မိတ်ဆက်ပြီး မည်သည့်လုပ်ငန်းကို မည်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားရန်ဖြစ်ပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့သွားရောက်ရန် အသင့်တော်ဆုံး နေ့စွဲနှင့် အချိန်ကို မေးမြန်းပါ။
- သဘောတူညီထားသော နေ့ရက်နှင့်အချိန်တွင် မိတ်ဆက်စာကို ယူဆောင်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့သွားရောက်ပါ။ ထပ်မံ၍သင်မည်သူမည်ဝါ ဖြစ်ကြောင်း၊သင်၏အဖွဲ့အစည်းတို့ကိုမိတ်ဆက်ပြောကြားပါ။PDRAလုပ်ငန်းများ၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပါ။

ချိတ်ဆက်မှုများပြုလုပ်နေချိန်တွင် အောက်ဖော်ပြပါ ကနဦး ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများ ဆောင်ရွက်ပါ။

- သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ PDRA အဖွဲ့တွင် ပါဝင်နိုင်မည့် ကျွမ်းကျင်သော စေတနာ့ဝန်ထမ်းများ ရှာဖွေရယူပါ။
- ထုတ်ဝေပြီးသား သတင်းအချက်အလက်များ စုဆောင်းပါ။ မြေပုံများ၊ ဖွံ့ဖြိုးရေး အစီအစဉ်များ၊ ကျန်းမာရေးနှင့် စီးပွားရေး အစီရင်ခံစာများ၊ ဘေးအန္တရာယ် အစီရင်ခံစာများ၊ ရပ်ရွာများ ၏ အခြေအနေ ဖော်ပြချက်တို့ ဖြစ်ပါသည်။

သက်ဆိုင်ရာအာဏာပိုင်များနှင့် အဖွဲ့အစည်းများထံမှ စီမံချက်ဆောင်ရွက်ရန် သဘောတူခွင့်ပြုချက်နှင့် ထောက်ခံပံ့ပိုးမှု ရရှိပြီးသောအခါတွင်

- PDRAလုပ်ငန်း၏ ဦးတည်ချက်များကို ဆွေးနွေးရန် ရပ်ရွာ၏အရေးပါသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပါ။
- အဆိုပြုထားသောလုပ်ငန်းကိုဆောင်ရွက်ရန်သင့်လျော်မှု၊ PDRAအဖွဲ့အပေါ် ခေါင်းဆောင်များ၏ မျှော်မှန်းချက်များနှင့်ပတ်သက်၍ ၎င်းတို့၏ ထုတ်ဖော်ပြောကြားချက်များ ရယူပါ။
- ရပ်ရွာတွင်နေထိုင်သူများအား လုပ်ငန်းဆောင်ရွက်မှုအကြောင်း ကျယ်ပြန့်စွာ ရှင်းလင်းပြောကြား၍ဆွေးနွေးနိုင်ရန်အတွက် ရပ်ရွာ၏အရေးပါသောပုဂ္ဂိုလ်များအား ရပ်ရွာအစည်းအဝေးကျင်းပပေးရန် မေတ္တာရပ်ခံပါ။ အစည်းအဝေး မပြီးဆုံးမီ PDRA အဖွဲ့တွင်ပါဝင်မည့် စေတနာ့ဝန်ထမ်းများအား ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ရန်နှင့်ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးကြိုတင်ပြင်ဆင်မှုတွင် ပါဝင်ရန် မေတ္တာရပ်ခံပါ။

လုပ်ငန်းဆောင်ရွက်မှုကို ရပ်ရွာ၏အရေးပါသောပုဂ္ဂိုလ်များက သဘောတူခွင့်ပြုပြီးသောအခါ-

- ရပ်ရွာတွင် နေထိုင်သူများနှင့်တွေ့ဆုံပြီး PDRAလုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပါ။ အဆိုပြုထားသော လုပ်ငန်းဆောင်ရွက်ရန်သင့်လျော်မှု၊ လုပ်ငန်းကိုမည်သို့၊မည်သည့်အချိန်တွင် ဆောင်ရွက်သင့်ကြောင်း ၎င်းတို့၏ မျှော်မှန်းချက်များနှင့်စပ်လျဉ်း၍ ရပ်ရွာမှ ပြန်လည် ထုတ်ဖော် ပြောကြားချက်များ ရယူရန် မမေ့ပါနှင့်။
- အစည်းအဝေးမပြီးဆုံးမီ PDRA အဖွဲ့တွင်ပါဝင်မည့် စေတနာ့ဝန်ထမ်းများအား ဦးဆောင်ဆွေးနွေးသူများနှင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး လက်ထောက်များ အဖြစ် ပါဝင်ရန် မေတ္တာရပ်ခံပါ။

ရပ်ရွာ၏အရေးပါသောပုဂ္ဂိုလ်များနှင့် ထပ်မံ၍ တွေ့ဆုံပြီး -

- လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်များနှင့် လုပ်ငန်းစဉ်တို့ကို အပြီးသတ် ဆွေးနွေးပါ။
- လုပ်ငန်းဆောင်ရွက်မှုကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ရပ်ရွာ၏ အရေးပါသော ပုဂ္ဂိုလ်များထံမှ ကတိကဝတ် ရယူပါ။

ရပ်ရွာခေါင်းဆောင်များ၊ ရပ်ရွာတွင်နေထိုင်သူနှင့် တွေ့ဆုံပြီးသောအခါ

- အဆိုပြုထားသောလုပ်ငန်းဆောင်ရွက်မှု၏ အခြေအနေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ပြန်လည်အသိပေး ပြောကြားပါ။

ပြင်ပမှ ဦးဆောင်ဆွေးနွေး ကူညီပံ့ပိုးသူများနှင့် ရပ်ရွာမှစေတနာ့ဝန်ထမ်းများ ပါဝင်လျက် PDRA အဖွဲ့ ဖွဲ့စည်းပါ။ PDRA အဖွဲ့တွင် စိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုခြင်း၊ မိုးလေဝသ၊ ကျန်းမာရေး၊ ဘေးအန္တရာယ်လျော့နည်းကျဆင်းရေးစသည့် နယ်ပယ်များကို နားလည် တတ်ကျွမ်းသော လုပ်ငန်းနယ်ပယ်ပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါဝင်စေရပါမည်။ ပြင်ပမှ ဦးဆောင် ဆွေးနွေးကူညီပံ့ပိုးသူများသည် ရပ်ရွာတွင်နေထိုင်ခြင်းမရှိသော PDRAအဖွဲ့ဝင်များဖြစ်ပါသည်။

PDRAအဖွဲ့ဝင်များကို ပါဝင်ဆောင်ရွက်သောသင်ယူမှုနှင့် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်း ကိရိယာများအားအသုံးပြု၍လေ့ကျင့်သင်တန်းပေးပါ။ စွမ်းဆောင်ရည်နှင့် အန္တရာယ်ကျရောက် လွယ်မှုများဆန်းစစ်လေ့လာခြင်း CVA မူဘောင်ကို အသုံးပြု၍ အချက်အလက်များ ဆန်းစစ် လေ့လာနည်းကိုလည်း လေ့ကျင့်သင်တန်းပေးပါ။

လေ့ကျင့်သင်တန်းပေးနေစဉ် ဘေးအန္တရာယ်အကဲဖြတ်ချက်ဆောင်ရွက်ရေး ပုံစံထုတ် ရေးဆွဲပါ။

PDRA အဖွဲ့ဝင်တစ်ဦးစီအတွက် လုပ်ငန်းတာဝန်များ ဖော်ထုတ်ပြီး အခန်းကဏ္ဍများ သတ်မှတ် ပေးပါ။ PDRA အဖွဲ့ဝင်များကို အမှန်တကယ် ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အတူ ပူးပေါင်းဆောင်ရွက်မည့် အုပ်စုငယ်များ ခွဲပေးပါ။

လေ့ကျင့်သင်တန်းပေးနေစဉ် ဦးတည်ရည်ရွယ်သော ရပ်ရွာများ၌ အနည်းဆုံး ကွင်းဆင်း လုပ်ငန်း တစ်ကြိမ်စီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကွင်းဆင်းလုပ်ငန်းကို အကဲဖြတ်သုံးသပ်ပြီး အကြံပြုချက်များပေးပါ။ ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ရာမှ ရရှိခဲ့သော သင်ခန်းစာများအပေါ် အခြေခံ၍ ဘေးအန္တရာယ်အကဲဖြတ်ချက်ပုံစံထုတ်ထားခြင်းကို ပိုမိုကောင်းမွန်အောင် ပြုပြင်ပြီး အပြီးသတ်ပြုစုပါ။

ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး အစီအမံများကို အပြီးသတ်ပြုစုပြီး နောက်ဆုံး အစီအစဉ် ပြုလုပ်ရန်အတွက် ရပ်ရွာတွင် နေထိုင်သူများနှင့် တွေ့ဆုံပါ။

PDRA ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် တိုးတက်မှုကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများထံ ဆက်သွယ်ပြောကြားပါ။

## ၄-၈ ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်အကဲဖြတ်ချက် အုပ်စုများ

PDRA အဖွဲ့ကို အောက်ဖော်ပြပါ အုပ်စုများအဖြစ် ခွဲခြားစုဖွဲ့ရန် အကြံပြုပါသည်။ လူသားအရင်းအမြစ် နည်းပါးနေပါက အုပ်စုတစ်စုက အခြားအုပ်စုများ၏ တာဝန်များကို ပူးတွဲဆောင်ရွက်နိုင်ပါသည်။

### အုပ်စု ၁ - အဓိကအရေးပါသော တုန့်ပြန်ဖြေကြားသူများ ဆွေးနွေးပြောဆိုနိုင်ရန် ကူညီပံ့ပိုးခြင်း

- ***ရပ်ရွာခေါင်းဆောင်များ*** - (ရွာသူကြီး၊ သံဃာတော်များနှင့် ရပ်မိရပ်ဖများ)၊ မူလပကတိ အခြေအနေ သတင်းအချက်အလက် (လူဦးရေစာရင်းနှင့် သက်ဆိုင်သောအချက်အလက်များ၊မသန်စွမ်းသူ၊ သက်ကြီးရွယ်အို ကဲ့သို့သောထူးခြားသည့်လိုအပ်ချက်ရှိသောအုပ်စုများ၊ ဝင်ငွေရရှိနိုင်သည့်လုပ်ငန်း စသည်တို့)၊ ဘေးရန်များ၊ ရပ်ရွာ၏ ဘေးအန္တရာယ်အတိတ်ဖြစ်စဉ်၊ မည်သည့်ဘေးရန်များသည် အဘယ်ကြောင့် ဘေးအန္တရာယ်များ ဖြစ်လာကြပါသနည်း။ (အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေးနှင့် မိန်းကလေးများ၏) အသက်ရှင်နေထိုင်မှုအပေါ် ဘေးအန္တရာယ်များ၏ထိခိုက်မှု၊ ပိုင်ဆိုင်ပစ္စည်း၊ အိုးအိမ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာ၏ စီးပွားရေး၊ ရပ်ရွာအတွင်းရှိ ကဏ္ဍအသီးသီးသည် အသက်ရှင်နေထိုင်မှု၊ အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခြိမ်းခြောက်အန္တရာယ်ပြုသော ဘေးအန္တရာယ်များကို လျော့ပါးစေရန်အတွက် မည်သည်တို့ကို လုပ်ဆောင်ကြပါသနည်း။

ပုံ ၈ ပါဝင်ဆောင်ရွက်သော ရပ်ရွာလူထုအား ရှင်းလင်းဆွေးနွေးစဉ်




- ***ဆရာဆရာမများ*** - ရပ်ရွာတွင် နေထိုင်သူများ၏ ပညာအရည်အချင်း၊ လက်ရှိကျောင်းနေခြင်း၊ ကျောင်းအပ်နှုန်းနှင့်ကျောင်းထွက်နှုန်း၊ လွန်ခဲ့သော၁၀နှစ်အတွင်းတွင် ရပ်ရွာ၌ ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များ၊ ရပ်ရွာအတွင်းတွင်လည်းကောင်း၊ ဆရာ၊ ဆရာမများ၏ ဘဝနေထိုင်မှုတွင်လည်းကောင်း၊ ကလေးသူငယ်များ၏ ပညာရေးတွင်လည်းကောင်း၊ ဘေးအန္တရာယ်များ၏ထိခိုက်မှု၊ အသက်ရှင်နေထိုင်မှု၊ အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှု နှင့် အသက်မွေး

ဝမ်းကျောင်း လုပ်ငန်းများကို ခြိမ်းခြောက်သော ဘေးအန္တရာယ်များကို လျော့ပါးစေရန်အတွက် ရပ်ရွာများရှိ အပိုင်းကဏ္ဍ အသီးသီးက ဆောင်ရွက်ချက်များ

- ***ကျန်းမာရေးလုပ်သားများ*** - နှစ်တစ်နှစ်၏ အချိန်ကာလအသီးသီးတွင် အဖြစ်များသောရောဂါများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် ၎င်းတို့ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ လွန်ခဲ့သော ၁၀နှစ်အတွင်း ရပ်ရွာ၌ ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များ၊ ရပ်ရွာတွင်လည်းကောင်း၊ ကျန်းမာရေး လုပ်သားများ၏ ဘဝနေထိုင်မှုတွင်လည်းကောင်း၊ လူအများ အထူးသဖြင့် မွေးစမှ ၅နှစ်အထိကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊မသန်စွမ်းသူများအကြားတွင်လည်းကောင်း ဘေးအန္တရာယ်များကြောင့် ထိခိုက်မှု၊ အသက်ရှင်နေထိုင်မှု၊ အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခြိမ်းခြောက်သော ဘေးအန္တရာယ်များကို လျော့ပါးစေရန် ရပ်ရွာများရှိ အပိုင်းကဏ္ဍ အသီးသီးက ဆောင်ရွက်ချက်များ

- ***သက်ကြီးရွယ်အိုများ*** - ရပ်ရွာ၏ သမိုင်းကြောင်း၊ ရပ်ရွာတွင် ဘေးအန္တရာယ်ဖြစ်ပွားသည့် အတိတ်ဖြစ်စဉ်၊ အသက်ရှင်ဆဲရှိသူများ မှတ်မိသည့်ဘေးအန္တရာယ်များအနက် အပျက်အစီး အများပြားဆုံးဘေးအန္တရာယ်များ၊ အဘယ်ကြောင့် အပျက်အစီး များပြားရကြောင်း၊ ဘဝနေထိုင်မှု၊ ပိုင်ဆိုင်ပစ္စည်း အိုးအိမ်နှင့် အသက်မွေးဝမ်းကျောင်းတို့ အပေါ် ဘေးအန္တရာယ်များ၏ ထိခိုက်မှု၊ အသက်ရှင်နေထိုင်မှု၊ အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခြိမ်းခြောက်သော ဘေးအန္တရာယ်များကို လျော့ပါးစေရန် ရပ်ရွာများရှိ အပိုင်းကဏ္ဍ အသီးသီးက ဆောင်ရွက်ချက်များ

- ***ရပ်ရွာအဖွဲ့အစည်း ခေါင်းဆောင်များ*** - ဘေးရန်များ၊ ရပ်ရွာ၏ ဘေးအန္တရာယ်ဖြစ်ပွားသည့်အတိတ်ဖြစ်စဉ်၊ မည်သည့်ဘေးရန်များသည် ဘေးအန္တရာယ်များ ဖြစ်ပွားလာရကြောင်းနှင့် အဘယ်ကြောင့် ဖြစ်ရကြောင်း၊ ဘေးအန္တရာယ်များ၏ အသက်ရှင်နေထိုင်မှုအပေါ် ထိခိုက်နိုင်မှု (အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေး၊ မိန်းကလေး များအတွက်)၊ ပိုင်ဆိုင်ပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရပ်ရွာ၏ စီးပွားရေးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာတို့အပေါ်ဘေးအန္တရာယ်၏ထိခိုက်မှု၊ ဘဝနေထိုင်မှု၊ ပိုင်ဆိုင် ပစ္စည်းအိုးအိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခြိမ်းခြောက်သော ဘေးအန္တရာယ်များကို လျော့ပါးစေရန် အစိုးရ၏ ဆောင်ရွက်ချက်များ

- **ရပ်ရွာတွင်စီမံချက်များ ဆောင်ရွက်နေသောအင်ဂျီအိုများ** - ဘေးရန်များ၊ ရပ်ရွာ၏ ဘေးအန္တရာယ်ဖြစ်ပွားသည့်အတိတ်ဖြစ်စဉ်၊ မည်သည့်ဘေးရန်များသည် ဘေးအန္တရာယ်များ ဖြစ်ပွားလာရကြောင်းနှင့် အဘယ်ကြောင့် ဖြစ်ရကြောင်း၊ ဘေးအန္တရာယ်များ၏ အသက်ရှင်နေထိုင်မှုအပေါ် ထိခိုက်နိုင်မှု (အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေး၊ မိန်းကလေးများအတွက်)၊ပိုင်ဆိုင်ပစ္စည်း၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရပ်ရွာ၏စီးပွားရေးနှင့်ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာတို့အပေါ်ဘေးအန္တရာယ်၏ထိခိုက်မှု၊ ဘဝနေထိုင်မှု၊ အိုးအိမ်ပစ္စည်း

ပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခြိမ်းခြောက်သော ဘေးအန္တရာယ်များကို လျော့ပါးစေရန် အစိုးရ၏ ဆောင်ရွက်ချက်များ

**အုပ်စု ၂ - ရပ်ရွာတွင် နေထိုင်သူများ ဆွေးနွေးပြောဆိုခြင်းကို ကူညီပံ့ပိုးခြင်း (အမျိုးသားများနှင့် အမျိုးသမီး အုပ်စုများ၊ ကလေးသူငယ်များ ရောနှော ဆွေးနွေးခြင်း)**

ရပ်ရွာ၏ ဘေးရန်မြေပုံ ရေးဆွဲပါ။ ရပ်ရွာအရင်းအမြစ်များ၊ အိမ်ထောင်စုနှင့် အထူးလိုအပ်ချက်ရှိသောအုပ်စုများ၊ ဘေးရန်အသီးသီးကြောင့် အန္တရာယ်ဖြစ်သော ရပ်ရွာ၏ အစိတ်အပိုင်းများ၊ စာသင်ကျောင်းများ စသည်တို့၏ တည်နေရာကို ဖော်ထုတ်ပါ။

**အုပ်စု ၃ - အမျိုးသားအုပ်စုနှင့် အမျိုးသမီး အုပ်စုများ ဆွေးနွေးရာတွင် ဦးဆောင်ပြီး ကူညီပံ့ပိုးခြင်း (ကျား-မ အခန်းကဏ္ဍရှုထောင့်)**

- ဘေးအန္တရာယ်များကို ကျား-မ အခန်းကဏ္ဍများမှ ရှုမြင်ခြင်း၊
- လွန်ခဲ့သော ၁၀နှစ်အတွင်း ရပ်ရွာတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များနှင့် အဘယ်ကြောင့် ယင်းဘေးအန္တရာယ်များကြောင့် ထိခိုက်ခဲ့ရကြောင်း
- အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မတူညီသော ထိခိုက်မှု
- အန္တရာယ်ကျရောက်လွယ်သော အုပ်စုများကို ထိခိုက်မှု - မွေးစမှ ၅နှစ်အထိ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ
- ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်မှု
- ဘေးအန္တရာယ်များကိုလျော့ပါးစေရန် အမျိုးသားများသည် မည်သည်တို့ကို လုပ်ဆောင်ကြကြောင်း၊ အမျိုးသမီးများသည် မည်သည်တို့ကို လုပ်ဆောင်ကြကြောင်း

**ပုံ ၉ အမျိုးသား၊ အမျိုးသမီးများ သီးခြားအုပ်စုများ ဖွဲ့နေပုံ**



**အုပ်စု ၄ - ကလေးသူငယ်များ ဆွေးနွေးရာတွင် ဦးဆောင်ပြီး ကူညီပံ့ပိုးခြင်း**

- ကလေးသူငယ်များ မှတ်မိသည့် ရပ်ရွာတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များ
- ကလေးသူငယ်များအပေါ် ထိခိုက်မှု

- ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ မိသားစု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှု
- ဘေးအန္တရာယ်များကို လျော့ပါးစေရန် ကလေးသူငယ်များ၏ လုပ်ဆောင်ချက်များ

**ပုံ ၁၀ PDRAတွင် ကလေးများပါဝင်ဆောင်ရွက်နေပုံ**



## အုပ်စု ၅ - စုဆောင်းထားသောအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း

- အရင်းအမြစ်များအားလုံးမှ စုဆောင်းရရှိသော စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း
- CVA မူဘောင်ကို အသုံးပြု၍ အချက်အလက်များကို စုစည်းခြင်း

## အုပ်စု ၆ - နည်းပညာ သတင်းအချက်အလက်များ စုဆောင်းခြင်း

- ဖြတ်သန်းလမ်းလျှောက်ခြင်း လေ့ကျင့်ခန်း လုပ်ဆောင်ခြင်း
- ရပ်ရွာက ပြုစုမည့် မြေပုံ အသီးသီးတွင် ပါဝင်ကူညီ ရေးဆွဲခြင်း
- မြေဆီလွှာအမျိုးအစား၊ ရေစနစ်စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်း

## အုပ်စု ၇ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး အစီအစဉ်

- PDRA အဖွဲ့ဝင် ပြင်ပမှဦးဆောင်ဆွေးနွေးကူညီပံ့ပိုးသူများအတွက် တည်းခိုနေထိုင်ရာ နေရာများ စီစဉ်ပေးခြင်း
- PDRAအဖွဲ့အတွက် အစားအသောက် စီစဉ်ခြင်း
- အဖွဲ့အတွက် သယ်ယူပို့ဆောင်ရေး စီစဉ်ခြင်း
- အဖွဲ့အတွက်ပစ္စည်းများ အလုံအလောက်ရှိစေရန် ဆောင်ရွက်ခြင်း
- လိုအပ်ပါက စကားပြန်/ ဘာသာပြန်များ စီစဉ်ပေးခြင်း



**အခန်း ၄**

**လေ့လာခဲ့သမျှ . . .**

- **PDRA ၏အဆင့်၇ရပ်**
- **ဆောင်ရွက်ရန်နည်းလမ်းများ**
- **ဆောင်ရွက်ရန်ပြင်ဆင် ခြင်း**

ဘေးအန္တရာယ်
ဗဟုသုတရှိယင်ကွယ်၊
အန္တရာယ်မှလွတ်နိုင်မယ်။

# အခန်း (၅)


## လုပ်ငန်းအဆင့် ၄ – ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်း



# အခန်း ၅

# လုပ်ငန်းအဆင့် (၄) – ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲခြင်း

## ၅-၁ ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်း ဆိုသည်မှာ. . .



လုပ်ငန်းဆောင်ရွက်မှု ဦးစားပေးများအလိုက် ရပ်ရွာမှဘေးအန္တရာယ်များကို အဆင့်သတ်မှတ်သော PDRA ၏ ရလဒ်များကို အခြေပြုပြီး PDRA အဖွဲ့သည် ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်းအဆင့်ကို ဆက်လက်ဆောင်ရွက်ပါမည်။

*ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်*(Participatory Disaster Risk Management Plan) ရေးဆွဲခြင်းသည် သက်ဆိုင်သူများအားလုံးက အောက်ပါတို့အပေါ် အခြေခံ၍ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံများ အခိုင်အမာဆောင်ရွက်သည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။

- အကောင်းဆုံး ကြိုတင်ပြင်ဆင်မှုနှင့် ခံနိုင်ရည်ရှိသော ရပ်ရွာဖြစ်ရန် မျှော်မှန်းချက်ထားရှိခြင်း
- လက်ခံနိုင်သော အန္တရာယ်အဆင့်ကို သတ်မှတ်ဆုံးဖြတ်ခြင်း
- သတ်မှတ်ဖော်ထုတ်ထားသော ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေကို တားဆီးကာကွယ်ရန်၊လျော့ပါးစေရန်၊ ရွှေ့ပြောင်းရန်၊ သို့မဟုတ် လက်ခံရန်နှင့် ပတ်သက်၍ ဆုံးဖြတ်ခြင်း
- ရပ်ရွာ၏ကိုယ်ပိုင်စွမ်းဆောင်ရည်နှင့်ရပ်ရွာပြင်ပတွင်ရရှိနိုင်သောအခြားအရင်းအမြစ်များ

## ၅-၂ ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲခြင်းကို မည်သို့ ဆောင်ရွက်မည်နည်း . . .



***မျှော်မှန်းချက်ထားရှိခြင်း*** - PDRA အဖွဲ့ ဦးဆောင်ဆွေးနွေးသူများသည် မျှော်မှန်းချက်ဖော်ထုတ်ရေး ရပ်ရွာဆွေးနွေးပွဲတစ်ရပ်ကို ဦးဆောင်ပြုလုပ်နိုင်ပါသည်။ PDRA အဖွဲ့ ဦးဆောင်ဆွေးနွေးသူများက ရပ်ရွာတွင်နေထိုင်သူများအား အန္တရာယ်အကဲဖြတ်ချိန်တွင်၎င်းတို့ ဖော်ထုတ်ခဲ့သည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်း၍ ၎င်းဘေးအန္တရာယ်များမှ ကင်းဝေးသော "ဘေးကင်းသည့်ရပ်ရွာ" မျိုးကို စိတ်ကူးဖြင့် ဖော်ထုတ်စေရန် ဖြစ်ပါသည်။ ရပ်ရွာတွင် နေထိုင်သူများက ၎င်းတို့၏ စိတ်ကူးများကို ရုပ်ပုံရေးဆွဲခြင်း၊ တေးသီချင်းသီဆိုခြင်း၊ သရုပ်ဆောင်ခြင်းတို့ဖြင့် တင်ပြနိုင်ပါသည်။ PDRAအဖွဲ့များက ရပ်ရွာ၏ မျှော်မှန်းချက်များတွင်ဖော်ပြထားသော"ဘေးကင်းသည့်ရပ်ရွာ"အကြောင်း စိတ်ကူးစိတ်သန်းများကို စာရွက်လှန်ကားချပ်ပေါ်တွင် ရေးသားရန် ဖြစ်ပါသည်။

**ပုံ ၁၁ ရပ်ရွာအဖွဲ့ဝင်များမှ ဖော်ထုတ်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံကိန်းပုံစံ**




**ဆွေးနွေးခြင်း** - ရပ်ရွာတွင် နေထိုင်သူများ၏ရှုထောင့်မှ “ဘေးကင်းသည့်ရပ်ရွာ” ဖြစ်စေရေး မျှော်မှန်းချက်အကြောင်း၊ အာဏာပိုင်များနှင့် အခြားအကျိုးစီးပွားပါဝင်ပတ်သက်သူများအကြား ဆွေးနွေးရန် PDRA အဖွဲ့များက ကူညီပံ့ပိုးပေးပါသည်။ ဤအဆင့်တွင် ရပ်ရွာတွင်း နေထိုင်သူများ၊ အာဏာပိုင်များနှင့် အခြားအကျိုးစီးပွားပါဝင်ပတ်သက်သူများက ညှိနှိုင်းဆွေးနွေးပြီး အန္တရာယ်လျော့ပါးစေရေးလုပ်ငန်းစဉ်တွင် ၎င်းတို့အားလုံး အောင်မြင်အောင် ဆောင်ရွက်လိုသည့် အကြောင်းအချက်များကို သဘောတူညီမှု ရယူခြင်းဖြစ်ပါသည်။

လျာထားချက်များမှာ အကောင်အထည်ဖော်ပြနိုင်ပြီး တိုင်းတာနိုင်ရပါမည်။ ညွှန်ပြချက်များ ထားရှိခြင်းဖြင့် ရပ်ရွာနှင့် အခြားအကျိုးစီးပွားပါဝင်သူများသည် လျာထားချက်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်း ရှိ-မရှိ တိုင်းတာရန် အထောက်အကူပြုပါမည်။
*နောက်ဆက်တွဲ-၃၊ “ပါဝင်ဆောင်ရွက်သောစောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း” တွင် လေ့လာနိုင်ပါသည်။*

**အန္တရာယ်လျော့ပါးစေရေးအစီအမံများကိုဖော်ထုတ်ခြင်း** - မျှော်မှန်းချက်လေ့ကျင့်ခန်း လုပ်ဆောင်ပြီးသောအခါ ရပ်ရွာတွင်နေထိုင်သူများသည် “ဘေးကင်းသည့်ရပ်ရွာ”ဖြစ်စေရေး မျှော်မှန်းချက်အောင်မြင်စေရန် အထောက်အကူပြုနိုင်မည့် အစီအမံများကို ဖော်ထုတ်ကြရပါမည်။ လုပ်ငန်းဆောင်ရွက်ချက်အားလုံးတွင် နေ့စွဲများ သို့မဟုတ် အချိန်ကာလ သတ်မှတ်ချက် ပါရှိရန် လိုအပ်ပါသည်။

**အရင်းအမြစ်လိုအပ်ချက်များကိုဖော်ထုတ်ခြင်း** - PDRA အဖွဲ့ဝင်များသည် ဖော်ထုတ်ရရှိသော အန္တရာယ်လျော့ပါးစေရေးအစီအမံများကို အကောင်အထည်ဖော်ရန် မည်သည့် အရင်းအမြစ်များ လိုအပ်ကြောင်း ရပ်ရွာကို မေးမြန်းရပါမည်။

PDRA အဖွဲ့များသည် ယခင် အန္တရာယ်အကဲဖြတ်ချက်လုပ်ငန်းစဉ် အတောအတွင်း ဖော်ထုတ်ရရှိခဲ့သော စွမ်းဆောင်ရည်များနှင့် အခွင့်အလမ်းများစာရင်းကို ရပ်ရွာအား ပြန်လည်သုံးသပ်ပါစေ။

စုစည်းရရှိသော အချက်အလက်များကို ရည်ညွှန်းကိုးကား၍ စွမ်းဆောင်ရည်များကို ဖော်ထုတ်ပါ။ ရပ်ရွာတွင် နေထိုင်သူများနှင့် ခေါင်းဆောင်များအား ရပ်ရွာအနေဖြင့် မျှော်မှန်းချက်အောင်မြင်ရေး ဦးတည်ဆောင်ရွက်နိုင်စေရန် စွမ်းဆောင်ရည်များကို ဖော်ထုတ်၍ စာရင်းပြုစုနိုင်ရန် ဦးဆောင်ဆွေးနွေးသူများက အကူအညီပေးပါ။

လုပ်ငန်းတစ်ခုစီကို အကောင်အထည်ဖော်ရန် လိုအပ်မည့် ငွေကြေးပမာဏကို ခန့်မှန်းရပါမည်။ လုပ်ငန်းတစ်ခုစီအတွက် ဘတ်ဂျက် ရေးဆွဲရပါမည်။ လိုအပ်သော အရင်းအမြစ်များနှင့် ရရှိနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်ပြီးသောအခါ ဦးဆောင်ဆွေးနွေးသူများက ရပ်ရွာတွင် နေထိုင်သူများနှင့် ခေါင်းဆောင်များအား ရပ်ရွာလုပ်ငန်းဆောင်ရွက်ရေး စုဖွဲ့ရန် အကူအညီပေးရပါမည်။ ခေါင်းဆောင်များနှင့် ရပ်ရွာအတွင်း နေထိုင်သူများသည် အုပ်စုများဖွဲ့စည်း၍ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ချက်ချင်း ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

**ဇယား ၁၂ - ရပ်ရွာအဖွဲ့ဝင်များမှဖော်ထုတ်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် မှ ကောက်နှုတ်ဖော်ပြချက်**

ဘေးရန်များ - ရေလွှမ်းမိုးခြင်း၊ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ လျှော်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင် ရေရှားခြင်း

ဦးတည်ချက် - ရပ်ရွာအတွင်း ထိခိုက်သူများအား စနစ်တကျ အန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့ခြင်း၊ ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်းများ ဆောင်ရွက်ရန်

ညွှန်ပြချက် - အသက်ဆုံးရှုံးမှု မရှိခြင်း

| လုပ်ငန်းများ | အချိန်ကာလ သတ်မှတ်ချက် | ရရှိနိုင်သော အရင်းအမြစ်များ | လိုအပ်သော အရင်းအမြစ်များ | လိုအပ်သော အရင်းအမြစ် ပမာဏ (ဖိလစ်ပိုင် ပီဆိုငွေဖြင့်) | တာဝန်ရှိသူ/ ကော်မတီ |
|---|---|---|---|---|---|
| ဘေးရန် - ရေလွှမ်းမိုးခြင်း | | | | | |
| **အဆင့် ၁ ကြိုတင်ပြင်ဆင်သောအဆင့်**<br><br>**ဘေးကင်းရာသို့ရွှေ့ပြောင်းရန်ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်း** | မိုးရာသီ မရောက်မီ (ဩဂုတ်လ မတိုင်မီ) | မိသားစု၊ ရပ်ရွာနှင့် ခရစ်ယာန် ဘုရားကျောင်း အဖွဲ့အစည်းများ - လူအင်အား<br><br>ကျွမ်းကျင်မှုနှင့် အသိပညာ | လက်ကိုင်ရေဒီယို ၅လုံး<br>စက်လှေ ၅လုံး<br>ကြိုးခွေ ၃ခွေ<br>အသံချဲ့စက် ၅လုံး | | ဘေးကင်းရာသို့ရွှေ့ပြောင်းရေးအဖွဲ့ ဥက္ကဌ Rey Lawrence Tan |
| **ပညာပေးလှုပ်ရှားမှုပြုလုပ်ခြင်း** | မိုးရာသီ မရောက်မီ (ဩဂုတ်လ မတိုင်မီ) | ရပ်ရွာခေါင်းဆောင်များ၊ ဆရာဆရာမများ၊ ခရစ်ယာန် ဘုရား ကျောင်း ခေါင်း ဆောင်များ၊ အနုပညာရှင်များ၊ ပိုစတာရေးဆွဲရန် စက္ကူများ၊ မင်တံများ၊ ကျောင်းများ | အများပြည်သူ သိမြင်နားလည်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်း | | လေ့ကျင့်သင်တန်းပေးရေးနှင့် ပညာပေး ရေး ဥက္ကဌ Ricardo Lagunay |

## ၅-၃ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းတွင်ပါဝင်သော အကြောင်းအရာများ

ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းတွင် ကြိုတင်ပြင်ဆင်ရေး၊ ဘေးအန္တရာယ်လျော့ပါးစေရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် လုပ်ငန်းအဆင့်(၃) PDRA၌ ကောက်ယူရရှိပြီး ဆန်းစစ်ထားသောအချက်အလက်များနှင့် သတ်မှတ်ထားသောလုပ်ဆောင်မှုများ ပါဝင်သင့်ပါသည်။ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အတွက် သတ်မှတ်ထားသောပုံစံ မရှိသော်လည်း အစီအစဉ်တွင် အောက်ဖော်ပြပါ အချက်များ ပါဝင်နိုင်ပါသည်။

- ရပ်ရွာနှင့်ပတ်သက်သော အခြေခံအကြောင်းအချက်များ

- ရပ်ရွာတွင်ကျရောက်နိုင်သောဘေးအန္တရာယ်၊ အန္တရာယ်ကျရောက်လွယ်မှုနှင့် အန္တရာယ်ရှိနိုင်မှုများ
- ကြိုတင်ပြင်ဆင်ရေး၊ ဘေးအန္တရာယ်လျော့ပါးစေရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ရှားမှုများ
- ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်းများနှင့် အသင်း /အဖွဲ့
- ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်းများနှင့် အသင်း/အဖွဲ့တို့၏ တာဝန်နှင့် ဝတ္တရားများ
- ရပ်ရွာနှင့် ရပ်ရွာအနီးအနားဒေသများ၌ ရရှိနိုင်သော အရင်းအမြစ်များ၏ စာရင်းနှင့် အရေးကြီးတယ်လီဖုန်းနံပါတ်များစာရင်း


ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်သောအကြောင်းအရာများကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။



**လေ့လာခဲ့သမျှ . . .**

- **ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်းဆိုသည်မှာ**
- **ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းကို မည်သို့ဆောင်ရွက်မည်နည်း။**
- **ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါဝင်သောအကြောင်းအရာများ**

ကြိုတင်အစီအစဉ်မဆွဲယင်၊
ဆုံးရှုံးရမှာအမှန်ပင်



# အခန်း (၆)

## လုပ်ငန်းအဆင့် ၅ – ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ တည်ဆောက်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း

# အခန်း ၆

# လုပ်ငန်းအဆင့်(၅) – ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ တည်ဆောက်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း

## ၆-၁ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း ဆိုသည်မှာ. . .



ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံများကို ထိရောက်စွာ ဆောင်ရွက်ရန်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်ကို ရပ်ရွာအတွင်းတွင် ဖွဲ့စည်းတည်ထောင်ထားခြင်းသည်အကောင်းဆုံး ဖြစ်ပါသည်။ အဖွဲ့အစည်း၏ ပုံသဏ္ဍာန်မှာ ရပ်ရွာ၏ အခြေအနေပေါ် မူတည်၍ အပြောင်းအလဲ ရှိနိုင်ပါသည်။ ရပ်ရွာအတွင်းရှိ မူလရှိရင်း အဖွဲ့အစည်းများကိုနားလည်သဘောပေါက်ရန်အရေးကြီးပါသည်။ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီသည် ရှိရင်းအဖွဲ့အစည်းတစ်ခုအတွင်း ကော်မတီတစ်ရပ်အဖြစ် ပါဝင်နိုင်ပါသည်။ သို့ရာတွင် ရပ်ရွာအတွင်း အဖွဲ့အစည်းမရှိသေးပါက ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့အစည်း သို့မဟုတ် ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ(Disaster Management Committee – DMC)ကို စတင်ဖွဲ့စည်းနိုင်ပါသည်။

ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့အစည်း DMC ၏ ဦးတည်ချက်မှာ ရပ်ရွာများအပေါ် ကျရောက်လာနိုင်သော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှု ပိုမို ပြုလုပ်နိုင်ရန်၊ ကာလရှည်ဘေးအန္တရာယ်ခံနိုင်ရည်ရှိမှု တိုးမြင့်လာစေရန် ဖြစ်ပါသည်။ DMC မှတစ်ဆင့် ရပ်ရွာများသည် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်တွင် အကျဉ်းဖော်ပြထားသော လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ပါမည်။

## ၆-၂ DMC ဖွဲ့စည်းတည်ထောင်ခြင်း လုပ်ငန်းအဆင့်များ

ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်အကဲဖြတ်ချက်နှင့် အစီအစဉ် ရေးဆွဲခြင်းများ ပြုလုပ်ပြီးနောက် ရပ်ရွာကစီမံခန့်ခွဲသောလုပ်ငန်းအကောင်အထည်ဖော်ရေးကိစ္စကို ဆွေးနွေးရန် ဖြစ်ပါသည်။ ဤနေရာတွင် ရပ်ရွာကော်မတီ သို့မဟုတ် အဖွဲ့အစည်း ဖွဲ့စည်းပြီး မရှိသေးပါက ဖွဲ့စည်းရန် လို-မလို ဆွေးနွေးပါမည်။ ဤအဆင့်တွင် ရပ်ရွာအား လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေးအတွက် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းသင့်ကြောင်း ဆွဲဆောင်ပြောဆိုရန် လိုအပ်လာနိုင်ပါသည်။ အခြားသော အခြေအနေတစ်ရပ်မှာ ရပ်ရွာများကိုယ်တိုင် ဤလိုအပ်ချက်ကို နားလည်သဘောပေါက်ပြီး ဆွဲဆောင်ပြောဆိုရန် မလိုအပ်ဘဲလည်း ရှိနိုင်ပါသည်။ သို့ရာတွင် ရပ်ရွာများသည် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှု လိုအပ်နိုင်ပါသည်။ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်း(DMC)တွင်ရပ်ရွာတွင်နေထိုင်သူများ၊

ရပ်ရွာအကြီးအကဲများ၊ အမျိုးသမီးများ၊ ရပ်ရွာကျေးရွာအဆင့်အာဏာပိုင်များ စသည်တို့ ပါဝင်သင့်ပါသည်။

## ၆-၃ DMC ၏ လုပ်ငန်းတာဝန်များ

DMC၏ လုပ်ငန်းတာဝန်များကို ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဆင့်များဖြစ်သည့်ဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီးအဆင့်များအလိုက် အပိုင်း ၃ ပိုင်း ခွဲခြားနိုင်ပါသည်။

**ဘေးအန္တရာယ် မကျရောက်မီဆောင်ရွက်ရန် DMC ၏ လုပ်ငန်းတာဝန်များ**

- ရပ်ရွာ၏ဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်ကို ရပ်ရွာတွင်နေထိုင်သူများအားလုံး သိရှိစေရန် ဖြန့်ဝေပေးခြင်း
- ရပ်ရွာတွင်နေထိုင်သူများအားအစီအစဉ်ရေးဆွဲထားသောဘေးအန္တရာယ်လျော့ပါးစေရေး အစီအမံများ အကောင်အထည်ဖော်ရန်အတွက် နှိုးဆော်ခြင်း
- ရပ်ရွာက မထုတ်လုပ်နိုင်သော သို့မဟုတ် မိမိဘာသာ ရယူအသုံးပြုနိုင်ခြင်းမရှိသော အရင်းအမြစ်များကို နှိုးဆော် ပေးခြင်း
- ရပ်ရွာတွင် နေထိုင်သူများအတွက် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လေ့ကျင့်သင်တန်းပေးမှု ပြုလုပ်ခြင်း
- ဘေးအန္တရာယ်မကျရောက်မီ၊ ကျရောက်စဉ်နှင့်ကျရောက်ပြီးနောက် မည်သည်တို့ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရပ်ရွာအား အသိပညာပေးခြင်း
- ဘေးအန္တရာယ်၏ ခြိမ်းခြောက်မှုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် အစီအစဉ် တိုးတက်ကောင်းမွန်စေရန် သင်ခန်းစာများ ရယူခြင်း
- မြို့နယ်နှင့် ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း အင်ဂျီအိုများ၊ အခြားရပ်ရွာများ စသည်တို့နှင့် ကွန်ရက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း
- အစီအစဉ်၏ထိရောက်မှုကို စစ်ဆေးရန်နှင့် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်း
- ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်ကိုရံဖန်ရံခါဖြည့်စွက်ပြင်ဆင်ရေးဆွဲခြင်း
- အကြောင်းအရာအလိုက် အဖွဲ့/အုပ်စုများ ဖွဲ့စည်းခြင်း
  - ရှာဖွေကယ်ဆယ်ရေးအဖွဲ့/အုပ်စု
  - ရှေးဦးသူနာပြုအဖွဲ့/အုပ်စု
  - သတိပေးချက်ဖြန့်ဖြူးရေးအဖွဲ့/အုပ်စု

- ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးအဖွဲ့/အုပ်စု
- ခိုလှုံရာနေရာ စီမံခန့်ခွဲရေးအဖွဲ့/အုပ်စု
- ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဖြူးရေးအဖွဲ့/အုပ်စု

အဖွဲ့/အုပ်စုအရေအတွက်မှာ လိုအပ်ချက်ပေါ်မူတည်၍ အပြောင်းအလဲရှိနိုင်ပါသည်။ DMC/ကျေးရွာ/ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်မှုအောက်တွင်လုပ်ငန်းဆောင်ရွက်ပါမည်။အမျိုးသမီးများပါဝင်ဆောင်ရွက်ရန်အားပေးရပါမည်။

**ပုံ ၁၃ DMC နှင့် ဆွေးနွေးနေစဉ်၊ ထိပ်ချောင်းကျေးရွာ၊ ကျွန်းညိုကျေးရွာအုပ်စု၊ ဘိုကလေးမြို့နယ်**




**ဘေးအန္တရာယ်ကျရောက်စဉ်ဆောင်ရွက်ရန် DMC ၏ လုပ်ငန်းတာဝန်များ**

- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် အခြားစစ်မှန်သောအရင်းအမြစ်မှရရှိသောသတိပေးချက်ကိုဖြန့်ဝေခြင်း၊ကျေးရွာအတွင်းရှိသတိပေးချက်ဖြန့်ဝေရေးအဖွဲ့၏ အကူအညီကို ရယူ၍ အသံချဲ့စက်ဖြင့် လှည့်လည်ကြေငြာခြင်း၊ ဘုန်းတော်ကြီးကျောင်းများမှ ကြေငြာခြင်း၊ ဆင့်ကဲတုံးမောင်းခေါက်သော စနစ်ကဲ့သို့သော သမားရိုးကျနည်းလမ်းများဖြင့် ဖြန့်ဝေခြင်း
- ဘေးကင်းရာသို့ရွှေ့ပြောင်းရေးအဖွဲ့က ရပ်ရွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်း
- ရှာဖွေကယ်ဆယ်ရေးအဖွဲ့ အကူအညီဖြင့် ရှာဖွေခြင်းနှင့်ကယ်ဆယ်ခြင်း

- ရှေးဦးသူနာပြုအဖွဲ့က ရှေးဦးသူနာပြုလုပ်ဆောင်ပေးခြင်းနှင့် ကျန်းမာရေးဌာန၊ အခြားဌာနများနှင့် ညှိနှိုင်း၍ ဆေးဝါးကုသမှု အကူအညီ စီစဉ်ပေးခြင်း

**ဘေးအန္တရာယ်ကျရောက်ပြီးနောက်ဆောင်ရွက်ရန် DMC ၏ လုပ်ငန်းတာဝန်များ**

- အပျက်အစီး လိုအပ်ချက် စွမ်းဆောင်ရည် အကဲဖြတ်ချက် ပြုလုပ်ပြီး ပျက်စီးမှုများ၊ လိုအပ်ချက်များကို မြို့နယ်/ကျေးရွာအုပ်စုအာဏာပိုင်များထံ အစီရင်ခံတင်ပြခြင်း
- မြို့နယ်/ကျေးရွာအုပ်စု အာဏာပိုင်၊ အထောက်အပံ့ပေးသောအဖွဲ့အစည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့ရေးလုပ်ငန်းများညှိနှိုင်းခြင်း၊ အစီအစဉ် ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်း
- ရပ်ရွာ၏ လူမှုရေး၊ စီးပွားရေး၊ ရပ်ပိုင်းပြန်လည်ထူထောင်မှု ဥပမာ - အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုဘဝစိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အားပေးခြင်း၊ နေအိမ်များ နှင့် အခြေခံအဆောက်အဦများ ပြန်လည်ဆောက်လုပ်ရန် ကူညီပံ့ပိုးခြင်း
- ပြန်လည်ထူထောင်ရေးအတွက် အကူအညီရရှိရန် အစိုးရဌာနများ၊ အထောက်အပံ့ ပေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအဆင့်တွင် ဘေးအန္တရာယ် လျော့ပါးစေရေး အစီအမံများကို ပေါင်းစည်းဆောင်ရွက်ခြင်း
- ရပ်ရွာဘေးကင်းမှုကို မြှင့်တင်ပြီး အနာဂတ် တိုးတက်ကောင်းမွန်စေရေးအတွက် မဟာဗျူဟာများဖော်ထုတ်ရန်အတွက် DMC ၏ စွမ်းဆောင်ရည်နှင့် ထိရောက်မှု တို့ အပါအဝင် လုပ်ငန်းဆောင်ရွက်မှုကို အကဲဖြတ်သုံးသပ်ခြင်း

## ၆-၄ DMC ၏ မူများ

- လူအများ၏ အခန်းကဏ္ဍအဓိကဖြစ်ကြောင်း လုပ်ငန်းများအားလုံးတွင် အသိအမှတ် ပြုရပါမည်။ ပြင်ပမှပုဂ္ဂိုလ်များ လုပ်ဆောင်သည့် လုပ်ငန်းများအနေဖြင့် လူအများ၏ သဘောတူညီမှုနှင့် အပြည့်အဝ ပါဝင်ဆောင်ရွက်မှုမပါရှိဘဲ အပြောင်းအလဲ ဖြစ်ပေါ်စေရန် ကြိုးပမ်းမည်ဆိုပါက မကောင်းသောအပြောင်းအလဲများ သို့မဟုတ် မဆီလျော်သော အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်ပါသည်။
- DMCသည် ဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိသော ရပ်ရွာတည်ဆောက်ရေး ဟူသော ရည်မှန်းချက်ပန်းတိုင်အောင်မြင်ရန် နည်းလမ်းတစ်ခုသာ ဖြစ်ပါသည်။ ထို့ကြောင့် DMC သည် သင့်လျော်သော လုပ်ငန်းများကို လုပ်ဆောင်ရပါမည်။
- DMC ၏ ဖွဲ့စည်းပုံကို ရိုးရှင်းစွာ ဖွဲ့စည်းထားပြီး လုပ်ငန်းများ၏ ပမာဏကို မများလွန်းစေရပါ။ DMC ကို နောင်အခါ ထပ်မံ၍ တိုးချဲ့နိုင်ပါသည်။

- လူအများပါဝင်ဆောင်ရွက်ရန်နှင့် လူအများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရန်၊ ထိန်းချုပ်ရန် အားပေးရပါမည်။

## ၆-၅ DMC နှင့်အဖွဲ့များ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း

လေ့ကျင့်သင်တန်းပေးခြင်း၏ ရည်ရွယ်ချက်မှာ ဘေးအန္တရာယ်လျော့ပါးစေရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့်သက်ဆိုင်သောလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် DMC ၏ စွမ်းဆောင်ရည်ကို တည်ဆောက်မြှင့်တင်ပေးရန် ဖြစ်ပါသည်။

လေ့ကျင့်သင်တန်းပေးမှု လိုအပ်မည့် အဓိကကဏ္ဍ ၂ရပ်မှာ -

- ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့်
- အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု တို့ဖြစ်ပါသည်။

**ဘေးအန္တရာယ်စီမံခန့်ခွဲရေးလေ့ကျင့်သင်တန်းပေးခြင်း** တွင် *ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့်တုံ့ပြန်ခြင်း* နှင့် *ဘေးအန္တရာယ်လျော့ပါးစေရေး* တို့ကို အလေးထားဆောင်ရွက်ရပါမည်။ သင်တန်းဆိုင်ရာအကြောင်းအရာများကို ဇယား-၁၃ တွင် ဖော်ပြထားပါသည်။

**ဇယား-၁၃ ဘေးအန္တရာယ်စီမံခန့်ခွဲရေးသင်တန်းတွင်ပါဝင်သင့်သောအကြောင်းအရာများ**

| ဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်တုံ့ပြန်ခြင်း | ဘေးအန္တရာယ်လျှော့ချရေး |
|---|---|
| • ရှာဖွေခြင်းနှင့် ကယ်ဆယ်ခြင်း<br>• ရှေးဦးသူနာပြုစုခြင်း<br>• ကယ်ဆယ်ရေးညှိနှိုင်းခြင်းနှင့် ဖြန့်ဖြူးခြင်း<br>• အရေးပေါ်ခိုလှုံရာနေရာ စီမံခန့်ခွဲခြင်း<br>• အန္တရာယ်ကင်းရှင်းရာသို့ ပြောင်းရွှေ့ခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း | • ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းလမ်းညွှန်ပေးခြင်း<br>• အန္တရာယ်အကဲဖြတ်ချက် ပြုလုပ်ခြင်း<br>• အန္တရာယ်အကြောင်း ဆက်သွယ်ပြောဆိုရေး ပုံစံထုတ်ရေးဆွဲခြင်းနှင့် ဆောင်ရွက်ခြင်း<br>• နယ်မြေဒေသတွင်း သတိပေးသည့် စနစ်များ ပုံစံထုတ်ရေးဆွဲခြင်း<br>• အဖွဲ့အစည်းပိုင်းဆိုင်ရာထိခိုက်မှု နည်းပါးသက်သာစေခြင်း<br>• အသက်မွေးဝမ်းကျောင်းရေရှည် တည်တံ့နိုင်စေခြင်း<br>• ရပ်ရွာ၏အန္တရာယ်ကျရောက်လွယ်မှု လျှော့ချရေးကို လှုံ့ဆော်စည်းရုံးခြင်း |

***ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့်တုံ့ပြန်ခြင်းသင်တန်းများ***သည် DMC အောက်တွင် ဖွဲ့စည်းထားရှိသော အဖွဲ့များအတွက်ရည်ရွယ်ပြီး *ဘေးအန္တရာယ်လျော့ပါးစေရေး*

သင်တန်းများသည် DMC သို့မဟုတ် ကျေးရွာ/ရပ်ရွာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီများအတွက် ရည်ရွယ်ပါသည်။

***အဖွဲ့အစည်းပိုင်းစီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများသည်*** DMC ဝန်ထမ်းများနှင့် အဖွဲ့ဝင်များအား DMC ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး ပြင်ဆင်ပေးရန် ဖြစ်ပါသည်။ အောက်ဖော်ပြပါ အကြောင်းအရာများ ပါဝင်ပါမည်။

- ခေါင်းဆောင်မှု
- အစီအစဉ်ရေးဆွဲခြင်း
- ဆွေးနွေးညှိနှိုင်းခြင်း၊ ပဋိပက္ခကို စီမံခန့်ခွဲခြင်းနှင့် ဖြေရှင်းခြင်း
- ရပ်ရွာကို နှိုးဆော်ခြင်း
- ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ငွေကြေးစီမံခန့်ခွဲခြင်း
- အဆိုပြုချက်ရေးသားခြင်းနှင့် အစီရင်ခံစာရေးသားခြင်း
- အစည်းအဝေး သို့မဟုတ် လေ့ကျင့်သင်တန်းပေးရာတွင် ဦးဆောင်ဆွေးနွေးခြင်း
- မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းထားရှိခြင်း

ပုံ ၁၂ ရှာဖွေကယ်ဆယ်ရေးသင်တန်း



ပုံ ၁၃ ရှေးဦးသူနာပြုစုနည်းသင်တန်း





**အခန်း ၆**

**လေ့လာခဲ့သမျှ . . .**

- **DMC ဖွဲ့စည်းတည်ထောင်ခြင်း၏ အယူအဆနှင့် လုပ်ငန်းစဉ်များ**
- **DMC ၏မူများနှင့် လုပ်ငန်းတာဝန်များ**
- **DMC နှင့်၎င်း၏အဖွဲ့များအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း**

**အကောင်းဆုံးကိုမျှော်လင့်ပါ၊အဆိုးဆုံးအတွက်ပြင်ဆင်ပါ။**

# အခန်း (၇)

## လုပ်ငန်းအဆင့် ၆ – ရပ်ရွာမှ စီမံခန့်ခွဲသော အကောင်အထည်ဖော်ခြင်း



# အခန်း ၇

# လုပ်ငန်းအဆင့် (၆) – ရပ်ရွာလူထုကိုယ်တိုင်စီမံခန့်ခွဲ၍အကောင်အထည်ဖော်ခြင်း

## ၇-၁ အကောင်အထည်ဖော်ရေး လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစဉ်များ

ပါဝင်ဆောင်ရွက်သောအစီအစဉ်ရေးဆွဲသည့် လုပ်ငန်းစဉ်မှ ရပ်ရွာ/ကျေးရွာ/ရပ်ကွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်ပေါ်ထွက်လာပါမည်။အချို့ဖြစ်ရပ်များတွင်ယင်းအစီအစဉ်၌ ပမာဏအားဖြင့် သေးငယ်သောလုပ်ငန်းများ အရေအတွက်အနည်းငယ်မျှသာ ပါဝင်ပါမည်။ အခြားရပ်ရွာများတွင် ပြည့်စုံသော ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းအစီအစဉ် သို့မဟုတ် စီမံချက်ကို ဆောင်ရွက်ခြင်းများဖြစ်နိုင်ပါသည်။

ရပ်ရွာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ DMC သည် အစီအစဉ်တွင် ဖော်ပြသည့်အတိုင်း ဘေးအန္တရာယ်လျော့ပါးစေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရပါမည်။ ထိုသို့သော အဖွဲ့အစည်းဖြင့် ထိရောက်စွာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် စီစဉ်ရေးဆွဲထားသော လုပ်ငန်းများကိုရရှိနိုင်သောအရင်းအမြစ်များဖြင့် အချိန်မီ အကောင်အထည်ဖော်နိုင်စေမည်ဖြစ်ပါသည်။ ယင်းသို့ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစဉ်များ ပါဝင်ပါမည်။ ဥပမာ - လုပ်ငန်းတာဝန်သတ်မှတ်ပေးခြင်း၊ ရပ်ရွာမှအရင်းအမြစ်များနှိုးဆော်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သလို ညှိနှိုင်းပြင်ဆင်ခြင်းများ ပါဝင်ပါမည်။

### ၇-၁-၁ လုပ်ငန်းတာဝန် သတ်မှတ်ပေးခြင်း

ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့(DMC) သည် လိုအပ်သည်ဟု သတ်မှတ်ဖော်ထုတ်ထားသော ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံ အရပ်ရပ်ကို အကောင်အထည်ဖော်ရန်အတွက် သင့်လျော်သောကော်မတီများကို ဖွဲ့စည်းတည်ထောင်ရပါမည်။ ဥပမာ- ရှေးဦးသူနာပြုအဖွဲ့/အုပ်စု၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးအဖွဲ့/အုပ်စု၊ ကြိုတင်သတိပေးရေးအဖွဲ့/ အုပ်စု၊ ခိုလှုံရာနေရာအဖွဲ့/အုပ်စု စသည်တို့ ဖြစ်ပါသည်။ ယင်းအဖွဲ့/အုပ်စုများအား တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ သတ်မှတ်ပေးထားပြီး ၎င်းတို့အား ပေးအပ်သောတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ဆိုင်ရာကျွမ်းကျင်မှုများရှိသည့် လူပုဂ္ဂိုလ်များ၊ အုပ်စုများကို ဆက်သွယ်ရယူအသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးရပါမည်။ ထို့အပြင် ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့သည် လုပ်ငန်းအသီးသီးကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ပိုမိုကျယ်ပြန့်သော ရပ်ရွာနှင့် ရပ်ရွာ၏ အရင်းအမြစ်များကို နှိုးဆော်နိုင်ပါသည်။

***DMC သည် ဘေးအန္တရာယ် လျော့ပါးစေရေး အစီအမံများကို တွင်ကျယ်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် ရပ်ရွာတွင်နေထိုင်သူများအား တစ်ဦးချင်း လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရပါမည်။***




## ၇-၁-၂ စွမ်းဆောင်ရည် တည်ဆောက်ခြင်း

တာဝန်ရှိသူများနှင့် ကော်မတီဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ရန် နည်းပညာပိုင်း၊ ကျွမ်းကျင်မှုပိုင်း စွမ်းဆောင်ရည်ရှိရန် အရေးကြီးပါသည်။ DMC ကို ဖွဲ့စည်းပြီးသည်နှင့်တစ်ပြိုင်နက် မိတ်ဖက်အင်ဂျီအိုများ၊ အစိုးရအဖွဲ့အစည်းများထံမှဝန်ထမ်းများ၏ ကျွမ်းကျင်မှုတည်ဆောက်ရန် အကူအညီ ရယူနိုင်ပါသည်။ DMC *တည်ဆောက်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းအသေးစိတ်အချက်များကို လုပ်ငန်းအဆင့် ၅ တွင် ဖော်ပြထား ပါသည်။*

## ၇-၁-၃ အရင်းအမြစ်များကို နှိုးဆော်ခြင်း

အရင်းအမြစ်များကို နှိုးဆော်သည့် လုပ်ငန်းစဉ်သည် ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ် အကဲဖြတ်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်းအဆင့်များတွင်စတင်ဆောင်ရွက်ရပါသည်။လိုအပ်သော နည်းပညာကျွမ်းကျင်မှုများရပ်ရွာတွင်မရရှိနိုင်ပါက DMC သည် လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန် မြို့နယ်/ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစိုးရဌာနများ၊ အင်ဂျီအိုများ၊ စီးပွားရေးလုပ်ငန်းများကို နှိုးဆော်ရပါမည်။ ဤသို့ဆောင်ရွက်ရာတွင် DMC အဖွဲ့ဝင်များနှင့် ကော်မတီများ၏ စွမ်းဆောင်ရည်များကို တည်ဆောက်ရန် အရင်းအမြစ်များ နှိုးဆော်ခြင်းကိုလည်း ထည့်သွင်းဆောင်ရွက်ရပါမည်။ သင့်တော်သော အရင်းအမြစ်အမျိုးမျိုးကို နှိုးဆော်ရန် ဖြစ်ပါသည်။

## ၇-၁-၄ စောင့်ကြည့်စစ်ဆေးခြင်း

DMC သည် သဘောတူညီထားသော ဘေးအန္တရာယ်လျော့ပါးစေရေး အစီအမံများ အကောင်အထည်ဖော်မှုအပေါ် တိုးတက်မှုကို စောင့်ကြည့်ရန်အလို့ငှာ ပါဝင်ဆောင်ရွက်သော စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ရပါမည်။ စောင့်ကြည့်စစ်ဆေးခြင်းရာတွင် လုပ်ငန်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှု၊ အချိန်ကာလသတ်မှတ်ချက်များ၊ ဘတ်ဂျက်၊ ညွှန်ပြချက်များ၊ ထွက်ပေါ်ရလဒ်များ၊ ရည်ရွယ်ချက်များနှင့် ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံများ၏ သက်ရောက်မှုများကို စောင့်ကြည့်စစ်ဆေးရပါမည်။ မည်သူတို့အပေါ် ဆိုးကျိုးဖြစ်ပေါ်စေကြောင်း၊ နုတ်ထွက်သွားသူများရှိ-မရှိနှင့် ရှိပါက အဘယ်ကြောင့် နုတ်ထွက်သွားကြောင်းတို့ကိုလည်းလေ့လာရန် ဖြစ်ပါသည်။ပါဝင်ဆောင်ရွက်သော စောင့်ကြည့်စစ်ဆေးသည့်စနစ်ကို အကျိုးစီးပွားပါဝင်ပတ်သက်သူများအားလုံး ပါဝင်စေလျက် တည်ထောင်ရပါမည်။ သို့မှသာ ၎င်းတို့ စောင့်ကြည့်စစ်ဆေးလိုသော အချက်အလက်များ၊ မည်သည့်နည်းလမ်းဖြင့် မည်သည့်အချိန်တွင် အချက်အလက်များကို စုဆောင်းလိုသည်ဟူသော အချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်ပါမည်။ စောင့်ကြည့်စစ်ဆေးသည့်လုပ်ငန်းစဉ်တွင် အချက်အလက်စုဆောင်းခြင်း၊ ပြန်လည်သုံးသပ်သော အစည်းအဝေးများကျင်းပခြင်း၊ အစီရင်ခံတင်ပြခြင်းတို့ ပါဝင်ပါမည်။

ယေဘုယျအားဖြင့် စောင့်ကြည့်စစ်ဆေးသော အစီရင်ခံစာတွင် အောက်ပါအချက်အလက်များ ပါဝင်သင့်ပါသည်။

- အစီရင်ခံစာရေးသားပြုစုသည့် နေ့စွဲ
- အစီရင်ခံစာရေးသားပြုစုသော အဖွဲ့အစည်း
- အစီရင်ခံတင်ပြသည့် အချိန်ကာလ
- လုပ်ငန်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှု
- ညွှန်ပြချက်များအရ အောင်မြင်မှုများ
- ရည်ရွယ်ချက်ကို ပြည့်မှီမှု
- တွေ့ကြုံခဲ့ရသော ပြဿနာများ
- ပြဿနာများကို ဖြေရှင်းရန် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ
- အကြံပြုချက်များ
- ငွေကြေးအစီရင်ခံစာ

စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ နောက်ထပ် အသေးစိတ်အချက်အလက် များကို နောက်ဆက်တွဲ-၃ တွင် ဖော်ပြထားပါသည်။

## ၇-၁-၅ လျှာထားချက်များနှင့် အစီအမံများကို ညှိနှိုင်းပြုပြင်ခြင်းများ

ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံများ ဆောင်ရွက်ရာ၌ မျှော်မှန်းထားသော ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အလို့ငှာ အစီအစဉ်ရေးဆွဲသော လုပ်ငန်းစဉ်အတွင်းတွင် ညှိနှိုင်းပြုပြင်မှုများ လိုအပ်ကောင်းလိုအပ်ပါမည်။ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း DMCနှင့်အခြားအကျိုးစီးပွားပါဝင်ပတ်သက်သူများသည် အချို့သောလုပ်ငန်းများမှာ အစီအစဉ်ရေးဆွဲစဉ်က မျှော်မှန်းခဲ့သကဲ့သို့ ဆီလျော်မှုမရှိကြောင်း/ထိရောက်မှုမရှိကြောင်း တွေ့ရပါသည်။ သို့မဟုတ် အချို့သောလုပ်ငန်းများမှာ အခြားသောအုပ်စုများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ DMC အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ညွှန်ပြချက်များ၊ အချိန်ကာလသတ်မှတ်ချက်များ၊ ဘတ်ဂျက်တို့ကို လိုအပ်သလို ညှိနှိုင်းပြုပြင်၍ ရည်ရွယ်ချက်များ ပြည့်မီအောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ DMC သည် အသစ်ဖော်ထုတ်ရရှိသော လုပ်ငန်းများနှင့်လျှာထားချက်များကို အကောင်အထည်ဖော်ရန် နောက်ထပ် အရင်းအမြစ်များ နှိုးဆော်ရယူရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။



## ၇-၂ အရင်းအမြစ်နှိုးဆော်ရာတွင် မည်သို့ ကူညီပံ့ပိုးမည်နည်း . . .

ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့သည် သွင်းအားစုများနှင့် အရင်းအမြစ် လိုအပ်ချက်များကို ဆွေးနွေးရန်နှင့် ၎င်းတို့ကိုရရှိနိုင်မည့်နေရာ၊ဌာန၊အဖွဲ့အစည်းများကို ဖော်ထုတ်ရန်အတွက် အကျိုးစီးပွားပါဝင်ပတ်သက်သူများအစည်းအဝေးကိုခေါ်ယူကျင်းပရပါမည်။ယင်းအစည်းအဝေးတွင် ဦးဆောင်ဆွေးနွေးသူသည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

- ဘေးအန္တရာယ်လျော့ပါးစေရေးအတွက်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ ယင်းအစီအမံများကိုအကောင်အထည်ဖော်ရန် လိုအပ်သော သွင်းအားစုများနှင့် ယင်းသွင်းအားစုများဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သော အရင်းအမြစ်များအကြောင်း ဆွေးနွေးရန် စီစဉ်ဆောင်ရွက်ခြင်း
- လူ့စွမ်းအားအရင်းအမြစ်များ (လူမှုရေးနှင့် နည်းပညာအရင်းအမြစ်များ)၊ ရုပ်ဝတ္ထုပစ္စည်း/ရုပ်ပိုင်းအရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များ၊ ငွေကြေး အရင်းအမြစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အားပေးခြင်း။
- အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းပြင်ပမှ အရင်းအမြစ်များကို ဖော်ထုတ်ခြင်းနှင့်၊ လိုအပ်သော အရင်းအမြစ် များကို မည်သည့် နေရာမှ နှိုးဆော်နိုင်ကြောင်း ရှင်းလင်းစွာ သိရှိရန်ဆောင်ရွက်ရပါမည်။ နယ်မြေခံအကျိုးစီးပွား ပါဝင်သူများတွင် ရပ်ရွာတွင်နေထိုင်သူတစ်ဦးချင်း၊ မိသားစုများ၊ ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း၊ မူဆလင်ဗလီများ၊ ရပ်ရွာတွင်းအုပ်စုများ သို့မဟုတ် ကျေးရွာလူကြီးများ ပါဝင်နိုင်ပါသည်။ ပြင်ပမှ အကျိုးစီးပွားပါဝင်ပတ်သက်သူများတွင် မြို့နယ်ဘေးအန္တရာယ်

စီမံခန့်ခွဲမှုကော်မတီ၊ အင်ဂျီအိုများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပရဟိတအဖွဲ့အစည်းများ ပါဝင်နိုင်ပါသည်။

အောက်ပါဇယား၁၄တွင်ဖော်ပြထားသောရင်းမြစ်နှီးဆော်ခြင်းဇယားကို ရင်းမြစ်နှီးဆော်ခြင်းလုပ်ငန်းစဉ်တွင်အသုံးပြုရန်နည်းလမ်းကိရိယာအဖြစ်လည်းကောင်း၊ အဆိုပါလုပ်ငန်းစဉ်၏အဆုံးသတ်ရလဒ်အဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

**ဇယား ၁၄** **ရင်းမြစ်နှီးဆော်ခြင်းဇယား**

| သွင်းအားစုများ | လိုအပ်သော အရင်းအမြစ်များ | | | | ရရှိနိုင်သော နေရာများ | | |
|---|---|---|---|---|---|---|---|
| | လူ့စွမ်းအား | ရုပ်ပိုင်း | သဘာဝ | ငွေကြေး | ရပ်ရွာ | ပြင်ပမှ ပုဂ္ဂိုလ်များ | |
| | | | | | | အင်ဂျီအို | အစိုးရ |
| နည်းပညာ | | | | | | | |
| မည်သို့သော ကျွမ်းကျင်မှုအမျိုးအစား လိုအပ်သနည်း။ | | | | | | | |
| မည်မျှ လိုအပ်သနည်း။ | | | | | | | |
| မည်သည့် အချိန်တွင် လိုအပ်သနည်း။ | | | | | | | |
| မည်သည့် နေရာတွင် လိုအပ်သနည်း။ | | | | | | | |
| အချိန်ကာလ မည်မျှ အထိ လိုအပ်သနည်း။ | | | | | | | |
| ရုပ်ဝတ္ထုပစ္စည်း | | | | | | | |
| မည်သို့သော ရုပ်ဝတ္ထုပစ္စည်းသွင်းအားစုအမျိုး အစားများ လိုအပ်သနည်း။ | | | | | | | |
| မည်မျှ လိုအပ်သနည်း။ | | | | | | | |
| မည်သည့် အချိန်တွင် လိုအပ်သနည်း။ | | | | | | | |
| မည်သည့် နေရာတွင် လိုအပ်သနည်း။ | | | | | | | |



## ၇-၃ ပါဝင်ဆောင်ရွက်သော ပြန်လည်သုံးသပ်ခြင်း လုပ်ဆောင်ပုံ

DMC သည် အကျိုးစီးပွား ပါဝင်ပတ်သက်သူများကို ဖိတ်ခေါ်၍ အချိန်ကာလသတ်မှတ်၍ ပုံမှန်ကျင်းပသော ပြန်လည်သုံးသပ်သည့်အစည်းအဝေးများ ကျင်းပခြင်းဖြင့် ပါဝင်ဆောင်ရွက်သော ပြန်လည်သုံးသပ်သည့်လုပ်ငန်းစဉ်ကို ထူထောင်သင့်ပါသည်။ အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

- DMCသည် အကျိုးစီးပွားပါဝင်ပတ်သက်သူများ အားလုံးကို အချိန်ကာလသတ်မှတ်၍ ပုံမှန်ကျင်းပသော ပြန်လည်သုံးသပ်ရေးအစည်းအဝေး တက်ရောက်ရန် နှုတ်ဖြင့်၊ စာဖြင့် သို့မဟုတ် တယ်လီဖုန်းဆက်သွယ်၍ လိုအပ်သလို ဖိတ်ကြားရပါမည်။ သဘောတူညီထားသော အစီရင်ခံစာ ပုံစံကို ပေးပို့ပြီး လိုအပ်သလို သတိပေးနှိုးဆော်စာများ ရေးသားထုတ်ပြန်ရန်ဖြစ်ပါသည်။
- DMCသည် အစည်းအဝေး ကျင်းပမည့်နေရာ၊ အစည်းအဝေး အတွက် လိုအပ်သော နေရာထိုင်ခင်း ပစ္စည်းကိရိယာများကို စီစဉ်ပါမည်။ ဥပမာ -အစည်းအဝေးခန်းမ၊ စာရွက်လှန်ကားချပ်များ၊ မင်တံ၊ ကွန်ပျူတာနှင့် ပရိုဂျက်တာတို့ လိုအပ်ပြီး ရရှိနိုင်ပါက အသုံးပြုနိုင်ရန် စီစဉ်ရပါမည်။
- DMC သည် မှတ်စုရေးသားသူတစ်ဦးကို တာဝန်ပေးအပ်ထားရပါမည်။ ၎င်းက အစည်းအဝေးမှတ်တမ်းများ ပြုစုပြီး အစည်းအဝေးတက်ရောက်သူများထံ ဖြန့်ဝေပေးရပါမည်။



## ၇-၄ လျှာထားချက်များ သို့မဟုတ် အစီအစဉ်ကို ပြင်ဆင်ပုံ

အကျိုးစီးပွား ပါဝင်ပတ်သက်သူများသည် လုပ်ငန်းဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှု၊ ညွှန်ပြချက်များ၊ ရည်ရွယ်ချက်များနှင့် ဘေးအန္တရာယ်လျော့ပါးစေရေး အစီအမံများ၏ သက်ရောက်မှုတို့ကို အချိန်ကာလသတ်မှတ်၍ ပုံမှန်ကျင်းပသော ပြန်လည်သုံးသပ်ရေး အစည်းအဝေးများတွင် ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။ အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းခြင်းဖြင့် ရရှိခဲ့သောတိုးတက်မှုကို ဆန်းစစ်လေ့လာ နိုင်ပါသည်။

- လုပ်ငန်းများကို စီစဉ်ထားသည့်အတိုင်း အကောင်အထည်ဖော်ခဲ့ပါသလား။ ရည်ရွယ်ချက်များ ပြည့်မီပါသလား။
- လုပ်ဆောင်ချက်များသည် ဦးတည်ချက်များအောင်မြင်ရန် မည်သို့ အထောက်အကူပြုခဲ့ပါသနည်း။
- လုပ်ငန်းဆောင်ရွက်မှုများသည် လူအများ၏ ရှုမြင်ပုံများ၊ အပြုအမူများ၊ ရပ်ပိုင်းနှင့် လူမှုရေးပိုင်း သာယာဝပြောရေး၊ စွမ်းဆောင်နိုင်စွမ်းရှိစေရေးတို့တွင် အလိုရှိသော သက်ရောက်မှု (အပြောင်းအလဲများ) ဖြစ်ပွားစေရန် စွမ်းဆောင်နိုင်ပါသလား။

- ရည်ရွယ်ချက်များပြည့်မီအောင် အဘယ်ကြောင့် မဆောင်ရွက်နိုင်ပါသနည်း။ (အကျုံးဝင် ပါက) လုပ်ငန်းများ သို့မဟုတ် ရည်ရွယ်ချက်များကို ပြောင်းလဲရန် လိုအပ်ပါသလား။
- ရည်ရွယ်ချက်များ အောင်မြင်ရန် မည်သည့်လုပ်ငန်းအသစ်များကို လုပ်ဆောင်ရန် လိုအပ်ပါသနည်း။ ယင်းလုပ်ငန်းများ၏ သက်ရောက်မှုကို အကဲဖြတ်ရန်အတွက် မည်သည့် ညွှန်ပြချက်များကို အသုံးပြုနိုင်ပါသနည်း။
- ဆိုးကျိုးသက်ရောက်ခံရသောအုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ်များ ရှိပါသလား။ နုတ်ထွက်သွားသော အုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ်များ ရှိပါသလား။ အဘယ်ကြောင့် ဤသို့ ဖြစ်ရပါသနည်း။
- လက်ရှိရည်ရွယ်ချက်များမှာ မှန်ကန်မှု ရှိပါသလား။ အပြောင်းအလဲ ပြုလုပ်ရန် လိုအပ်ပါသလား။ မည်သည့် ရည်ရွယ်ချက်သစ်များကို ထားရှိရန် လိုအပ်ပါသနည်း။
- ရည်ရွယ်ချက်သစ်များ ပြည့်မီအောင် ဆောင်ရွက်ရန် မည်သည့်လုပ်ငန်းသစ်များ လိုအပ်ပါသနည်း။
- လက်ရှိအရင်းအမြစ်များမှာ လုပ်ငန်းသစ်များအကောင်အထည်ဖော်ရန် လုံလောက်မှု ရှိပါသလား။ နောက်ထပ်အရင်းအမြစ်များ လိုအပ်ပါလား။
- မည်သည့် အရင်းအမြစ်အသစ်များကို မည်မျှ လိုအပ်ပါသနည်း။
- ရပ်ရွာအတွင်းတွင် ယင်းအရင်းအမြစ်များ ရရှိနိုင်ပါသလား။ မည်သူတို့တွင် ယင်း အရင်းအမြစ်များ ရှိပါသနည်း။
- ပြင်ပမှ အရင်းအမြစ်များကို နှိုးဆော်ရန် လိုအပ်ပါသလား။ လိုအပ်ပါက မည်သူ့ထံမှ မည်မျှ လိုအပ်ပါသနည်း။



အခန်း ၇
လေ့လာခဲ့သမျှ . . .

- အကောင်အထည်ဖော်ရေး လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစဉ်များ
- အရင်းအမြစ်နှိုးဆော်ရာတွင် မည်သို့ ကူညီပံ့ပိုးမည်နည်း။
- ပါဝင်ဆောင်ရွက်သော ပြန်လည်သုံးသပ်ခြင်း လုပ်ဆောင်ပုံ
- လျှာထားချက်များ သို့မဟုတ် အစီအစဉ်ကို ပြင်ဆင်ပုံ

**မမေ့ရန်**

ပြင်ဆင်မှုအားနည်းဆုံးအချိန်တွင် ဘေးအန္တရာယ်ကျရောက်လိမ့်မည်။



# အခန်း (၈)

## ရပ်ရွာအခြေပြု ဘေးအန္တရာယ်၏ အခြေခံအကြောင်းအချက်များ

## အခန်း ၈

## ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး၏ အဓိကအစိတ်အပိုင်းများ

ရပ်ရွာအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲရေး CBDRM တွင် အဓိကအရေးပါသော အစိတ်အပိုင်း ၈ရပ် ရှိပါသည်။ သက်ဆိုင်ရာ ညွှန်ပြချက်များကို အခြေပြု၍ ယင်းအစိတ်အပိုင်းများကို တိုင်းတာအကဲဖြတ်ရန် အထူးအရေးကြီးပါသည်။ ယင်းတို့မှာ ပြင်ပမှ ကမကထပြု ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးဆုံးပြီးနောက် ဘေးအန္တရာယ်လျော့ပါးစေရေး ရပ်ရွာတွင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် အလို့ငှာ CBDRM လုပ်ငန်းအစီအစဉ်က နယ်မြေခံရပ်ရွာအတွင်းတွင် တည်ထောင်နိုင်ရန် ကြိုးပမ်းရမည့် အဖွဲ့အစည်းစနစ် အစီအစဉ်များနှင့် ထွက်ပေါ်ရလဒ်များ ဖြစ်ပါသည်။ ဤထွက်ပေါ် ရလဒ် ညွှန်ပြချက်များသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေး နယ်မြေခံရပ်ရွာ၏ စွမ်းဆောင်နိုင်စွမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် CBDRM လုပ်ငန်းစဉ်၏ အောင်မြင်မှုကို တိုင်းတာရန် ညွှန်ပြချက်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

အဓိကအရေးပါသော အစိတ်အပိုင်း ၈ ရပ်နှင့် ယင်းအစိတ်အပိုင်းများနှင့် သက်ဆိုင်သော ညွှန်ပြချက်များကို ဇယား-၁၅ တွင် ဖော်ပြထားပါသည်။

**ဇယား ၁၅ အဓိက အရေးပါသော CBDRM အစိတ်အပိုင်းများနှင့် သက်ဆိုင်ရာ ညွှန်ပြချက်များ**

| စဉ် | အဓိက အစိတ်အပိုင်း | အဓိက ညွှန်ပြချက်များ (လူတစ်ဦးချင်းနှင့် ရပ်ရွာနေထိုင်မှုဘဝ အပြောင်းအလဲများကို တိုင်းတာခြင်း) |
|---|---|---|
| ၁ | **ရပ်ရွာ ဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့အစည်း (DMC)**<br>ရည်ရွယ်ချက် - CBDRM လုပ်ငန်း များကို ရပ်ရွာအဆင့်တွင် အကောင် အထည်ဖော်ရန် အဖွဲ့အစည်းအစီအမံ တစ်ရပ်ကို တည်ထောင်၍ အားဖြည့် ပေးပြီး ရေရှည် ဆောင်ရွက်ရန် | - ခေါင်းဆောင်များကို အသိအမှတ်ပြုခြင်း<br>- အုပ်စုများကို ဖော်ထုတ်ပြီးဖြစ်ခြင်း<br>- အုပ်စုများကို ဖော်ထုတ်ပြီး အခန်းကဏ္ဍများကို ခွဲထွင်ဖော်ပြပြီးဖြစ်ခြင်း<br>- DMCအသစ်ဖွဲ့စည်းခြင်း၊ ရှိပြီးရပ်ရွာအခြေပြုအဖွဲ့အစည်းကို DMCအဖြစ် ဖော်ထုတ်ခြင်း၊ ထိရောက်စွာလုပ်ငန်း ဆောင်ရွက်လျက် ရှိကြောင်း ညွှန်ပြချက်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်-<br>  - စုဖွဲ့သော အစီအမံများဖြင့် ဘေးအန္တရာယ်လျှော့ချရေး ဆိုင်ရာ ဦးတည်ရည်ရွယ်သော အုပ်စုများအကြား စုစည်း ပူးပေါင်း ဆောင်ရွက်မှု မြင့်တင်ခြင်း<br>  - ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များကို DMC အဖွဲ့ဝင်များက အားလုံးသဘောတူညီချက်ဖြင့် ချမှတ်ခြင်း |

| | | |
|---|---|---|
| ၂ | **ရပ်ရွာဘေးအန္တရာယ် လျှော့ချရေး ရန်ပုံငွေ**<br>ရည်ရွယ်ချက် - ရပ်ရွာဘေးအန္တရာယ် လျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေး အစီအမံများ အကောင်အထည်ဖော်ရန် အတွက် အရင်းအမြစ်များ ရရှိရေး ဆောင်ရွက်ရန် | - ရန်ပုံငွေဖြည့်ဆည်းပေးရေး အစီအမံများ ချမှတ်ထားခြင်း<br>- DMC က ရန်ပုံငွေ ရရှိရေး နှိုးဆော်ခြင်း<br>- ရပ်ရွာအခြေပြုအဖွဲ့အစည်းကငွေစာရင်းထားရှိအသုံးပြုခြင်း<br>- ခွဲဝေသတ်မှတ်ပေးရေး စံချိန်စံနှုန်းများသဘောတူညီထားပြီးဖြစ်ခြင်း<br>- ငွေကြေးစီမံခန့်ခွဲရန် ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးပြီးဖြစ်ခြင်း<br>- ရပ်ရွာတွင် နေထိုင်သူများ၏ ထည့်ဝင်မှုများကို အစီရင်ခံတင်ပြနိုင်ခြင်း<br>- အခြားအရင်းအမြစ်များမှ ထည့်ဝင်မှုများကို အစီရင်ခံတင်ပြနိုင်ခြင်း<br>- အန္တရာယ်ကျရောက်လွယ်သူများထံ ရန်ပုံငွေများ ထုတ်ပေးရေး စံချိန်စံနှုန်းများကို သဘောတူညီ ထားပြီးဖြစ်ခြင်း |
| ၃ | **ရပ်ရွာ၏ ဘေးရန်၊ အန္တရာယ် ကျရောက်လွယ်မှု၊ စွမ်းဆောင်ရည် မြေပုံ**<br>ရည်ရွယ်ချက် - ရပ်ရွာအခြေပြု ဘေးအန္တရာယ် လျှော့ချရေးနှင့် ရပ်ရွာလေ့လာသင်ယူ ရေး အတွက် အခြေခံဖြစ်စေရန် | - နယ်မြေဒေသတွင်း ဘေးရန် မြေပုံများ အပြီးသတ်ရေးဆွဲပြီး ဖြစ်ခြင်း<br>- အန္တရာယ် ပိုမိုကျရောက်လွယ်သူအုပ်စုများ ကို ဖော်ထုတ်ပြီးဖြစ်ခြင်း<br>- ဆင်းရမွဲတေမှု အဆင့်ကို ဖော်ထုတ်၍ မြေပုံရေးဆွဲပြီးဖြစ်ခြင်း၊ အန္တရာယ်ကျရောက် လွယ်မှုနှင့် ဆင်းရဲနွမ်းပါးမှု အကြား ချိတ်ဆက်မှုများကို ဆက်စပ်ဖော်ထုတ်ပြီး ဖြစ်ခြင်း<br>- လူတစ်ဦးချင်းနှင့် မိသားစုများသည်ဘေးရန်များ၊ အန္တရာယ် ကျရောက်လွယ်မှုများ၊ ဘေးရန်အတွက်ကြိုတင်ပြင်ဆင်ခြင်း နှင့် ဘေးအန္တရာယ်လျော့ပါးစေရေးဆိုင်ရာသတင်းအချက် အလက်များကို DMC နှင့် နယ်မြေခံ အာဏာပိုင်များ/ အင်ဂျီအိုများ မှ ပိုမို၍ တက်ကြွစွာ ရှာဖွေရယူလာကြခြင်း<br>- အန္တရာယ်အကဲဖြတ်သည့် အချက်အလက်များ ကို အများပြည်သူ သိရှိနိုင်ရန် ပြသထားခြင်း |
| ၄ | **ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲရေး အစီအစဉ်**<br>ရည်ရွယ်ချက် - နယ်မြေဒေသတွင်း အရင်းအမြစ်များ ကို နှိုးဆော်ခြင်းအားဖြင့် | - ဦးတည်ရည်ရွယ်သော အုပ်စုများသည် ဘေးအန္တရာယ်များ ကြောင့် ဖြစ်ပွားသော ပြင်းထန်သည့် ထိခိုက်မှုများကို လျှော့ချခြင်း၊ထိန်းချုပ်နိုင်ခြင်းကြောင့် ဝင်ငွေတိုးမြင့် လာခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုများသည် တစ်ဆင့်ထုတ်လုပ်မှု |

| | | |
|---|---|---|
| | ဘေးအန္တရာယ် လျော့ပါးစေရေး အတွက် ရပ်ရွာက စုပေါင်း ဆောင်ရွက်စေရန် | လုပ်ငန်းများအတွက် ပစ္စည်းများ [ဥပမာ အသက်မွေး ဝမ်းကျောင်း ပစ္စည်းကိရိယာများ၊ စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ (ကျွဲနွားများ၊ လှေများ၊ လယ်ထွန်စက် များ)]ဝယ်ယူအသုံးပြုမှု တိုးတက်မြင့်မားလာခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုများသည် လူသုံးပစ္စည်းနှင့် ဝယ်ယူအသုံးပြုမှုနှင့် လိုအပ်ချက်များ တိုးတက်မြင့်မားလာခြင်း ဥပမာ-အဝတ်အစား၊ သယ်ယူပို့ဆောင်ရေး၊ အစားအစာ၊ ရုပ်မြင်သံကြား၊ ရေခဲသေတ္တာ၊ ပန်ကာ၊ လေအေးစက် စသည်တို့<br>- ဦးတည်ရည်ရွယ်သော အုပ်စုများသည် ကလေးသူငယ် ပညာရေးနှင့် စပ်လျဉ်း၍ သုံးစွဲငွေ တိုးတက်မြင့်မားလာခြင်းနှင့် မိသားစု ကျန်းမာရေး တိုးတက်ကောင်းမွန်လာခြင်း |
| ၅ | **DMC လေ့ကျင့်သင်တန်းပေးသည့်စနစ်**<br>ရည်ရွယ်ချက် - DMC နှင့် DMC ၏အဖွဲ့/အုပ်စုများ၏ ရပ်ရွာအခြေပြု ရှေးဦးသူနာပြု၊ ရှာဖွေကယ်ဆယ် ရေး၊ ဘေးကင်းရာသို့ ရွှေ့ပြောင်း ရေး စီမံခန့်ခွဲမှု၊ ကယ်ဆယ်ရေး လုပ်ငန်းများ စီမံခန့်ခွဲမှု နှင့် အရေးပေါ် အခိုအကာစီမံခန့်ခွဲမှု ဆိုင်ရာနည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | - ဘေးအန္တရာယ်လျှော့ချရေး သင်တန်းများကို ပြင်ပမှ ခေါ်ယူပြုလုပ်ပေးသော အဖွဲ့အစည်း များ ရှိခြင်း<br>- နယ်မြေခံ အစိုးရဘတ်ဂျက်တွင် ရန်ပုံငွေများ သတ်မှတ်ပေးခြင်း<br>- လေ့ကျင့်သင်တန်းပေးမှု အစီရင်ခံတင်ပြခြင်း<br>- လေ့ကျင့်သင်တန်းပေးသည့် လက်စွဲစာအုပ်များ ထုတ်ဝေခြင်း<br>- ရပ်ရွာ လေ့ကျင့်သင်တန်းပေးသည့် အစီအစဉ် ပြက္ခဒိန်များ ထုတ်ဝေခြင်း<br>- ရပ်ရွာတွင်း စစ်တမ်းကောက်ယူခြင်း အစီရင်ခံစာများ<br>- သင်တန်းအသစ်များအတွက် သင်ရိုးညွှန်းတမ်းများ |
| ၆ | **ရပ်ရွာ ဇာတ်တိုက်လေ့ကျင့်မှုစနစ်**<br>ရည်ရွယ်ချက် - ဘေးအန္တရာယ် တုံ့ပြန်မှုအတွက် ရပ်ရွာများ အသင့်ရှိစေရန် | - မိသားစုနှင့် ရပ်ရွာအဆင့်များတွင်ဘေးအန္တရာယ်တုံ့ပြန်မှု အပြန်အလှန်အကူအညီပေးရေးအတွက် ပူးပေါင်း ဆောင်ရွက်မှု ပိုမိုများပြားခြင်း၊ ဥပမာ အိမ်နီးချင်းများအား အကူအညီပေးခြင်း၊ ဘေးကင်းရာသို့ရွှေပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ငွေချေးခြင်း၊ပြန်လည်တည်ဆောက် ရေးအတွက်လုပ်အားမျှဝေခြင်း၊ စားနပ်ရိက္ခာ သိုမှီး သိမ်းဆည်းရန် မိသားစုဝင်များအား အကူအညီပေးခြင်း၊ အိမ်ကို မြှင့်တင်၍ ဆောက်လုပ်ခြင်း စသည်။ |

| | | |
|---|---|---|
| | | - လူအများသည် အရေးပေါ်အခြေအနေများတွင် သဘောတူညီ ထားသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာလုပ်ဆောင်ခြင်း၊ ဥပမာ သတိပေးချက် ကြားသိပြီးနောက် ချက်ခြင်း အန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့ခြင်း၊ သဘောတူညီထားသော လမ်းကြောင်းအတိုင်း သွားခြင်း၊ သဘောတူညီထားသော သွားရောက် ရမည့် နေရာများသို့ ရောက်အောင်သွားခြင်း စသည်တို့ဖြစ်ပါသည်။<br>- အရေးပေါ်တုံ့ပြန်မှုအကူအညီ တိုးမြှင့် ပေးအပ်ခြင်းကြောင့် အသက်ဆုံးရှုံးမှု လျော့နည်းခြင်း |
| ၇ | **ရပ်ရွာ သင်ယူမှုစနစ်**<br>ရည်ရွယ်ချက် - ဘေးရန်များ၊ ဘေး အန္တရာယ်များ၊ အန္တရာယ် ကျရောက်လွယ်မှုများ၊ အန္တရာယ် လျော့ပါးစေခြင်း နှင့် ကြိုတင်ပြင်ဆင်ခြင်း တို့ကို လူပုဂ္ဂိုလ် များ၊ မိသားစုများနှင့် ရပ်ရွာများက နားလည် သဘောပေါက်မှု တိုးမြှင့်ရန် | - ဦးတည်ရည်ရွယ်သော အုပ်စုများသည် ဘေးရန်မှခံနိုင်ရည်ရှိသော ဆောက်လုပ်ရေး လုပ်နည်းလုပ်ဟန်များကို ကျင့်သုံးခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုဝင်များသည် သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်သော လုပ်နည်းလုပ်ဟန်များကို ကျင့်သုံးခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုသည် ဘေးရန် ခံနိုင်ရည်ရှိသော သီးနှံစိုက်ပျိုးနည်းများကို ကျင့်သုံးခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုသည် ဘေးအန္တရာယ်ကြောင့် ပြင်းထန်စွာ မထိခိုက်ရေး ရှောင်ရှားနိုင်ပြီး ရေရှည်တည်တံ့သော ဝင်ငွေရှိခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုများသည် ဘေးအန္တရာယ် ကျရောက်ပြီး အခြေအနေများတွင် ပိုမိုကောင်းမွန်သော တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အကျင့်များကျင့်သုံးခြင်းကြောင့် ကျန်းမာရေးဆိုင်ရာဘေးကင်းလုံခြုံမှုရှိခြင်း<br>- ဦးတည်ရည်ရွယ်သော အုပ်စုများသည် ပိုမိုကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုနှင့် ထိရောက်သော တုန့်ပြန်မှု လုပ်နည်းလုပ်ဟန်များကြောင့် စိတ်ဖိစီးမှု အဆင့်များ လျော့နည်းကျဆင်းခြင်း |
| ၈ | **ရပ်ရွာ၏ စောစီးစွာ ကြိုတင်သတိပေးရေး စနစ်**<br>ရည်ရွယ်ချက်-ကြိုတင်သတိပေးရေးအစီအမံများကို ကူညီပံ့ပိုးခြင်းအားဖြင့်ရပ်ရွာ၏အန္တရာယ် ကင်းရှင်းမှုကို အထောက်အကူပြုရန် | - ကြိုတင်သတိပေးသော စနစ်ထားရှိပြီး သင့်လျော်သော သတိပေးနိုင်သည့် အာဏာပိုင်အဖွဲ့နှင့် ချိတ်ဆက်ထားခြင်း<br>- ရပ်ရွာက ကြိုတင်သတိပေးချက် ကိုနားလည်ခြင်း<br>- လူတစ်ဦးချင်း၊ မိသားစုများ၊ ရပ်ရွာတွင်နေထိုင်သူများသည် ဘေးအန္တရာယ်ကြောင့် ပြင်းထန်စွာ မထိခိုက်စေရေး |

| | | |
|---|---|---|
| | | ရှောင်ရှား နိုင်ရန် သင့်လျော်သော ကြိုတင်သတိပြုသည့် လုပ်ငန်းများ လုပ်ဆောင်ခြင်း<br>- အသက်ကယ်ဆယ်ရေးတွင် ဘာသာရေး နှင့် လူမှုရေး အသင်းအဖွဲ့များ၏ ကြိုတင်သတိပေးခြင်းအားဖြင့် အပြုသဘော အခန်းကဏ္ဍ လုပ်ဆောင်မှုကို ဦးတည်ရည်ရွယ်သောအုပ်စုများကချီးကျူးပြောကြားကြခြင်း၊ ဥပမာ- ဘုရားများ၊ မူဆလင်ဗလီများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ စာသင်ကျောင်း များ စသည်တို့ |



**အခန်း ၈**

**လေ့လာခဲ့သမျှ . . .**

- **CBDRM ၏ အဓိက အစိတ်အပိုင်းများနှင့် ညွှန်ပြချက်များ**

**အန္တရာယ်ကိုမကြောက်ပါနှင့်၊ကြိုတင်ပြင်ဆင်ပါ။**

## နောက်ဆက်တွဲ- ၁

## ပါဝင်ဆောင်ရွက်သောကျေးလက်ဒေသ၏အကဲဖြတ်ချက် (Participatory Rural Appraisal-PRA) ကို အကျဉ်းအားဖြင့် ခြုံငုံဖော်ပြခြင်း

PRA ကို ရပ်ရွာအန္တရာယ် အကဲဖြတ်ချက်တွင် အသုံးပြုခြင်းသည် ရပ်ရွာမှ ပါဝင်ဆောင်ရွက်မှု၊ စိတ်ကူးစိတ်သန်းများတက်ကြွစွာဖလှယ်ခြင်း၊ရပ်ရွာနှင့်အခြားအကျိုးစီးပွားပါဝင်ပတ်သက်သူများ အကြား ညှိနှိုင်း၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ လုပ်ဆောင်ရန် ဖိတ်ခေါ်နိုင်ပါသည်။

PRA ကို ၁၉၈၀ပြည့်အစောပိုင်းနှစ်များအတွင်းက အိန္ဒိယနှင့် ကင်ညာနိုင်ငံတို့တွင် ဖော်ထုတ်ခဲ့ ပါသည်။ ထိုအချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်သားများနှင့် CBDRM လုပ်ငန်းဆောင်ရွက် သူများက ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြပါသည်။ PDRAနှင့် PRA တို့သည် ရပ်ရွာစွမ်းဆောင် နိုင်စွမ်းရှိစေရေးဟူသော တူညီသည့် ရည်မှန်းချက်ပန်းတိုင်ရှိပြီး ပါဝင်ဆောင်ရွက်ခြင်း၊ ဆင်ခြင် သုံးသပ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဟူသော တူညီသည့် မူများကို မြှင့်တင်ပေးပါသည်။

### ဦးဆောင်ဆွေးနွေးခြင်းနှင့် ကူညီပံ့ပိုးခြင်း

PDRA ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များသည် PRA နည်းလမ်းကိရိယာများကို အသုံးပြု၍ ဆွေးနွေးမှုများကို ကူညီပံ့ပိုးပေးပါသည်။ အုပ်စုတစ်စုစီတွင် အုပ်စုဆွေးနွေးမှုများကို စီစဉ် ထိန်းသိမ်းပေးသူတစ်ဦး၊ ဆွေးနွေးချက်များကို မှတ်တမ်းတင်ရန်နှင့် ရပ်ရွာလုပ်ငန်းစဉ်များကို ကြည့်ရှုလေ့လာမှတ်တမ်းပြုစုရန် မှတ်စုရေးသားသူတစ်ဦး ပါဝင်ပါမည်။

အထွေထွေစည်းမျဉ်းအနေဖြင့် PDRA ဦးဆောင်ဆွေးနွေးသူများသည် အုပ်စုတွင် ပါဝင်သူများ အားလုံးကိုယ်စီ ပါဝင်ပြောကြားနိုင်သည့် အခွင့်အလမ်းရှိစေရမည်ဖြစ်ပြီး မည်သူတစ်ဦး တစ်ယောက်ကမျှ ဆွေးနွေးမှုများကို လက်ဝါးကြီးအုပ်ခြင်း၊ ကြီးစိုးခြင်း၊ အုပ်စုအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ မရှိစေရပါ။ ဦးဆောင်ဆွေးနွေးသူများနှင့် ရပ်ရွာတွင်နေထိုင် သူများကို ပိုင်းခြားထားသည့် ရုပ်ဝတ္ထုအတားအဆီးများ ဖြစ်သော စားပွဲ စသည်တို့ကိုလည်း မထားရှိသင့်ပါ။ စက်ဝိုင်းပုံ အုပ်စုလိုက် ဝိုင်းထိုင်ခြင်းအားဖြင့် လူတိုင်း အခြားသူများနှင့် အပြန် အလှန် ဆွေးနွေးနိုင်ရန် အခွင့်အလမ်း ရရှိပါမည်။

### PRA အတွက် အသုံးပြုသော ပစ္စည်းများ

PRA ပြုလုပ်ရာတွင် အသုံးဝင်သော ပစ္စည်းများမှာ ပဲစေ့များ၊ အရွယ်မတူသော ကျောက်ခဲများ၊ သစ်ရွက်များ၊ ကျောက်ခဲ ၁၀လုံး၊ မင်တံများ၊ စာရွက်လှန်ကားချပ်များ၊ ရောင်စုံခဲတံများ၊ ရောင်စုံစက္ကူများ၊ ကော်၊ ကပ်ရန် တိပ် တို့ဖြစ်ပါသည်။ PDRA လုပ်ငန်းဆောင်ရွက်သူ အားလုံးတွင် ယင်းပစ္စည်းများ ပါဝင်သော PDRA အိတ် တစ်လုံးစီ ရှိရပါမည်။

## မှတ်တမ်းထားရှိခြင်း

ရပ်ရွာ၏ အမည်နှင့် အုပ်စုဆွေးနွေးပွဲများတွင် ပါဝင်သော ရပ်ရွာတွင် နေထိုင်သူများ၏ အမည်များကို PRA မှတ်စုများ၊ သို့မဟုတ် အသုံးပြုသော စာရွက်လှန်ကားချပ်များ နောက်ကျောတွင် ရေးသားထားရပါမည်။ မှတ်စုရေးသားသူများက ရပ်ရွာတွင် နေထိုင်သူများ၏ တုန့်ပြန်ပြောကြားချက်များနှင့် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို အောက်ဖော်ပြပါ ပုံစံအတိုင်း ရေးသားရန်ဖြစ်ပါသည်။

**ပုံ ၁၆ PRA စာရွက်လှန်ကားချပ် ဥပမာ**

| နေရာဒေသအမည် | နေ့စွဲ |
|---|---|
| မှတ်စုရေးသားသူအမည် | ပါဝင်ဆွေးနွေးသူအရေအတွက် စုစုပေါင်း |
| ဦးဆောင်ဆွေးနွေးသူ(များ)အမည် | အမျိုးသားအရေအတွက် |
| အသုံးပြုသောနည်းလမ်း | အမျိုးသမီးအရေအတွက် |
| ရလဒ်များ - အဓိက မေးမြန်းသော မေးခွန်းများကို ဖြေကြားချက်များ | |
| ၁။ သင်၏ ဘဝနေထိုင်မှုနှင့် ပတ်ဝန်းကျင်တွင် ဘေးရန်ကြောင့် မည်သို့ ထိခိုက်ပါသနည်း။ (ဥပမာ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ တောမီးလောင်ခြင်း)<br>၂။ အမြဲတစေ ယင်းသို့ပင် ထိခိုက်ပါသလား။<br>၃။ ယင်းဘေးရန်များကြောင့် ထိခိုက်မှုသည် ယခင်ကထက် ပိုမို၍ ပြင်းထန်လာသည်ဟု မည်သည့် အချိန်တွင် စတင်၍ သတိပြုမိသနည်း။<br>၄။ ယင်းဘေးရန်များသည် ယခင်ကထက်ပို၍ အဘယ်ကြောင့် ပြင်းထန်လာပါသနည်း။<br><br>နောက်ထပ် သတင်းအချက်အလက်များ<br><br>လေ့လာတွေ့ရှိချက်များ | |

# နောက်ဆက်တွဲ - ၂

# ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်တွင်ပါဝင်သည့် အကြောင်းအရာများ

## ၁။ ရပ်ရွာဆိုင်ရာအချက်အလက်များ

တည်နေရာ(မြို့နယ်၊ရပ်ကွက်/ကျေးရွာအုပ်စု၊ဖြစ်နိုင်ပါက ဘူမိအုပ်စု) ဧရိယာအကျယ်အဝန်း၊ လူဦးရေဆိုင်ရာအချက်အလက်များ၊(စာတတ်မြောက်မှုနှုန်း၊ စီးပွားရေး၊ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းစသည်)၊ မြို့နယ်ဌာနချုပ်မှအကွာအဝေး၊ သယ်ယူပို့ဆောင်ရေး (အဓိက လမ်းမကြီး၊ရထားလမ်း၊ရေလမ်းစသည်)၊ ရာသီဥတု၊ ပထဝီအနေအထား၊ မြေမျက်နှာသွင်ပြင်၊ အပူချိန်၊ မိုးရေချိန်၊ သီးနှံစိုက်ပျိုးမှုပုံစံ၊ မြစ်များ၊ သောက်သုံးရေရရှိနိုင်သည့် အဓိက နေရာများ စသည်။

## ၂။ ရပ်ရွာအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု

ရပ်ရွာအတွင်း ဖြစ်နိုင်ခြေရှိသော၊ ဘေးအန္တရာယ်များ၏ရာဇဝင်၊ ဘေးအန္တရာယ်ကျရောက်ခဲ့မှု ကြောင့်အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့သောထိခိုက်မှုအပေါ် ဆန်းစစ်လေ့လာချက်အဆိုပါဘေးအန္တရာယ် များကျရောက်နိုင်သောနေရာဒေသ၊ရပ်ရွာလူထု၊ အခြေခံအဆောက်အဦ၊ ၎င်းတို့၏ခုခံနိုင်စွမ်း နည်းပါးမှု၊ လူမှုစီးပွားအခြေအနေ၊ အိမ်ယာများစသည်၊ သက်ကြီးရွယ်အိုလူဦးရေ၊ မသန်စွမ်း ဦးရေ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုဦးရေ စသည်။

## ၃။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (DMC)

ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ (DMC) /ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်စာရင်း၊အကြောင်းအရာအလိုက်ဖွဲ့စည်းထားသောအဖွဲ့/အုပ်စုများ(ရှေးဦးသူနာပြု၊ ရှာဖွေ ကယ်ဆယ်ရေး၊အခိုအကာစသည်)၊ အမျိုးသမီးများပါဝင်မှု၊ ဘေးအန္တရာယ်ကျရောက်စဉ် အသုံးပြုရန်စုရပ်၊ မြို့နယ်/ကျေးရွာအုပ်စုဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၊ အစိုးရမဟုတ် သော အဖွဲ့အစည်းအင်ဂျီအို အစရှိသည်တို့နှင့် ချိတ်ဆက် ဆောင်ရွက်မှုများ စသည်။

## ၄။ ရပ်ရွာတုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်

ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ(DMC)/ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီနှင့် ၎င်း၏အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ခြုံငုံညှိနှိုင်းဆောင်ရွက်ခြင်း၊ အရေးပေါ် သတိပေးချက်နှင့်သတင်းဖြန့်ဝေခြင်း၊ ပျက်စီးဆုံးရှုံးမှုဆန်းစစ်ချက်နှင့်သတင်းပေးပို့ခြင်း၊ ရှာဖွေ ကယ်ဆယ်ခြင်း၊ ဆေးဝါးအကူအညီပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးဆောင်ရွက်ခြင်း၊ ယာယီအမိုးအကာစီစဉ်ခြင်း၊ အစားအသောက်စီစဉ်ခြင်း၊ ပျောက်ဆုံးသူများအားရှာဖွေခြင်း၊ တိရစ္ဆာန်များအား စောင့်ရှောက်ခြင်းနှင့် သေဆုံးမှုများအား စီမံဆောင်ရွက်ခြင်း စသည်။

## ၅။ သဘာဝဘေးလျော့ပါးရေးအစီအစဉ်

ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်ဘေးလျော့ပါးစေရေးအစီအမံများအတွက်အချိန်သတ်မှတ်ချက်နှင့် တိုင်းတာနိုင်သောညွှန်ပြချက်များ၊ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းများမှ တစ်ဆင့်ရပ်ရွာအဆင့်၊ စာသင်ကျောင်းများမှတစ်ဆင့် ကလေးများအတွက် အသိပညာပေးရေး ဆောင်ရွက်ချက်များ စသည်)

## ၆။ စောင့်ကြည့်လေ့လာခြင်းနှင့် စိစစ်သုံးသပ်ခြင်း

အစီအစဉ်အား အချိန်ကာလသတ်မှတ်၍ ဖြည့်စွက်ပြင်ဆင်ခြင်း (တစ်နှစ်တစ်ကြိမ်၊ မုတ်သုန်ရာသီမတိုင်မီဖြစ်လျှင်ပိုသင့်တော်ပါသည်)အစီအစဉ်တွင်ဖော်ပြထားသောဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်ဘေးလျော့ပါးစေရေးအစီအမံများဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုကိုစစ်ဆေးနိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း စသည်)

## နောက်ဆက်တွဲ

(က)မြို့နယ်/ကျေးရွာအုပ်စုဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီများ၏ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်းနံပါတ်

(ခ) မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ဆက်သွယ်ရမည့်အချက်အလက်စာရင်း (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အင်ဂျီအိုများအပါအဝင်)

(ဂ) ရပ်ရွာနှင့်အနီးပတ်ဝန်းကျင်ရှိအရင်းအမြစ်များ၏စာရင်း(လှေများ၊ ရေပြင်ကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ကြိုးများ၊ရှေးဦးသူနာပြုသေတ္တာ၊ဘတ်စ်ကား၊ ကယ်ဆယ်ရေးပစ္စည်းကိရိယာများ(သံကြိုး၊တူ၊ဂေါ်ပြားစသည်)၊ ဘေးကင်းသောအခိုအကာ၊ ဓမ္မာရုံ၊ ကျောင်း၊ ယာဉ်၊ ဆန်စက်၊ ဆေးဆိုင်၊ ဆရာဝန် စသည်)

# နောက်ဆက်တွဲ ၃
# ပါဝင်ဆောင်ရွက်သော စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
# Participatory Monitoring and Evaluation - PME

ပါဝင်ဆောင်ရွက်သောစောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း-PME တွင် နယ်မြေခံ ရပ်ရွာ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အခြားအကျိုးစီးပွား ပါဝင်ပတ်သက်သူများ ပါဝင်ဆောင်ရွက်ပြီး တိုးတက်မှုကို မည်သို့တိုင်းတာသင့်ကြောင်း၊ ဤဆန်းစစ်ချက်ရလဒ်အဖြစ် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း အတူတကွဆုံးဖြတ်ပါသည်။ သက်ဆိုင်သူများ အားလုံးသည် စီမံချက်လုပ်ငန်းဆောင်ရွက်မှုများ မည်မျှ ထိရောက်မှု ရှိသည်ကို သိရှိရန် လိုအပ်သည်ဟု ဤချဉ်းကပ်ပုံတွင် ယူဆချက်ထားရှိပါသည်။ လူအများအား တိုးတက်မှု ဆိုသည်မှာ မည်သည်ကို ခေါ်ဆိုကြောင်း အယူအဆများကို ဆန်းစစ်ပြီး ပေါ်ပေါက်လာသည့် ဆန့်ကျင်မှုများ၊ ပဋိပက္ခများကို ဖြေရှင်းရန် အားပေးရပါသည်။ ထို့ကြောင့် အခက်အခဲ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရနိုင်ပါသည်။

## PME မှုများ

PME တွင် အချက်အချာကျသော ကျယ်ပြန့်သည့် မူ၄ရပ် ရှိပါသည်။

**ပါဝင်ဆောင်ရွက်ခြင်း။** PMEတွင် အကျိုးစီးပွားပါဝင်ပတ်သက်သူအများအပြား ပါဝင်ဆောင်ရွက်ကြပါသည်။အကျိုးကျေးဇူးခံစားသူများ၊ အကောင်အထည်ဖော်သော အဖွဲ့အစည်း၏ အဆင့်အားလုံးရှိစီမံချက် သို့မဟုတ် လုပ်ငန်းအစီအစဉ်ဝန်ထမ်းများ၊ သုတေသနပြုလုပ်သူများ၊ အစိုးရဌာနများနှင့် အလှူရှင်များ ပါဝင်နိုင်ပါသည်။

**သင်ယူမှု။** အတွေ့အကြုံမှသင်ယူမှုကို အလေးအနက်ထားပါသည်။ ပါဝင်ဆောင်ရွက်သူများသည် ကျွမ်းကျင်မှုများ ရရှိပြီး အစီအစဉ်ရေးဆွဲခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းစွမ်းဆောင်ရည်ကို အားကောင်းစေပါသည်။ စီမံချက်ကို ထိခိုက်သော အကြောင်းအချက်များ သို့မဟုတ် သတ်မှတ်ချက်များ၊ အောင်မြင်မှုနှင့် မအောင်မြင်မှု အကြောင်းရင်းများ၊ အခြားနည်းလမ်းများကို စမ်းသပ်အသုံးပြုသင့်သော အကြောင်းရင်းများကို ပိုမို၍ နားလည်သဘောပေါက်လာမည်ဖြစ်ပါသည်။

**ဆွေးနွေးညှိနှိုင်းခြင်း။** PME သည် လူအများ၏ မတူညီသောလိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များအကြား ဆွေးနွေးညှိနှိုင်းရန် လူမှုရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာနိုင်ပါသည်။

**ပြောင်းလွယ်ပြင်လွယ်ရှိခြင်း။** PME ဆောင်ရွက်ရန် နည်းလမ်း အမျိုးမျိုး ရှိနိုင်ပါသည်။ စီမံချက်၏ အခြေအနေနှင့် လိုအပ်ချက်များအပေါ် မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး လိုအပ်သလို ညှိနှိုင်းနိုင်ပါသည်။

## စောင့်ကြည့်စစ်ဆေးခြင်း

စောင့်ကြည့်စစ်ဆေးခြင်းမှာ လုပ်ငန်းအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မှုအဆင့် အားလုံး၌ အကျိုးစီးပွားပါဝင်ပတ်သက်သူများက စဉ်ဆက်မပြတ် သို့မဟုတ် အချိန်ကာလ သတ်မှတ်၍ ပုံမှန်ပြန်လည်သုံးသပ်ခြင်းနှင့် ကြီးကြပ်ခြင်းဖြစ်ပါသည်။ သွင်းအားစုများ၊ လုပ်ငန်း အချိန်ဇယားများ၊ ရည်မှန်းသောထွက်ပေါ်ရလဒ်များနှင့် အခြားလိုအပ်သော လုပ်ဆောင်ချက် များကို အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။ စီမံချက် ဦးတည်ချက်များ အောင်မြင်ရန်အတွက် အထိရောက်ဆုံး သွင်းအားစုပေါင်းစပ်ခြင်းနှင့် သွင်းအားစု အစီအစဉ် များအကောင်အထည်ပေါ်စေရန်အတွက်ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုများကိုပြုပြင်ပြောင်းလဲ နိုင်ပါမည်။

စီမံချက်စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးခြင်း အမျိုးအစား အနည်းဆုံး ၃မျိုးကို တွေ့ရှိနိုင်ပါသည်။

**လုပ်ငန်းစဉ် စောင့်ကြည့်စစ်ဆေးခြင်း။** လုပ်ငန်းစဉ် စောင့်ကြည့်စစ်ဆေးခြင်းမှာ သွင်းအားစု များကို အသုံးပြုခြင်း၊ လုပ်ငန်းများတိုးတက်မှု၊ ယင်းတို့ကို ဆောင်ရွက်သည့် နည်းလမ်းတို့နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ စုဆောင်းခြင်းဖြစ်ပါသည်။ လုပ်ငန်းစဉ် စောင့်ကြည့် စစ်ဆေးခြင်းမှာ ဖြစ်ရပ်များ အဘယ်ကြောင့် ဖြစ်ပွားကြောင်း၊ မည်သို့ ဖြစ်ပွားကြောင်း၊ လုပ်ငန်းစဉ်များ၏ သက်ဆိုင်မှု၊ ထိရောက်မှုနှင့် တွင်ကျယ်မှုတို့ကို လေ့လာပါသည်။ အစီအစဉ် ရေးဆွဲခြင်း၊ မည်သည်တို့ကို စောင့်ကြည့်စစ်ဆေးမည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း၊ စောင့်ကြည့် စစ်ဆေးသည့်လုပ်ငန်းစဉ်များဖော်ထုတ်၍မှတ်တမ်းတင်ခြင်းတို့တွင်အကျိုးစီးပွားပါဝင်ပတ်သက် သူများနှင့် အကျိုးကျေးဇူးခံစားသူများ ပါဝင်ဆောင်ရွက်စေပါသည်။ လုပ်ငန်းစဉ် စောင့်ကြည့် စစ်ဆေးရာတွင် လုပ်ငန်းစဉ်ကို မည်ကဲ့သို့ ဆောင်ရွက်ကြောင်း မှတ်တမ်းထားရှိရန် လိုအပ် ပါသည်။

**သက်ရောက်မှုစောင့်ကြည့်စစ်ဆေးခြင်း။** သက်ရောက်မှုစောင့်ကြည့်စစ်ဆေးခြင်းမှာ ဦးတည် ချက်များအောင်မြင်ရေးအတွက် တိုးတက်မှု၊ ယင်းဦးတည်ချက်များနှင့် စပ်လျဉ်း၍ မည်သည့် သက်ရောက်မှုများရှိကြောင်းသတင်းအချက်အလက်များဖြစ်ပါသည်။သက်ရောက်မှု စောင့်ကြည့် စစ်ဆေးခြင်းမှာ စဉ်ဆက်မပြတ် မိမိဘာသာ အကဲဖြတ်ခြင်း ပုံသဏ္ဍာန်တစ်မျိုး ဖြစ်ပါသည်။ ကောင်းမွန်စွာ ဆောင်ရွက်ပါက ပုံမှန်အကဲဖြတ်သုံးသပ်ခြင်းများ ပြုလုပ်ရန် လိုအပ်ချက် နည်းပါးသွားပါမည်။ ပုံမှန် အကဲဖြတ်သုံးသပ်ချက် ပြုလုပ်သည့်တိုင် လုပ်ငန်းအစီအစဉ်

ဝန်ထမ်းများသည် လုပ်ငန်းဦးတည်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အနေအထားကို သိရှိပြီးဖြစ်ပါမည်။

**အရေးပါသော အပြောင်းအလဲကို စောင့်ကြည့်စစ်ဆေးခြင်း။** ပထမဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းမှာ အကောင်အထည်ဖော်သည့် အဖွဲ့အစည်း ဝန်ထမ်းများသည် အရေးပါသော အပြောင်းအလဲ နည်းလမ်းကို အသုံးပြု၍ မည်သည့် အပြောင်းအလဲ နယ်ပယ် သို့မဟုတ် *အပိုင်းကဏ္ဍ*ကို စောင့်ကြည့်စစ်ဆေးလိုကြောင်း ဖော်ထုတ်ရန် ဖြစ်ပါသည်။ အပြောင်းအလဲ အမျိုးအစား၂မျိုးကို အဓိကထား အာရုံစူးစိုက်သင့်ပါသည်။ လူအများ၏ ဘဝနေထိုင်မှု အပြောင်းအလဲများနှင့် အဖွဲ့အစည်းအပြောင်းအလဲများ ဖြစ်ပါသည်။ အရေးပါအရာရောက်သော အပြောင်းအလဲ နည်းလမ်းတွင် အခြေခံအဖြစ် ရိုးရှင်းသော အောက်ပါမေးခွန်းကို မေးမြန်းရပါသည်။ *"စီမံချက်ကြောင့် ဖြစ်ပွားသည်ဟု ထင်မြင်ယူဆရသည့် အရေးပါဆုံး အပြောင်းအလဲမှာ အဘယ်နည်း"* ဟူ၍ ဖြစ်ပါသည်။

## အကဲဖြတ်သုံးသပ်ခြင်း

အကဲဖြတ်သုံးသပ်ခြင်းမှာ စီမံချက်ဦးတည်ချက်များ မည်သည့်အတိုင်းအတာအထိ အောင်မြင်ခဲ့ကြောင်း ဖော်ထုတ်နိုင်ရန် စီမံချက်တစ်ခု၏ ရလဒ်များနှင့် သက်ရောက်မှုများကို အကဲဖြတ်သော လုပ်ငန်းဟု အဓိပ္ပါယ်ဖော်ပြနိုင်ပါသည်။ စီမံချက်ပြီးစီးသောအခါ အကဲဖြတ်သုံးသပ်ခြင်းဖြင့် စီမံချက် အောင်မြင်မှုရှိမရှိ ဖော်ထုတ်ရန် အထောက် အကူပြုနိုင်ပါသည်။ အောင်မြင်မှု မရှိပါက အဘယ်ကြောင့် မအောင်မြင်ကြောင်း ဖော်ထုတ်ရပါမည်။ စီမံချက်ကို ဆက်လက် ဆောင်ရွက်ရန် လိုအပ်နေခြင်း သို့မဟုတ် လိုအပ်သော ရလဒ်များ ပေါ်ပေါက်လာစေရန် ညှိနှိုင်းပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ခြင်းတို့ ဖြစ်နိုင်ပါသည်။ အကဲဖြတ်သုံးသပ်ခြင်းသည် ဆောင်ရွက်ဆဲ လုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး၊ နောင်အခါ အစီအစဉ် ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် စီမံခန့်ခွဲမှုအပိုင်းအား အကူအညီ ပေးခြင်းတို့အတွက် အသုံးပြုနိုင်သည့် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်လည်း ဖြစ်ပါသည်။

### အကဲဖြတ်သုံးသပ်ချက် ပြုလုပ်သည့် လုပ်ငန်းစဉ်

မူလပကတိအခြေအနေလေ့လာချက် (ပါဝင်ဆောင်ရွက်သော ဘေးအန္တရာယ်အကဲဖြတ်ချက်)ကို စီမံချက် မစတင်မီ ဆောင်ရွက်ထားရှိပြီး အကဲဖြတ်သုံးသပ်ရန် အခြေခံအဖြစ် အသုံးပြုရပါမည်။ အကဲဖြတ်သုံးသပ်ချိန်တွင် စီမံချက်ဦးတည်ချက်များ ဖော်ထုတ်စဉ်က သတ်မှတ်ခဲ့သည့် ညွှန်ပြချက်များကို အသုံးပြုပြီး ယင်းအပိုင်းကဏ္ဍများဆိုင်ရာ သတင်း အချက်အလက်များကို အကဲဖြတ်သုံးသပ်ချိန်တွင် စုဆောင်းရပါမည်။ ထို့နောက် လုပ်ငန်း ဆောင်ရွက်သူများသည် မူလပကတိ အခြေအနေနှင့် စီမံချက် အကောင်အထည်ဖော်ပြီး အခြေအနေတို့ကို နှိုင်းယှဉ်ခြင်းဖြင့် အခြေအနေအပြောင်းအလဲများကို ဆန်းစစ်လေ့လာနိုင်ပါမည်။

အကဲဖြတ်သုံးသပ်မှုပြုလုပ်ရန် အစီအစဉ်ရေးဆွဲခြင်းနှင့် အကဲဖြတ်သုံးသပ်ချက်ပြုလုပ်ခြင်းတို့တွင် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁။ အကဲဖြတ်သုံးသပ်ချက် ပြုလုပ်သည့် ရည်ရွယ်ချက်ကို သတ်မှတ်ခြင်း

- အဘယ်ကြောင့် အကဲဖြတ်သုံးသပ်ပါသနည်း။
- မည်သူက အကဲဖြတ်သုံးသပ်ချက်ကို ပြုလုပ်စေလိုပါသနည်း။
- အကျိုးကျေးဇူးခံစားသူများမှာ မည်သူတို့ဖြစ်ပါသနည်း။
- ရလဒ်များကို မည်သည့်ဆုံးဖြတ်ချက်များ ချမှတ်ရန် အသုံးပြုပါမည်နည်း။
- ရလဒ်များကို မည်သို့ အသုံးပြုမည်နည်း။

အကဲဖြတ်သုံးသပ်ချက် ပြုလုပ်ရသည့် ရည်ရွယ်ချက် အမျိုးမျိုး ရှိနိုင်ပါသည်။ ဥပမာ

- သာမန်အားဖြင့် စီမံချက် သို့မဟုတ် လုပ်ငန်းအစီအစဉ် အဆုံးတွင် အကောင်းအဆိုး ထွက်ပေါ်ရလဒ်များနှင့် သက်ရောက်မှုများကို အပြည့်အစုံ ဖော်ထုတ်ရန်
- နောင်အခါ လုပ်ငန်းအစီအစဉ် မဟာဗျူဟာ ရေးဆွဲရန်နှင့် ကြားဝင်ဆောင်ရွက်မှုများ၏ ထိရောက်မှုများ တိုးတက်ကောင်းမွန်စေရန် အသုံးပြုနိုင်မည့် သင်ခန်းစာများ ဖော်ထုတ်ရန်
- မူဝါဒအပြောင်းအလဲပြုလုပ်ခြင်း၊အဖွဲ့အစည်းစနစ်တည်ထောင်ခြင်းတို့ကို ဦးဆောင်စည်းရုံးရန်အတွက် အတွေ့အကြုံများကို မှတ်တမ်းထားရှိရန်
- အဖွဲ့အစည်းစနစ်များကို လူသိများစေရေးအတွက် အသုံးပြုနိုင်မည့် အရည်အသွေးကောင်းမွန်မှု၊ ထိရောက်မှုတို့ကို ပြသသော အချက်အလက်များ စုဆောင်းရန်
- လုပ်ငန်းဆောင်ရွက်မှုတာဝန်ယူရန်နှင့် တာဝန်ယူကြောင်း ပြသရန်
- စောင့်ကြည့်စစ်ဆေးသည့် နည်းလမ်းများကို တိုးတက်ကောင်းမွန်စေရန်
- မိမိ၏ လုပ်ငန်းကို ကိုယ်တိုင်ဝေဖန်ရန်
- အားသာချက်၊ အားနည်းချက်များ မည်သည့်နေရာတွင်ရှိကြောင်း သိရှိရန်
- လုပ်ငန်းအစီအစဉ်ကို အလားတူ လုပ်ငန်းအစီအစဉ်များနှင့် နှိုင်းယှဉ်ရန်
- အတွေ့အကြုံများ မျှဝေရန်
- လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ် များပြားလွန်းပြီး အောင်မြင်မှုနည်းပါးနေခြင်း ရှိမရှိ သိရှိရန်

၂။ ညွှန်ပြချက်များ သတ်မှတ်ခြင်း

ညွှန်ပြချက်များမှာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ် အများစုအတွက် အဓိကနေရာမှ ပါဝင်ရပါသည်။ ညွှန်ပြချက်များ ရွေးချယ်ရာတွင် မည်သည်တို့ကို

သိရှိလိုကြောင်း၊မည်သည့်အပြောင်းအလဲများကိုဖြစ်ပွားစေလိုကြောင်း၊ ယင်းအပြောင်းအလဲများကို မည်ကဲ့သို့ စောင့်ကြည့်စစ်ဆေးနိုင်ကြောင်း ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။ ညွှန်ပြချက်များသည် မည်သည့်သတင်းအချက်အလက်များ စုဆောင်းရန် လိုအပ်ကြောင်း ဆုံးဖြတ်နိုင်ရန် အထောက်အကူပြုပါသည်။ ရပ်ရွာတွင် နေထိုင်သူများ အသုံးပြုသော ညွှန်ပြချက်များသည် အကူအညီပေးသော အဖွဲ့အစည်းက အသုံးပြုသော ညွှန်ပြချက်များနှင့် မတူညီဘဲ ဖြစ်နိုင်ပါသည်။ သို့သော် ပါဝင်သူများအားလုံးသည် အသုံးပြုမည့် ညွှန်ပြချက်များနှင့် စပ်လျဉ်း၍ သဘောတူညီရပါမည်။ အောက်ဖော်ပြပါတို့ကို ဆောင်ရွက်ရန် သင့်တင့်လျောက်ပတ်သော ညွှန်ပြချက်များကို ရေးသားပြုစုနိုင်ပါသည်။

- ရပ်ရွာတွင်နေထိုင်သူများနှင့်အတူ အထွေထွေနှင့် အသေးစိတ် လုပ်ငန်းစီမံကိန်း ဦးတည်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ စီမံကိန်းထွက်ပေါ်ရလဒ်များနှင့် သက်ရောက်မှုများကို အလားတူ ပြန်လည်သုံးသပ်ခြင်း
- ရပ်ရွာအပေါ် သက်ရောက်မှုရှိပြီး စီမံချက်ရလဒ်များအပေါ် ဩဇာသက်ရောက်မှု ရှိနိုင်သည့် ပြင်ပအကြောင်းအချက်များကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ညွှန်ပြချက်များကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ခြင်း
- ရပ်ရွာတွင်နေထိုင်သူများသည် ၎င်းတို့၏ ပြဿနာများကို ဖြေရှင်းရန်အတွက် အကောင်းဆုံးဖြေရှင်းချက် ရွေးချယ်သောအခါ ဖော်ထုတ်ခဲ့သော စံချိန်စံနှုန်းများကို ပြန်လည်သုံးသပ်ခြင်း။ ရပ်ရွာတွင် နေထိုင်သူများသည် အဘယ်ကြောင့် အချို့သော ဖြေရှင်းချက်များကို ပိုမို၍ နှစ်သက်ပါသနည်း။
- သက်ဆိုင်သောကိစ္စရပ်များ၊အပြောင်းအလဲများကို စောင့်ကြည့်စစ်ဆေးရန် အလို့ငှာ ဖြေကြားပေးရမည့် မေးခွန်းများကို ပြုစုခြင်း

အထက်တွင်ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း ညွှန်ပြချက်များသည် အဓိကထားဖော်ပြမှု အမျိုးမျိုး ရှိပါသည်။ စီမံချက်အကောင်အထည်ဖော်မှု (သွင်းအားစုများ၊ ထွက်ပေါ်ရလဒ်များ) လုပ်ငန်းစဉ်ကို အဓိကဖော်ပြသောညွှန်ပြချက်များ ရှိသကဲ့သို့ စီမံချက်၏ သက်ရောက်မှုများ (ထွက်ပေါ်ရလဒ်များ)ကိုအဓိကဖော်ပြသောညွှန်ပြချက်များလည်းရှိပါသည်။ လုပ်ငန်းစဉ်နှင့် သက်ရောက်မှု ညွှန်ပြချက် နှစ်ရပ်စလုံးမှာ အရေအတွက်နှင့် အရည်အသွေး ညွှန်ပြချက်များ ဖြစ်နိုင်ပါသည်။

၃။ အဓိကထား အကဲဖြတ်သုံးသပ်မည့် အကြောင်းအရာကို သတ်မှတ်ခြင်း

- အဓိကကိစ္စရပ်များမှာ မည်သည်တို့နည်း။
- ဖြေကြားရမည့် တိကျသောမေးခွန်းများမှာ မည်သည်တို့နည်း။
- မည်သည့် သတင်းအချက်အလက်များကို ရှာဖွေမည်နည်း။

- သတင်းအချက်အလက်များကို မည်သူ့ထံမှ သို့မဟုတ် မည်သည့်နေရာများမှ ရရှိနိုင် မည်နည်း။
- အောင်မြင်မှုများနှင့်လုပ်ငန်းဆောင်ရွက်မှုများကို အကဲဖြတ်ရန် မည်သည့်ညွှန်ပြချက်များကို အသုံးပြုမည်နည်း။

၄။ အကဲဖြတ်သုံးသပ်ချက် ပြုလုပ်မည့် နည်းလမ်းများကို သတ်မှတ် ဖော်ပြခြင်း

- သတင်းအချက်အလက်များကို စုဆောင်းရန် မည်သည့် နည်းလမ်းများကို အသုံးပြုမည်နည်း။
- အကဲဖြတ်သုံးသပ်ရာတွင် မည်သူတို့ ပါဝင်ဆောင်ရွက်မည်နည်း။
- သတင်းအချက်အလက်များကို မည်သည့်အချိန်တွင် စုဆောင်းမည်နည်း။

၅။ အကဲဖြတ်သုံးသပ်ချက်ရလဒ်များကို ဆန်းစစ်ရန် နည်းလမ်းများကို သတ်မှတ်ဖော်ပြခြင်း

- ဆန်းစစ်လေ့လာမည့် သတင်းအချက်အလက်များကို မည်သို့ စုဆောင်းမည်နည်း။
- မည်သူသည် မည်သည့်သတင်းအချက်အလက်များကို မည်သည့်ပုံသဏ္ဍာန်ဖြင့် လိုအပ် သနည်း။
- ရလဒ်များကို မှန်ကန်မှုရှိကြောင်း မည်သူက မည်သို့ စစ်ဆေးမည်နည်း။

၆။ အကဲဖြတ်သုံးသပ်ချက် အစီရင်ခံစာကို ရေးသားရန်နည်းလမ်းကို သတ်မှတ် ဖော်ပြခြင်း

- အစီရင်ခံစာတွင် ဖော်ပြမည့်အကြောင်းအရာ အစီအစဉ်မှာ မည်သို့ ဖြစ်ပါသနည်း။
- အစီရင်ခံစာ ပုံစံမှာ မည်သို့ ဖြစ်ပါသနည်း။
- အကဲဖြတ်သုံးသပ်ချက်မှရရှိရန်မျှော်မှန်းထားသောထွက်ပေါ် ရလဒ်များ (သင်ခန်းစာများ၊မည်သည့်အကြောင်းအရာတို့နှင့်စပ်လျဉ်းသည့်အကြံပြုချက်များ)မှာ မည်သည်တို့နည်း။
- အစီရင်ခံစာကို မည်သူက ရေးသားမည်နည်း။
- အကဲဖြတ်သုံးသပ်ချက် ရလဒ်များကို မည်သူက မည်သို့အသုံးပြုမည်နည်း။

၇။ အထွေထွေ အကဲဖြတ်သုံးသပ်ချက် အစီအစဉ်ကို အပြီးသတ်ရေးသားခြင်း

- အကဲဖြတ်သုံးသပ်သည့် လုပ်ငန်းများ အချိန်ဇယားကို သတ်မှတ်ဆုံးဖြတ်ခြင်း
- အကဲဖြတ်သုံးသပ်ချက်အတွက် ဘတ်ဂျက်ရေးဆွဲခြင်း

- အကဲဖြတ်သုံးသပ်ရာတွင် ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်းဖော်ပြခြင်း
- ပါဝင်ဆောင်ရွက်သူများအားလုံးကို အသိပေးပြောကြား၍ ရည်ညွှန်းရန် သတ်မှတ်ချက်များကို ၎င်းတို့အားလုံး သဘောတူညီစေရန် ဆောင်ရွက်ခြင်း

Oxfam GB အဖွဲ့၏ ဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းအစီအစဉ် (ဖိလစ်ပိုင်)ကိုဇယား-၁၇ တွင်ဖော်ပြထားပါသည်။

**ဇယား ၁၇ Oxfam GB အဖွဲ့၏ ဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းအစီအစဉ် (ဖိလစ်ပိုင်)**

| စီမံချက် ရည်မှန်းချက် ပန်းတိုင် | ဦးတည်ချက်များ | ညွှန်ပြချက်များ | | |
|---|---|---|---|---|
| | | ထွက်ပေါ်ရရှိမှု | အကျိုး/ထွက်ပေါ် ရလဒ် | သက်ရောက်မှု |
| ဘေးအန္တရာယ်များကြောင့် ရပ်ရွာများ၏ အန္တရာယ်ကျရောက်လွယ်မှုကို လျှော့ချရန် | ဘေးအန္တရာယ်များကို တားဆီးကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ နည်းပါးသက်သာစေခြင်းများ ပြုလုပ်နိုင်ရန် ရပ်ရွာများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးခြင်း | ကျေးရွာ ၁၀ရွာ အနက် တစ်ရွာစီတွင် ၆လ အတွင်း အလေးအနက် တာဝန်ယူ ဆောင်ရွက် မည့် DM စေတနာ့ ဝန်ထမ်း ၁၀ဦးကို အမာခံ အဖြစ် လေ့ကျင့်သင်တန်းပေးခြင်း | ရပ်ရွာများသည် စည်ပင်သာယာ ဘေး အန္တရာယ် ရန်ပုံငွေမှ အရင်းအမြစ်များကို ဘေးအန္တရာယ် ကျရောက်ပြီး ၂ရက် အတွင်းတွင် ရယူအသုံးပြုနိုင်သည်။ | သေဆုံးဒဏ်ရာရမှုများ၊ ထိခိုက်ပျက်စီးမှုများ၊ အသက်နှင့် ပိုင်ဆိုင် ပစ္စည်း ဆုံးရှုံးမှုများ ၅၀% လျော့နည်းကျဆင်းခြင်း<br><br>အမျိုးသမီးများသည် CBDRM အဖွဲ့အစည်းများတွင် ပါဝင်မှု တိုးတက်မြင့်မားလာသည့် ရလဒ်အဖြစ် အဆင့်အတန်း မြင့်မားတိုးတက်လာသည်။ |
| | | ကျေးရွာ ၁၀ရွာတွင် ၁၂လအတွင်း CBDRM အဖွဲ့အစည်း တစ်ခုဖွဲ့စည်းတည်ထောင်ခြင်း | ရပ်ရွာတွင် နေထိုင်သူများသည် ၎င်းတို့၏ စွမ်းဆောင်ရည်များနှင့်အရင်းအမြစ်များ အကြောင်း သိမြင်နားလည်မှုနှင့် ယုံကြည်မှု အဆင့် တိုးမြင့်လာသည်။ | |
| | | ကျေးရွာ ၁၀ရွာတွင် ၁၂လအတွင်း ဘေးအန္တရာယ်တုန့်ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို ပါဝင်ဆောင်ရွက်သော နည်းလမ်းဖြင့် ရေးဆွဲပြီးဖြစ်ခြင်း | ရပ်ရွာများသည် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး အစီအစမံများကို စီစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများကို အချိန်မီ ပြုလုပ်နိုင်သည်။ | |

| | | | | |
|---|---|---|---|---|
| သဘာဝဘေး အန္တရာယ်များ နှင့်လက်နက် ကိုင်ပဋိပက္ခ များ၏ ရလဒ် အဖြစ် သေဆုံး သူ၊ ဒုက္ခခံစား ရသူ၊နာမကျန်း ဖြစ်သူ အရေ အတွက် ပိုမို လျော့နည်းလာ ခြင်း | ဘေးအန္တရာယ် ကြောင့်ထိခိုက် သောရပ်ရွာများ အား အရည် အသွေး ကောင်းမွန်သည့် လူသားချင်းစာနာ သော အကူအညီ ရရှိနိုင်ရန်ဆောင် ရွက်ပေးခြင်း | ကျေးရွာ ၅ရွာတွင် ၆လကာလ ကုန်ဆုံး ချိန်၌ အန္တရာယ် ကင်းရှင်းသော သောက်သုံးရေ ဖြည့်ဆည်းပေးနိုင် သည့် ရေတွင်း ၂၀ တူးဖော်ပြီးစီးခြင်း | ကျေးရွာ ၅ရွာတွင် အိမ်ထောင်စု ၁၀၀၀ သည် အန္တရာယ် ကင်းရှင်းသော သောက်သုံးရေ အလုံအလောက် ရရှိသည်။ | ရပ်ရွာများတွင် ရေမှ တဆင့် ကူးစက် သော ရောဂါများ ဖြစ်ပွားမှု ၅၀% လျော့နည်းကျ ဆင်းသည်။<br><br>ထုတ်လုပ်မှု ပိုင်ဆိုင်ပစ္စည်းများ လုံခြုံမှု တိုးတက် ကောင်းမွန်လာ သည်။<br><br>ဆွေမျိုးများ လက်ဝယ် သို့ လွှဲပြောင်း ပေးခြင်း များ ၅၀% လျော့နည်း ကျဆင်းသည်။ |
| | | | အမျိုးသမီးများ သောက်ရေခပ်ရန် ကုန်ဆုံးသည့် အချိန်ကို ၅၀% လျှော့ချနိုင် သည်။ | |
| | | ကျေးရွာ ၅ရွာတွင် တစ်ကိုယ်ရည် သန့်ရှင်းရေး မြှင့်တင်ပေးနိုင်စွမ်း ရှိသော အမျိုးသမီး ရပ်ရွာ ကျန်းမာရေး စေတနာ့ဝန်ထမ်း ၁၀ဦး ကို လေ့ကျင့်သင်တန်း ပေးခြင်း | ရပ်ရွာ ကျန်းမာရေး စေတနာ့ဝန်ထမ်း များအား ရပ်ရွာများ တွင် အဆင့်အတန်း နှင့် အသိအမှတ်ပြုမှု တိုးတက်ရရှိလာ သည်။ | |
| | | | လုပ်ငန်းကျွမ်းကျင် သောရပ်ရွာ ကျန်းမာ ရေးစေတနာ့ဝန်ထမ်း များသည် ဘေး အန္တရာယ်မဖြစ်ပွားမီ နှင့် ဘေးအန္တရာယ် ဖြစ်ပွားနေစဉ် ကာလများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်သည်။ | |
| | | ကျေးရွာ ၁၀ရွာတွင် တစ်ကိုယ်ရည် သန့်ရှင်းရေး မြှင့်တင်ရေး လှုပ်ရှားမှု များ ဆောင်ရွက်ခြင်း။ | အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ သည် ကောင်းမွန် သော တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်နည်းလုပ်ဟန် များကို ပိုမို၍ သိမြင် နားလည်သည်။ | |

## မည်သည်တို့ကို အကဲဖြတ်သုံးသပ်မည်နည်း။

အကဲဖြတ်သုံးသပ်ရသည့် ရည်ရွယ်ချက်ပေါ် မူတည်၍ မည်သည်တို့ကို အကဲဖြတ် သုံးသပ်သင့်ကြောင်း ဖော်ထုတ်ရပါမည်။ အကဲဖြတ်သုံးသပ်ရသည့် ဦးတည်ချက်ကိုကြည့်၍ အဓိက အကဲဖြတ်သုံးသပ်ရမည့် အပိုင်းကို သတ်မှတ်ရပါမည်။

အကဲဖြတ်သုံးသပ်ရသည့်ရည်ရွယ်ချက်မှာ စီမံချက်သည် ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းရှိ-မရှိ အကဲဖြတ်ရန်ဖြစ်ပါက စီမံချက်လုပ်ငန်းများအားလုံးကို သက်ရောက်မှု ညွှန်ပြချက်များ အသုံးပြု၍ တိုင်းတာပါမည်။ 'မူလပကတိအခြေအနေ'ကို စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ပြီး အခြေအနေနှင့် နှိုင်းယှဉ်လျက် ကောက်ချက်များ ချမှတ်ပါမည်။

အကယ်၍ ရည်ရွယ်ချက်မှာ စီမံချက် သို့မဟုတ် လုပ်ငန်း အစီအစဉ်သည် ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေး မူဘောင်နှင့်အညီ အကောင်အထည်ဖော်ခြင်း ရှိ-မရှိ သိရှိနိုင်ရန် ဖြစ်ပါက အကဲဖြတ်သုံးသပ်ရာတွင် အာရုံစူးစိုက်မှု ကွာခြားပါမည်။ အခြားမေးခွန်းများနှင့် ညွှန်ပြချက်များ လိုအပ်ပါမည်။

## မည်သူကအကဲဖြတ်သုံးသပ်မည်နည်း။

- ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ (DMC) အတွင်း သို့မဟုတ် DMC ကိုယ်တိုင် အကဲဖြတ်သုံးသပ်ခြင်း
- သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ၊ ဌာနများ၊ သို့မဟုတ် လုပ်ငန်းအစီအစဉ်နှင့် တိုက်ရိုက်ဆက်စပ်မှု မရှိသော ကျွမ်းကျင်သူများက ပြင်ပ အကဲဖြတ်သုံးသပ်မှု ပြုလုပ်ခြင်း
- DMC အတွင်းနှင့် DMC ပြင်ပမှ ပါဝင်လျက် ပူးပေါင်းဆောင်ရွက် သော အကဲဖြတ်သုံးသပ်ခြင်းများ
- အကျိုးစီးပွားပါဝင်ပတ်သက်သူအများမှဆောင်ရွက်သော ပါဝင်ဆောင်ရွက်သည့် အကဲဖြတ် သုံးသပ်ခြင်းများ

## နောက်ဆက်တွဲ - ၄

# မြန်မာနိုင်ငံအတွက်ဘေးရန်များဖော်ပြချက် [၁]


ပြည်ထောင်စုမြန်မာနိုင်ငံသည် မီးလောင်ခြင်း၊ တောမီးဘေး၊ ငလျင်လှုပ်ခြင်း၊ ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းဒီရေတက်ခြင်း၊ ဆူနာမီရေလှိုင်း၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် မိုးခေါင်ရေရှားခြင်း အပါအဝင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်လွယ်သည့် အနေအထား တွင် ရှိပါသည်။

## ငလျင်လှုပ်ခြင်း

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခြင်း ဖြစ်ပွားရသည့် အဓိကအကြောင်းရင်း ၂ရပ် ရှိပါသည်။

- မြန်မာနိုင်ငံကုန်းမြေချပ်ပြားအောက်သို့အိန္ဒိယတိုက်ငယ်ကုန်းမြေချပ်ပြားကနိမ့်ဆင်းပြီးမြောက်ဘက်ယွန်းယွန်းသို့ရွေ့လျားရာမှဖြစ်ပေါ်လာသည့်ပွတ်တိုက်မှု
- ကပ္ပလီပင်လယ်အတွင်းဗဟိုပြု၍မြန်မာနိုင်ငံကုန်းမြေချပ်ပြားကမြောက်ဘက်သို့ရွေ့လျားခြင်း

ပုံ ၁၅ မြန်မာနိုင်ငံ ငလျင်ဒေသများ မြေပုံ




မြန်မာနိုင်ငံတွင်ငလျင်လှုပ်လေ့ရှိသောနယ်မြေဒေသ၃ပိုင်းပိုင်းခြားနိုင်ပါသည်။အနောက်မြောက်ပိုင်းဒေသ၊အလယ်ပိုင်းမြေနိမ့်ဒေသနှင့်ရှမ်းကုန်းပြင်မြင့်-ယူနန်ဒေသတို့ဖြစ်ပါသည်။ကုန်းမြေတိုက်တစ်ခုထက်အခြားတစ်ခုကနိမ့်ကျသွားခြင်း၊ကုန်းမြေချပ်ပြား၂ခု ပွတ်တိုက်ရွေ့လျားခြင်းတို့ကြောင့် ပြင်းအား

[၁] အသေးစိတ်ကို ADPC နှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းပြုစုသော “Hazard Profile of Myanmar”စာတမ်းတွင် လေ့လာနိုင်ပါသည်။

အတော်အတန်များပြားသောမြေမျက်နှာပြင်နှင့်နီးကပ်သည့်ငလျင်နှင့်မြေမျက်နှာပြင်နှင့်ဝေးကွာမှု အလယ်အလတ်ရှိသော ငလျင်များ အများအပြား လှုပ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းဖြတ်သန်းသွားသည့် အလယ်ပိုင်းမြေနိမ့်ဒေသတစ်လျှောက်တွင် ၂၀ ရာစုအတွင်း ထင်ရှားသောငလျင်ကြီးများ ၁၈ကြိမ်ထက်မနည်း လှုပ်ခဲ့ပါသည်။ ငလျင်လှုပ်စေသည့် ကြီးမားသော အခြားပြတ်ရွေ့ကြောင်းတစ်ခုမှာ ရှမ်းကုန်းမြေမြင့်အနောက်ပိုင်းရှိ ကီလိုမီတာ ၅၀၀ ခန့် ရှည်လျားသော ကျောက်ကျန်းပြတ်ရွေ့ကြောင်း ဖြစ်ပါသည်။

## မြေပြိုခြင်း

မြေပြိုခြင်းမှာ တောင်တန်းဒေသများ၊ အထူးသဖြင့် အနောက်ရိုးမဒေသများနှင့် အရှေ့ဘက်ကုန်းမြေမြင့်ဒေသအချို့တွင် အတိုင်းအတာ အမျိုးမျိုးဖြင့် ဖြစ်ပွားသည်ကို တွေ့ရပါသည်။ အနောက်ရိုးမဒေသများတွင် မြေပြိုမှု အမျိုးအစားအားလုံး ဖြစ်ပွားပါသည်။ ဥပမာ - ကျောက်များလိမ့်ဆင်းခြင်း၊ကျောက်ဆောင်ပြိုခြင်း၊မြေစိုင်ခဲပြိုကျခြင်း၊ ရွှံ့များပျော်ကျစီးဆင်းခြင်းတို့ဖြစ်ပါသည်။လူနေကျဲပါးခြင်းကြောင့်ဤဒေသတွင်မြေပြိုသောအခါ တိုက်ရိုက်ထိခိုက်မှု



အနေဖြင့်မြို့ရွာများပျက်စီးခြင်းထက်အခြေခံအဆောက်အဦများပျက်စီးခြင်းသာ ဖြစ်ပွားပါသည်။

## ဆူနာမီရေလှိုင်း

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းကို အနောက်ဘက်တွင် ရခိုင်ကမ်းရိုးတန်းဒေသ၊ အလယ်ပိုင်းတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်ပိုင်းတွင် တနင်္သာရီကမ်းရိုးတန်းဒေသဟု အပိုင်း၃ပိုင်း ပိုင်းခြားနိုင်ပါသည်။ ရခိုင်ကမ်းရိုးတန်းမှာ ရေတိမ်သော ပင်လယ်အပိုင်းဖြစ်ပြီး ကျွန်းစုများရှိပါသည်။ မြစ်ဝကျွန်းပေါ်ဖြစ်တည်မှုကိုလည်း အချို့နေရာများတွင် တွေ့ရှိရပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ ဧရာဝတီမြစ်ဝတွင် ဖြစ်တည်လျက်ရှိပါသည်။ အနည်ကျမှု၊ နှစ်စဉ်မြစ်ဝကျွန်းပေါ်ကျယ်ပြန့်လာမှုမြင့်မားလာခြင်းကြောင့်မုတ္တမပင်လယ်အတွင်းတောင်ဘက် ကီလိုမီတာ ၅၀ အထိ ရေတိမ်ပိုင်းတွင် သဲတန်းများ ဖြစ်ပွားပါသည်။ တနင်္သာရီကမ်းရိုးတန်းဒေသမှာမြောက်မှတောင်သို့တန်းတန်းမတ်မတ်နီးပါး တည်ရှိနေပါသည်။တနင်္သာရီကမ်းရိုးတန်း


တောင်ပိုင်း ဒေသတွင် မြိတ်ကျွန်းစု ရှိပါသည်။ မြန်မာနိုင်ငံတွင် ဆူနာမီရေလှိုင်း ၏ ရေပါဝင်မှု ပမာဏနှင့် ရေလွှမ်းမိုးမှု အတိုင်းအတာမှာ အိန္ဒိယသမုဒ္ဒရာပတ်လည်ရှိ နိုင်ငံများနှင့် နှိုင်းစာပါက နိမ့်ကျပြီး ထိခိုက်သေဆုံးမှုနှင့် အပျက်အစီးပမာဏလည်း လျော့နည်းပါသည်။ အကြောင်းမှာ မြန်မာကမ်းရိုးတန်းတစ်လျှောက်တွင် ဆူနာမီရေလှိုင်း အမြင့် လျော့နည်းခြင်းကြောင့်ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ် ကမ်းလွန်ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်ကြောင့်ဖြစ်သော ရေတိမ်ပိုင်းများ၌ ဆူနာမီလှိုင်း၏ စွမ်းအင်စုဝေးမိခြင်းကြောင့် ရေလှိုင်းအမြင့် အနည်းငယ် ပိုမိုပါသည်။ တနင်္သာရီကမ်းရိုးတန်းတွင် ဆူနာမီရေလှိုင်း သေးငယ်ရသည့် အခြားအကြောင်းတစ်ရပ်မှာ မြောက်မှတောင်သို့ ဆန့်တန်းတည်ရှိနေသော မြိတ်ကျွန်းစုက အကာအကွယ်ပေးထားခြင်းကြောင့် ဖြစ်ပါသည်။

## မီးလောင်ခြင်း

မီးလောင်ခြင်းမှာ ဘေးအန္တရာယ်များအနက် ၇၀%ရှိပြီး မကြာခဏ အဖြစ်ပွားဆုံး ဘေးရန်ဖြစ်ပါသည်။[၂] မီးလောင်မှုအရေအတွက် လျော့နည်းကျဆင်းလျက်ရှိသော်လည်း မီးလောင်မှုကြောင့် ဆုံးရှုံးမှုပမာဏမှာ တိုးတက်မြင့်မားနေသည်ကို တွေ့ရပါသည်။ မီးလောင်မှုအများဆုံး ဖြစ်ပွားသည့် နယ်မြေဒေသများမှာ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းတို့ ဖြစ်ပါသည်။ ယင်းတိုင်းများတွင် ဖြစ်ပွားသော မီးလောင်မှုများမှာ တစ်နိုင်ငံလုံးတွင် ဖြစ်ပွားသော မီးလောင်မှု စုစုပေါင်း၏ ၆၃%ရှိပြီး ငွေကြေးဆုံးရှုံးမှုစုစုပေါင်း၏ ၃၈%ခန့်ရှိပါသည်။ မီးလောင်မှုဖြစ်ပွားရသည့် အဓိကအကြောင်းများမှာ မီးဖိုချောင်မှ လောင်ကျွမ်းခြင်းနှင့်ပေါ့ဆမှုကြောင့်လောင်ကျွမ်းခြင်းတို့ဖြစ်ပြီးမီးလောင်မှုအားလုံး၏၈၃%အထိယင်းအကြောင်းများကြောင့် ဖြစ်ပွားပါသည်။ မီးအများဆုံးလောင်ကျွမ်းသည့်ရာသီ မှာ ဇန်နဝါရီလမှ မေလအထိ ဖြစ်ပါသည်။ နှစ်စဉ် ပျမ်းမျှ မီးလောင်မှု ၉၀၀ ခန့်ရှိပြီး ပိုင်ဆိုင် ပစ္စည်း အိုးအိမ်ဆုံးရှုံးမှု ကျပ် ၁ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၀. ၉၁ သန်းဖိုးခန့် ရှိပါသည်။

[၂] နာဂစ်မုန်တိုင်းလွန်ပူးတွဲအကဲဖြတ်မှု (Post Nargis Joint-Assessment)

ပုံ ၁၆ မြန်မာနိုင်ငံမီးဘေးအန္တရာယ်ပြမြေပုံ




## ပူပြင်းခြောက်သွေ့ခြင်း/မိုးခေါင်ခြင်း

မြန်မာနိုင်ငံ၏ မိုးနည်းရေရှားရပ်ဝန်းတွင် နိုင်ငံအလယ်ပိုင်း၌ တည်ရှိသော မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းဒေသများ ပါဝင်ပါသည်။ နိုင်ငံ၏ စုစုပေါင်း နယ်မြေဧရိယာ ၁၀% ခန့် ရှိပါသည်။ ဇုန်နယ်မြေ သတ်မှတ်သော စံနှုန်းပေါ်မူတည်၍ မိုးနည်းရေရှားရပ်ဝန်းမှ တစ်ပိုင်းမိုးနည်းရေရှားရပ်ဝန်းများဟု သတ်မှတ်ပါသည်။ မိုးကွယ်ဒေသတွင် တည်ရှိခြင်းကြောင့် တစ်နှစ်ပျမ်းမျှ မိုးရွာသွန်းမှုမှာ ၁၀၀၀ မီလီမီတာ အောက်တွင် ရှိပါသည်။ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အဆိုအရ အပူပိုင်းဒေသတွင် တိုင်း ၃တိုင်းအတွင်းမှ ခရိုင် ၁၃ခရိုင်၊

မြို့နယ် ၅၁မြို့နယ်ခန့် ပါဝင်လျက်ရှိပါသည်။ မြေဆီလွှာနှင့် သစ်တောပြုန်းတီးခြင်းကဲ့သို့သော သဘာဝအရင်းအမြစ်များယိုယွင်းပျက်စီးခြင်းကြောင့်စိုက်ပျိုးရေးထုတ်လုပ်မှုအခြေခံမတည်မငြိမ် ဖြစ်စေပါသည်။


## ရေလွှမ်းမိုးခြင်းများ

မြန်မာနိုင်ငံတွင်ဖြစ်ပွားသည့် အဓိကဘေးရန်များတွင် ရေလွှမ်းမိုးခြင်းလည်း အမြဲတစေ ပါဝင်ခဲ့ပါသည်။ ဘေးအန္တရာယ်အားလုံး၏ ၁၁%ရှိပြီး မီးလောင်မှုပြီးလျှင် ဒုတိယအများဆုံး ဖြစ်ပါသည်။ ၁၉၁၀ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ ကြီးမားသော ရေလွှမ်းမိုးမှု ၁၂ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ်ပိုင်ဆိုင်ပစ္စည်းဆုံးရှုံးမှု၊ အရေးပါသော အခြေခံအဆောက်အဦပျက်စီးမှု၊ စီးပွားရေးဆုံးရှုံးမှုနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ ဥပမာ- ရေတွင်းရေကန်များနှင့် ဆည်တမံများ ညစ်ညမ်းမှု ဖြစ်ပွားပြီး ရေမှတစ်ဆင့် ရောဂါကူးစက်ခြင်းများ ဖြစ်ပွားပါသည်။

မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှု အားလုံးလိုလိုမှာ မေလလယ်မှ အောက်တိုဘာလအကြား မိုးရာသီတွင် ရွာသွန်းခြင်း ဖြစ်ပါသည်။ ယင်းကာလတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ အများအပြား ဖြစ်ပွားလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ရေလွှမ်းမိုးမှု အန္တရာယ် ဖြစ်ပွားသည့်အချိန်ကာလ ၃ ချိန် ရှိပါသည်။ ဇွန်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလနှောင်းပိုင်းမှ အောက်တိုဘာလအတွင်း ဖြစ်ပါသည်။ ရေလွှမ်းမိုးမည့် အန္တရာယ်အများဆုံးမှာ မုတ်သုန်မိုးအများဆုံး ရွာသွန်းသော ဩဂုတ်လ ဖြစ်ပါသည်။ မိုးရာသီတစ်လျှောက်လုံးတွင် မြစ်ဝကျွန်းပေါ်ဒေသ မြစ်များတစ်လျှောက် ရေလွှမ်းမိုးမှုများ မကြာခဏ ဖြစ်ပွားတတ်ပြီး များသောအားဖြင့် တောင်ပေါ်ဒေသများဖြစ်လေ့ရှိသည့် မြစ်အထက်ပိုင်းတွင်မူ လျှပ်တစ်ပြက် ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းများဖြစ်လေ့ရှိပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်တစ်လျှောက် ရှည်လျားသော ကမ်းရိုးတန်းဒေသရှိရာ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မည့် အန္တရာယ်ကျရောက်လွယ်သည်ဟု ယူဆပါသည်။ လွန်ခဲ့သော နှစ် ၁၀၀ ကာလ မှတ်တမ်းများအရ ဧပြီ၊ မေနှင့် အောက်တိုဘာလတို့မှာ ဆိုင်ကလုန်းရာသီဟုယူဆကြပါသည်။လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွင်းတွင် မြန်မာနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်းကြီးများဝင်ရောက်တိုက်ခတ်မှု ၅ကြိမ် ရှိခဲ့ပါသည်။ ၁၉၆၈ခုနှစ် စစ်တွေ



ဆိုင်ကလုန်း၊ ၁၉၇၅ ခုနှစ် ပုသိမ်ဆိုင်ကလုန်း၊ ၁၉၈၂ ခုနှစ် ဂွ ဆိုင်ကလုန်း၊ ၁၉၉၄ ခုနှစ် မောင်တောဆိုင်ကလုန်း၊ ၂၀၀၆ ခုနှစ် မာလာဆိုင်ကလုန်း၊ ၂၀၀၇ ခုနှစ် အာကတ်ရှ် ဆိုင်ကလုန်းနှင့် ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းတို့ ဖြစ်ပါသည်။ စစ်တွေဆိုင်ကလုန်းကြောင့် သေဆုံးသူ ၁၀၃၇ ဦးနှင့် ပုသိမ်ဆိုင်ကလုန်း ကြောင့် သေဆုံးသူ ၃၀၄ ဦး ရှိခဲ့ပြီး နာဂစ်ကြောင့် သေဆုံးသူ ၁၃၈,၃၇၃ ဦး၊ ထိခိုက်သူ ၂.၄သန်း၊ ပစ္စည်းဥစ္စာအိုးအိမ်ဆုံးရှုံးမှု အမေရိကန် ဒေါ်လာ ၄.၁ ဘီလီယံဖိုး ခန့် ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လူအများ မှတ်မိသိရှိသော မုန်တိုင်းများအနက် ထိခိုက်ပျက်စီးမှု အများပြားဆုံးဖြစ်ပါသည်။

## မုန်တိုင်းဒီရေတက်ခြင်း

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းဒေသ ရှည်လျားပြီး မြေနိမ့်ဒေသများတွင် လူနေထူထပ်ခြင်း ကြောင့် အထူးသဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပါက အန္တရာယ်ကျရောက်လွယ်ပါ သည်။ ပင်လယ်ရေမျက်နှာပြင် အနည်းငယ်မျှ မြင့်တက်ရုံမျှဖြင့် ရေတိုက်စားမှုများ ကြီးမား ကျယ်ပြန့်စွာ ဖြစ်ပွားပါသည်။ IPCC အစီရင်ခံစာအရ ပင်လယ်ရေမျက်နှာပြင် ၁ စင်တီမီတာ မြင့်တက်လျှင် ကမ်းခြေဒေသ ၁မီတာ ပျက်စီးမည်ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ဝကျွန်းပေါ် မြေနိမ့်ဒေသများမှာ ဒီရေဝင်ရောက်သော ရေလမ်းကြောင်း အများ အပြား ပျံ့နှံ့လျက်ရှိပြီး အနောက်တောင်ဒေသမှ တိုက်ခတ်လာသော မုန်တိုင်းများနှင့် မုတ်သုန် လေများကို သဘာဝအားဖြင့် အကာအကွယ်မပေးနိုင်သည်ကို တွေ့ရပါသည်။ ပင်လယ်ရေ မျက်နှာပြင်မြင့်တက်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ ပိုမို၍ ပြင်းထန်ခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ယိုယွင်းပျက်စီးခြင်းတို့သည် အပြန်အလှန်ပေါင်းစပ် အားဖြည့်လျက် ပင်လယ်ပြင် ဖက်မှ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကြောင့် ထိခိုက်မှုကို ပိုမိုဆိုးဝါးစေပါသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်စဉ် အတောအတွင်းတွင် သေဆုံးသူများ၏ ၉၀%မှာ မုန်တိုင်းဒီရေလှိုင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် သေဆုံးရခြင်း ဖြစ်သည်။

## တောမီးလောင်ခြင်း

မြန်မာနိုင်ငံတွင် တောမီးလောင်ခြင်းမှာ သာမန်အားဖြင့် မြေမျက်နှာပြင်ပေါ်တွင်သာ လောင်ကျွမ်းပါသည်။ ဒီဇင်ဘာလမှ အစပြု၍ မေလအထိ ခြောက်သွေ့ရာသီအတွင်း တောမီး အများဆုံး လောင်ပါသည်။ တိုင်းနှင့်ပြည်နယ်အားလုံးတွင် နေရာကွက်ကြား ဖြစ်ပွားတတ် ပါသည်။ သို့ရာတွင် ပဲခူး၊ ချင်း၊ ကယား၊ ကချင်၊ မန္တလေး၊ ရခိုင်နှင့် ရှမ်းကုန်းမြေမြင့် ဒေသများတွင် ပိုမို၍ ဖြစ်ပွားတတ်ပါသည်။ တောမီးများကြောင့် မြူထူမှုပြဿနာဖြစ်ပွားလာပြီး အကျိုးဆက်အဖြစ် ရပ်ရွာများ ထိခိုက်ပါသည်။

# နောက်ဆက်တွဲ ၅

## အဓိပ္ပါယ်ဖော်ပြချက်များနှင့် အသုံးအနှုန်းများ

**Disaster** ဘေးအန္တရာယ်

လူ့အဖွဲ့အစည်း၏ ပုံမှန်လည်ပတ်ဆောင်ရွက်မှု ပြင်းထန်စွာ ပျက်ပြားပြီး လူသား၊ ရုပ်ဝတ္ထု၊ သဘာဝပတ်ဝန်းကျင် ဆုံးရှုံးမှုများ ကျယ်ပြန့်စွာ ဖြစ်ပွားခြင်းကို ဆိုပါသည်။ ထိခိုက်သော ရပ်ရွာများ၏ ကိုယ်ပိုင်အရင်းအမြစ်များကို အသုံးပြု၍ ဖြေရှင်း ဆောင်ရွက်နိုင်သည့် စွမ်းရည်ထက်ကျော်လွန်သော ဆုံးရှုံးခြင်းများ ဖြစ်စေသည်။ ဘေးရန်များ၏ ဆိုးကျိုး သက်ရောက်မှုများကို စီမံခန့်ခွဲမှု ကောင်းစွာ မပြုလုပ်နိုင်သောအခါတွင် ဘေးအန္တရာယ်များ ဖြစ်ပွားပါသည်။

**Hazard** ဘေးရန် (ကျရောက်နိုင်သောဘေးအန္တရာယ်)

အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ၊ လူများ၊ ပိုင်ဆိုင်ပစ္စည်း အိုးအိမ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပြတ်တောက်စေ ခြင်း၊ သို့မဟုတ် ထိခိုက်ခြင်းများ ဖြစ်စေနိုင်သည့် အလားအလာရှိသော မည်သည့် ဖြစ်စဉ်ဖြစ်ရပ်၊ ဒြပ်ပစ္စည်း သို့မဟုတ် အခြေအနေကိုမဆို ရည်ညွှန်းပါသည်။

**Capacities** စွမ်းဆောင်ရည်များ

လူအများပိုင်ဆိုင်ထားသော၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သော၊ နှိုးဆော်နိုင်သော၊ ရယူအသုံးပြုနိုင်သော အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ ဖြစ်ပါသည်။ ၎င်း အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများကြောင့် မိမိတို့၏ အနာဂတ်ကို ပုံဖော်ရန်နှင့် ဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရန် ပိုမို၍ ထိန်းချုပ်မှု ရှိလာပါသည်။

**Vulnerability** အန္တရာယ်ကျရောက်လွယ်မှု၊ခုခံနိုင်စွမ်းနည်းပါးမှု

ရပ်ရွာသည် ဘေးရန်ကြောင့် ထိခိုက်မှုအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ရင်ဆိုင်ဖြေရှင်းရန် စွမ်းဆောင်ရည် လျော့နည်း ကျဆင်းစေသော စီးပွားရေး၊ လူမှုရေး၊ ရုပ်ပိုင်း သို့မဟုတ် ပထဝီဝင်သဘောသဘာဝရှိသည့် အကြောင်းအချက် သို့မဟုတ် ကန့်သတ်ချက်များကို ဆိုလိုပါသည်။

**Risk** ထိခိုက်ဆုံးရှုံးနိုင်ခြေ

ဘေးရန်များသည် အန္တရာယ်ကျရောက်လွယ်သော နယ်ပယ်ဒေသများ၊ လူပုဂ္ဂိုလ်များ၊ ပိုင်ဆိုင်ပစ္စည်း အိုးအိမ်များ၊ သဘာဝ ပတ်ဝန်းကျင်တို့နှင့် အပြန်အလှန် ပေါင်းဆုံမိသောအခါ ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ခြေကို ဆိုလိုပါသည်။


**Risk Reduction Measures** ဘေးအန္တရာယ်လျော့ပါးစေရေးအစီအမံများ

ယင်းတို့မှာ ရပ်ရွာများက ၎င်းတို့ ရင်ဆိုင်နေရသော အန္တရာယ်များကို အကဲဖြတ်၍ ဆန်းစစ်လေ့လာပြီးနောက် ဖော်ထုတ်ရရှိသော လုပ်ငန်းများ၊ စီမံချက်များ၊ လုပ်ငန်းအစီအစဉ်များ အသီးသီးကို ဆိုလိုပါသည်။ ယင်းအစီအမံများမှာ ရပ်ရွာအတွင်းတွင် ဖြစ်ပွားသော လက်ရှိနှင့် အနာဂတ် အန္တရာယ်များကို လျော့ပါးစေရန် သီးခြား ရည်ရွယ်ပါသည်။

**Community** ရပ်ရွာ ဟူသော ဝေါဟာရမှာ အဓိပ္ပါယ်သက်ရောက်မှုအားဖြင့် ကျယ်ပြန့်ပြီး အောက်ပါတို့ ပါဝင်ပါသည်။

ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု (CBDRM) ဆောင်ရွက်ရာတွင် ရပ်ရွာကို အကြောင်းအချက် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုမို၍ တူညီမှုရှိသောအုပ်စုတစ်စုအဖြစ် ယူဆနိုင်ပါသည်။ဥပမာ- ပတ်ဝန်းကျင်တစ်ခုတည်းတွင် နေထိုင်သူ၊ ဘေးအန္တရာယ်ထိတွေ့မှု သို့မဟုတ် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုတူညီသူ စသည်ဖြင့် ယူဆနိုင်ပါသည်။

ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ တူညီသော ပြဿနာများ၊ စိုးရိမ်ပူပန်မှုများနှင့် မျှော်လင့်ချက်များ ရှိသူများလည်းဖြစ်နိုင်ပါသည်။ သို့ရာတွင် ရပ်ရွာတွင်နေထိုင်သူများမှာ မတူညီသော အန္တရာယ် ကျရောက်လွယ်မှုများနှင့် စွမ်းဆောင်နိုင်မှုများ ရှိပါသည်။ ဥပမာ-အမျိုးသားများနှင့် အမျိုးသမီး များဖြစ်ပါသည်။ အချို့မှာ ပိုမို၍ အန္တရာယ်ကျရောက်လွယ်ပြီး အချို့မှာ ပိုမို၍ စွမ်းဆောင်ရည် ရှိပါမည်။



CBDRM ဆောင်ရွက်ရာတွင် ရပ်ရွာကိုပတ်ဝန်းကျင်တစ်ခုတည်း တွင် နေထိုင်ပြီး ဘေးအန္တရာယ် ထိတွေ့မှုအလားတူသူ စသည်ဖြင့် အကြောင်းအချက် တစ်ခု သို့ မဟုတ်တစ်ခုထက်ပို၍တူညီသော အုပ်စုဟု ယူဆနိုင်ပါသည်။

**Project** စီမံချက်

ကြိုတင်၍ သတ်မှတ်ထားသော ဦးတည်ချက် သို့မဟုတ် ရည်ရွယ်ချက်နှင့် အလိုရှိသော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (သက်ရောက်မှု/ထိရောက်မှု) အောင်မြင်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ရန်နှင့် ထွက်ပေါ်ရလဒ် သို့မဟုတ် ရလဒ်များ ဖော်ထုတ်ရန် သတ်မှတ်

ထားသော အချိန်ကာလ အတောအတွင်းတွင် သွင်းအားစု (ငွေသား၊ လုပ်အား၊ နည်းပညာ၊ နည်းလမ်းများ)ဖြည့်ဆည်းပေးသည့်စုစည်းဆောင်ရွက်သော လူမှုရေးလုပ်ငန်းစဉ်ကို ဆိုလိုသည်။

**Project Planning** စီမံချက်အစီအစဉ်ရေးဆွဲခြင်း

စီမံချက်ကို အချိန်မီ အကောင်အထည်ဖော်ခြင်းနှင့် အရင်းအမြစ်များကို တွင်ကျယ်စွာ အသုံးပြုခြင်းအားဖြင့် စီမံချက် ဦးတည်ချက်များ အောင်မြင်စေရန် လုပ်ငန်းတာဝန်များကို ရှေ့နောက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံချက် အစီအစဉ် ရေးဆွဲရာတွင် ဆောင်ရွက်မည့် လုပ်ငန်းများ၊ အောင်မြင်မှု စံနှုန်းများကို သတ်မှတ်ခြင်း၊ တာဝန်ခွဲဝေပေးအပ်ခြင်း၊ လုပ်ငန်းများအပေါ် အခြေခံ၍ အချိန်ဇယားရေးဆွဲခြင်းနှင့် အရင်းအမြစ် ခွဲဝေသတ်မှတ်ပေးခြင်း၊ အချိန်ကာလ သတ်မှတ်ပေးခြင်းများ ပါဝင်ပါသည်။

**PRA/PLA** ပါဝင်ဆောင်ရွက်သောကျေးလက်အကဲဖြတ်ချက်/ပါဝင်ဆောင်ရွက်သောသင်ယူမှုနှင့်လုပ်ဆောင်မှု

ပါဝင်ဆောင်ရွက်သောကျေးလက်အကဲဖြတ်ချက်(PRA) ဆိုသည်မှာ လူအများအား ၎င်းတို့ကိုယ်တိုင် အကဲဖြတ်ချက်၊ ဆန်းစစ်လေ့လာချက်နှင့် အစီအစဉ်ရေးဆွဲမှုများ ပြုလုပ်နိုင်စေရန်၊ ၎င်းတို့ကိုယ်တိုင်လုပ်ငန်းများ လုပ်ဆောင်နိုင်စေရန်နှင့် အခြေပြုပုံ၊ မြေပုံကဲ့သို့သော ၎င်းတို့ကိုယ်ပိုင်ဇယားများ၊ ပုံများရေးဆွဲနိုင်စေရန် ချဉ်းကပ်ပုံများ၊ အပြုအမူများနှင့် နည်းလမ်းများကို ဆိုလိုပါသည်။ ယင်းလုပ်ငန်းများကို ပါဝင်ဆောင်ရွက်သော သင်ယူမှုနှင့်လုပ်ဆောင်မှု (PLA) ဟု ဖော်ပြကြသူများလည်းရှိပါသည်။ (Chambers, Whose Reality Counts: Putting the First Last, 2002, p.7)

**Participatory Disaster Risk Assessment (PDRA)** ပါဝင်ဆောင်ရွက်သောဘေးအန္တရာယ်အကဲဖြတ်ချက်

**PDRA** ဆိုသည်မှာ သက်ဆိုင်သူများအားလုံးက မိမိတို့၏ ဘဝနေထိုင်မှုကို ထိခိုက်မည့် ဘေးအန္တရာယ်များကိုလျော့နည်းကျဆင်းစေရန်နှင့်/သို့မဟုတ်ပပျောက်စေရန်အတွက်သင့်တင့်လျောက်ပတ်သော အစီအစဉ်များရေးဆွဲပြီး ခိုင်မာသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာဘေးအန္တရာယ်သတင်းအချက်အလက်များစုဆောင်း၍ ဆန်းစစ်လေ့လာသောလုပ်ငန်းစဉ်ဖြစ်ပါသည်။ယင်းလုပ်ငန်းစဉ်မှာအန္တရာယ်ကျရောက်နေသူများ၊အာဏာပိုင်များနှင့်အခြားသက်ဆိုင်သူများ ပါဝင်ပတ်သက်သည့်ဆွေးနွေးမှုနှင့်ညှိနှိုင်းမှုလုပ်ငန်းစဉ် ဖြစ်ပါသည်။

**Monitoring** စောင့်ကြည့်စစ်ဆေးခြင်း

အကျိုးစီးပွားပါဝင်ပတ်သက်သူများက လုပ်ငန်းတစ်ရပ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ် သို့မဟုတ် အချိန်ကာလသတ်မှတ်၍ ပုံမှန် ပြန်လည်သုံးသပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဖြစ်ပါသည်။ သွင်းအားစုများ ဖြည့်ဆည်းပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု

အချိန်ဇယားများအတိုင်းဆောင်ရွက်ခြင်း၊ဦးတည်ရည်ရွယ်သည့် ထွက်ပေါ်ရလဒ်များ အစီအစဉ်အတိုင်း ရရှိစေရန် ဖြစ်ပါသည်။

**Evaluation** အကဲဖြတ်သုံးသပ်ခြင်း

စီမံချက်၏ ဦးတည်ချက်များ မည်သည့်အတိုင်းအတာအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်းသိရှိရန်အလို့ငှာ စီမံချက်၏ ရလဒ်များနှင့် သက်ရောက်မှုတို့ကို အကဲဖြတ်ခြင်းဖြစ်ပါသည်။ စီမံချက်ကို ထက်ဝက်မျှ ဆောင်ရွက်ပြီးစီးချိန်တွင် ကာလလယ် အကဲဖြတ်သုံးသပ်ချက် ပြုလုပ်ပြီး လိုအပ်ပါက ညှိနှိုင်းမှုများ၊ အပြောင်းအလဲများ ပြုလုပ်ပါသည်။ စီမံချက်ပြီးဆုံးချိန် အကဲဖြတ်သုံးသပ်ချက်ကို စီမံချက်၏ အထွေထွေ ရည်ရွယ်ချက်အောင်မြင်မှု ရှိမရှိဆုံးဖြတ်ရန် လုပ်ဆောင်ပါသည်။

**Disaster Risk Management** ဘေးအန္တရာယ်စီမံခန့်ခွဲမှု

အန္တရာယ်များကိုဖော်ထုတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ သုံးသပ်ခြင်းများပြုလုပ်ရန်အတွက် စီမံခန့်ခွဲမှုမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်နည်းလုပ်ဟန်များကို စနစ်တကျ အသုံးချခြင်းဖြစ်ပါသည်။ ဘေးရန်များ၊ အန္တရာယ်ကျရောက်လွယ်မှု၊ လူအများနှင့် အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်တို့ အပါအဝင်ယင်းအန္တရာယ်များကိုစစ်ဆေးကြည့်ရှုခြင်းအပေါ်အခြေခံ၍ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်ပါသည်။ (ADPC, DMC-30, 2003)

**Community-Based Disaster Risk Management (CBDRM)** ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲခြင်း

အန္တရာယ်ကျရောက်နေသော ရပ်ရွာများသည် ၎င်းတို့၏ အန္တရာယ်ကျရောက်နေမှုကို လျော့နည်းကျဆင်းစေမည့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်အလို့ငှာ ဘေးအန္တရာယ် များကို ဖော်ထုတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ဖြစ်ပါသည်။ဆိုလိုသည်မှာဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့၌ လူအများမှာ အချက်အချာနေရာတွင် ရှိသည်ဟုဆိုလိုပါသည်။ အန္တရာယ်ကျရောက် အလွယ်ဆုံး ပါဝင်ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ အန္တရာယ်ကျရောက်လွယ်မှု အနည်းဆုံး သူများကို ပံ့ပိုးမှုပေးရန်လည်း လိုအပ်ပါသည်။ CBDRM ဆောင်ရွက်ရာတွင် နယ်မြေခံနှင့် အမျိုးသားအဆင့် အစိုးရများ ပါဝင်ဆောင်ရွက်ပြီး ပံ့ပိုးမှုပေးရပါသည်။ (ADPC-CBDRM-11, 2003)

## List of the participants of the Wider Consultation Workshop on CBDRM Manuals' held on 21st October 2009 at Yangon

| Sr. No. | Name | Organisation | E-mail |
|---|---|---|---|
| 1 | Thang Boi | Metta Dev. Foundation | kaputhang@gmail.com |
| 2 | K.G. Mathaikutty | LWF | mathewlwsi@gmail.com |
| 3 | Toshihiro Tanaka | UNDP | toshihiro.tanaka@undp.org |
| 4 | Dr. Yinn Mar Myo Aung | Tdh-It | helath@tdhitaly.org.mm |
| 5 | Srinivas Popuri | UN-HABITAT | spopuri@gmail.com |
| 6 | Nadve Wakeed | UN-HABITAT | |
| 7 | Soe Win | UN-HABITAT | soe.engin@gmail.com |
| 8 | Zaw Linn Oo | Archenova | arche.myanmar@gmail.com |
| 9 | Naomi Anatol | French Red Cross | drr.myanmar.frc.02@gmail.com |
| 10 | Suriya Aslim | ASEAN HTF | suriya.aslim@gmail.com |
| 11 | Myint Myint San | UNESCO | mm.san@unesco@org |
| 12 | Tom McNelly | ACF | drr.acf.mya@gmail.com |
| 13 | Anggiet Ariefianto | ASEAN HTF | anggiet.aseanhtf@gmail.com |
| 14 | Euima Deaonder | CARE | euima@care.org.mm |
| 15 | MMK | UNDP | |
| 16 | Alex | UNDP | |
| 17 | Dillip Kumar Bhanja | UNDP | dillip.bhanja@undp.org |
| 18 | Aung Kyi | UNDP | |
| 19 | Soe Soe Tun | UNDP | Soesoetun6@gmail.com |
| 20 | Lat Lat Aye | ADPC | latlat.adpc@gmail.com |
| 21 | Maung Maung Khin | MRCS | dm1@mrcs.mpt.mm |
| 22 | Sital Kumar | Action Aid | sitalku@gmail.com |
| 23 | Aye Kyaing | UNDP | aye.kyaing.mya001@undp.org |
| 24 | Stenly Sajow | UNFPA | ssajow@unfpa.org |
| 25 | Sudhir Kumar | ADPC | sudhir@adpc.net |
| 26 | Than Than Myint | ADPC | thanthan.adpc@gmail.com |
| 27 | Maung Khank | ADPC | khank184@gmail.com |

## ကိုးကားစာအုပ်စာတမ်းများ


၁။ Partnerships for Disaster Reduction South East Asia (PDRSEA), *Community Based Disaster Risk Management, Field Practitioners' Handbook.*

၂။ ActionAid, ADPC, Mingalar Myanmar, MRCS, Save the Children, UNDP, Proceeding of Community Based Disaster Risk Management Institutionalisastion.

၃။ UNDP, Technical Workshop on Community-based Disaster Risk Management (CBDRM).

၄။ ADPC, Community-Based Disaster Risk Management for Local Authorities, Participant's Workbook.

၅။ ADPC, Community-Based Disaster Risk Management, Critical Guidelines.

၆။ လူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်း (ဦးဆောင်ဆွေးနွေးသူများ)၊ လက်စွဲစာအုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန)

၇။ Manual for Community based Flood Management, Bangladesh, Asia Pacific Journal on Environment and Development.

၈။ UNDP, India, Good Practices in Community based Disaster Risk Management.

၉။ ActionAid, Reducing Disaster Risks: Community based Analysis, Planning and Action.

၁၀။ ActionAid, a Community Led Emergency Response.

၁၁။ Save the Children, Myanmar, Helping your children to become a normal stage/condition.

၁၂။ World Vision, Myanmar, Disaster Risk Reduction Program, Community-Based Disaster Risk Reduction

မြန်မာ့ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု လက်စွဲစာအုပ်

EUROPEAN COMMISSION
Humanitarian Aid

DFID Department for International Development

adpc

UNDP
Myanmar